
www.burmeseclassic.com




BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

ကန်လေးရိုးက

# မွှားလောက်ကြီး

## ဝိညာဉ်မျက်လုံးနှင့် မာယာမိန်းမပျို



www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၅၁၂၁၀၀၉
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၂၃၃၀၂၁၀
၂၀၁၀ ခုနှစ်၊ မတ်လ - ပထမအကြိမ်
အုပ်ရေ (၅၀၀)၊ တန်ဖိုး (၁၀၀၀/-) ကျပ်

◈ ထုတ်ဝေသူ
ဦးသစ်လွင်၊ ဂန္ဓော်မြိုင်စာပေ၊ (မြဲ-၀၉၄၈)၊ အမှတ်-၁၁၃၊
ရွှေပြည်သာလမ်း၊ ၆-ရပ်ကွက်၊ သာကေတမြို့နယ်။

◈ မျက်နှာဖုံးပုံနှိပ်
ဦးကျော်စိန် (၀၂၉၀၉)၊ ကျောက်စိမ်းပုံနှိပ်တိုက်၊
အမှတ် (၁၇၁)၊ ၃၃-လမ်း၊ ကျောက်တံတားမြို့နယ်။

◈ အတွင်းပုံနှိပ်
ဦးကျင်ရင် (၀၅၄၁၇)၊ ရွှေခြသေ့ပုံနှိပ်တိုက်၊ အမှတ်(၁၂)၊
သရဖီလမ်း၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ အလုံမြို့နယ်။

◈ ပြည်လုံးကျွတ်ဖြန့်ချိရေး

◈ ရဲရင့်အောင်စာပေ
အမှတ်(၄၉)၊ မုန်ရဝေလမ်း၊ ဆရာစံမြောက်
အရှေ့ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

၈၉၅ . ၈၃
ကန်လေးရိုးကမ္ဘာလောက်ကြီး
ဝိညာဉ်မျက်လုံးနှင့် မာယာမိန်းမပျို/ကန်လေးရိုးကမ္ဘာလောက်ကြီး။
– ရန်ကုန်၊
ဂန္ဓော်မြိုင်စာပေ ၊ ၂၀၀၉ ။
၁၃၄ – စာ ၊ ၁၃၀ X ၂၀၇ စင်တီ။
(၁) ဝိညာဉ်မျက်လုံးနှင့် မာယာမိန်းမပျို

BURMESE CLASSIC .com

## ပါဝင်သောအခန်းများ

| | | |
|---|---|---|
| အခန်း | ၁။ | အလေ်ာင်းတင်လှည်း |
| အခန်း | ၂။ | ရေခဲတိုက်သို့သွားရာလမ်း |
| အခန်း | ၃။ | သေသူကျန်ခဲ့တဲ့ မျက်လုံး |
| အခန်း | ၄။ | အတိတ်က ပန်းချီကား |
| အခန်း | ၅။ | အမြဲတွေ့ချင်နေသူ |
| အခန်း | ၆။ | ရင်ပွင့်နေတဲ့အလောင်း |
| အခန်း | ၇။ | ကသစ်ပင်မှာနေပါ |
| အခန်း | ၈။ | တစ္ဆေနေတဲ့အခန်း |
| အခန်း | ၉။ | မျက်လုံးမရှိတော့သည့် ဓာတ်ပုံ |
| အခန်း | ၁၀။ | မျက်လုံးများနှင့်အခန်း |
| အခန်း | ၁၁။ | ဝိညာဉ်တူတဲ့သူ |
| အခန်း | ၁၂။ | မသာဇရပ် |
| အခန်း | ၁၃။ | သုဘရာဇာသမီး |

ရဲရင့်အောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com


အခန်း ၃၄။ တစ္ဆေမကြောက်တဲ့သူ

အခန်း ၃၅။ ဘွဲ့ရတဲ့သချိုင်းစောင့်

အခန်း ၃၆။ အပြန်ခရီး

အခန်း ၃၇။ တစ္ဆေအပြုံး

အခန်း ၃၈။ အစားတိုးမယ့်ဝိညာဉ်

အခန်း ၃၉။ တစ္ဆေပျိုရဲ့ဒေါသ

နိဂုံး




BURMESE CLASSIC .com

## အလောင်းတင်လှည်း

### အခန်း ( ၁ )

သူတစ်နေ့လုံး ကားမောင်းခဲ့ရ၍ စိတ်ကသိပ်မကြည်လင်ဘဲ တစ်ကိုယ်လုံးလည်း ပင်ပန်းနွမ်းနယ်နေ၏။ ရန်ကုန်ကို ကားဝင်တော့လည်း ညဆယ်နာရီပင်ကျော်နေပြီ။

ကားကို ဆေးရုံသို့တန်းမောင်းလာပြီး ကားပါကင်တွင်ရပ်ကာ ဆေးရုံထဲသို့ ဝင်လာခဲ့သည်။

ဒီဆေးရုံသို့ ယခင်ကလည်း တစ်ခါမှမရောက်ဘူး၍ သူသွားချင်သည့်အဆောင်ကို ဘယ်လိုသွားရမှန်းမသိ။ ညဉ့်လည်းနက်နေပြီမို့ စင်္ကြံလမ်းက လူရှင်းနေသလို မီးရောင်က မှိန်ဖျော့ဖျော့သာရှိနေ၏။

စင်္ကြံလမ်းဆုံးသွားသောအခါ ဘယ်ညာခွဲထားသည့် လမ်းနှစ်လမ်းကိုတွေ့ရသဖြင့် ဘယ်လမ်းကိုဆက်သွားရမှန်းမသိ ဖြစ်နေရာ —

"ဒုန်း ... ဒုန်း ... ဒုန်း ... "

"ဟင်"

အသံလာရာသို့ကြည့်လိုက်ရာ ဆေးရုံဝန်ထမ်းနှစ်ဦးက ပက်လက်



www.burmeseclassic.com

www.burmeseclassic.com



တွန်းလှည်းပေါ်တွင် အလောင်းကိုပိတ်ဖြူဖြင့်အုပ်ထားပြီး သူ့လျှောက်လာရာ မျက်နှာချင်းဆိုင်သို့ တွန်းလာသည်ကိုတွေ့ရ၏။

တွန်းလှည်းက တဖြည်းဖြည်း သူ့အနားသို့ရောက်လာသောအခါ သူ့စိတ်ထဲက သိချင်စိတ်ဖြစ်လာ၍ ...

"အစ်ကို ... ဒီအလောင်းက ဘယ်ကယူလာတာလဲ"

ဝန်ထမ်းက လှည်းကိုရပ်လိုက်ပြီး သူ့ကိုစူးစမ်းတဲ့အကြည့်နှင့် ကြည့်ကာ ...

"ခွဲစိတ်ခန်းက ယူလာတာ မျက်လုံးအလှူရှင်ပေါ့ဗျာ"

"ဗျာ"

"ဒီလိုပါဗျာ ... သေသူရဲ့ဆန္ဒအရ သူ့ခန္ဓာကိုယ်အစိတ်အပိုင်းဖြစ်တဲ့ မျက်လုံးကို သူသေရင် လှူမယ်လို့ပြောခဲ့လို့ မျက်လုံးကိုအလှူခံထားတာပါ"

"ဒါဆို ... ဒီအလောင်းမှာ မျက်လုံးမရှိဘူးပေါ့"

"ဟုတ်ကဲ့"

သူကြောက်ရွံ့သွားကာ နောက်သို့ခြေတစ်လှမ်းဆုတ်လိုက်၏။ စိတ်ထဲကလည်း မျက်စိထုတ်ထားသည့်အလောင်း ဘယ်လိုရှိမလဲဆိုတာ သိချင်သဖြင့် ...

"ဟို ... ဟိုလေ ... ကျွန်တော်ကြည့်လို့ရမလား"

"ခင်ဗျားကြည့်ရဲလို့လား၊ အလောင်းကအမျိုးသမီးအလောင်း၊ နော် ... အသက်နှစ်ဆယ်လောက်ပဲရှိသေးတယ်"

"ကြည့် ... ကြည့်ရဲပါတယ်"

အတွေ့အကြုံလည်းရအောင် မြင်ဖူးတယ်လည်းရှိအောင် ကြည့်မည်ဟု ဆုံးဖြတ်ပြီးပြောလိုက်ခြင်းဖြစ်၏။

ဝန်ထမ်းက အလောင်းမျက်နှာကိုအုပ်ထားသည့် အဝတ်ဖြူစ





ကိုလှန်ပြလိုက်သည်။

"ကြည့်ဗျာ ... "

"ဟာ ... ဘယ်လိုကြီးလဲ"

သွေးမရှိတော့၍ ဖြူဖွေးနေသည့် မျက်နှာပေါ်တွင် မျက်လုံးမရှိ၍ ချိုင့်ဝင်နေသော အပေါက်ကြီးနှစ်ပေါက်မှာ လွန်စွာကြောက်မက်ဖွယ်ကောင်းနေပြီး နားထင်တွင် ဆံပင်တို့မှာ ဖားလျားကျလျက်ရှိနေ၏။

"ဘယ်လိုလဲ ... ချောရဲ့လား"

ဝန်ထမ်းက သူ့ကိုနောက်လိုက်ရာ ...

"နေ ... နေပါစေတော့ ... ပြန်ပိတ်လိုက်ပါဗျာ"

ဘယ်သူမှန်းမသိအောင် ထိတ်လန့်ဖွယ်ကောင်းလွန်းလှသည့် မျက်နှာကြီးကို မကြည့်ရဲတော့။

"ဒီကောင်မလေးက ကားတိုက်ခံရပြီးသေတာ"

"အစိမ်းသေပေါ့"

"ဟုတ်တယ်လေ ... အစိမ်းသေလည်းသေတာပဲ ဒီအတိုင်းသေလည်းသေတာပဲ ... သွားမယ်"

"ဒုန်း ... ဒုန်း ... ဒုန်း ... "

ဝန်ထမ်းက အလောင်း၏မျက်နှာကို အဝတ်ဖြင့်ပြန်အုပ်ကာ လှည်းကိုတွန်းပြီး ထွက်သွားတော့သည်။

သူလည်း စမ်းတဝါးဝါးနှင့်စင်္ကြံလမ်းအတိုင်း ဆက်လျှောက်လာသည်။

အဆောင်တစ်ခုမှ ထွက်လာသည့်နပ်(စ်)မတစ်ယောက်ကိုတွေ့၍ ...

"ဆရာမ ... ကားအက်ဆီးဒင့်ဖြစ်တဲ့လူနာ ဘယ်နားမှာထားလဲ"



www.burmeseclassic.com

www.burmeseclassic.com



နပ်(စ်)မက သူ့ကိုအကဲခပ်သလိုကြည့်ပြီး ...

"ညနေက ကားအက်ဆီးဒင့်ဖြစ်တဲ့ လူနာကိုပြောတာလား"

"ဟုတ်ပါတယ်"

"တစ်ယောက်က သေသွားပါပြီ၊ ကျန်တဲ့တစ်ယောက်က အခြေအနေကောင်းတယ် အရေးပေါ်အထူးခန်းမှာပါ"

"အထူးခန်းက ဘယ်နားမှာလဲ"

"ကျွန်မ အဲဒီကပြန်လာတာ ဒီအဆောင်အဆုံးကိုသွား ဘယ်ဘက်ထောင့်ချိုးအခန်းပဲ"

"ဟုတ် ... ဟုတ်ကဲ့"

သူအလွန်စိုးရိမ်သွားကာ အရေးပေါ်အထူးခန်းသို့သွက်လက်သောခြေလှမ်းများဖြင့် လှမ်းလာခဲ့သည်။

လမ်းမှာတွေ့ခဲ့သော တွန်းလှည်းပေါ်က အလောင်းဟာ သက်ထား၏အလောင်းများဖြစ်နေမလားဟူသော အတွေးက သူ့ရင်ကို အပူမီးတောက်လာတော့သည်။

ဖ•ဖ



ရေခဲတိုက်သို့ သွားရာလမ်း

အခန်း (၂)

"အန်တီ ... သက်ထား အခြေအနေဘယ်လိုလဲ"

အထူးခန်းတံခါးဝအားက ထိုင်ခုံတွင်ထိုင်ကာငိုနေသော မေသက်ထား၏အမေ အန်တီဒေါ်မြကြည်ကိုမေးလိုက်သည်။

"မောင်ဖုန်းထက် ... သမီးလေးသက်ထားဆုံးသွားပြီ"

"ဗျာ ... "

အံ့သြတုန်လှုပ်စွာနှင့်သူပြောလိုက်ရာ အန်တီဒေါ်မြကြည်က ဝမ်းနည်းစွာငိုရင်း ...

"ကွန်ပျူတာသင်တန်းကနေ၊ နဒီနဲ့ပြန်လာရင်း လမ်းမှာ လိုင်းကားနဲ့တိုက်မိတာလေ"

"သက်ထား မောင်းလာတာလား"

"မဟုတ်ဘူး မောင်ဖုန်းထက် ... နဒီမောင်းလာတာ"

"အခုသက်ထားအလောင်းရော ဘယ်မှာလဲ အန်တီ"

"ခုနကပဲ ခွဲစိတ်ခန်းကထုတ်ပြီး ရေခဲတိုက်ကိုယူသွားကြပြီ"



www.burmeseclassic.com

www.burmeseclassic.com



ပြောကာ ငိုနေတော့သည်။ သူလည်းဆောက်တည်ရာမရ နံရံကို လက်နဲ့ထုပြီး အံကိုတင်းတင်းကြိတ်ထားရင်းမှ မျက်လုံးထဲက မျက်ရည်ပူတို့ လိမ့်ဆင်းလာသည်။

သူလမ်းမှာတွေ့တဲ့အလောင်းဟာ သူချစ်သူသက်ထားအလောင်း ဖြစ်နေတာကို သူမမှတ်မိခဲ့ ... ကြောက်ရွံ့ထိတ်လန့်မှုများနှင့် မျက်လုံး မရှိတဲ့အလောင်းဟုသာထင်ခဲ့၏။

အခုတော့ ...

"ကျွန်တော် ... ရန်ကုန်ဝင်တော့ ဖုန်းလှမ်းဆက်တာ အန်တီ တို့အိမ်က အိမ်ဖော်မလေးက သက်ထားဆေးရုံရောက်နေလို့ ဘယ်သူမှ မရှိဘူးဆိုတာနဲ့ ဆေးရုံလိုက်လာတာ အခုတော့ဗျာ ..."

"ဆေးရုံရောက်ရောက်ချင်းဆုံးတာ သက်ထားက မသေခင်တည်း က သူမျက်လုံးကို ဆေးရုံလှူခဲ့လို့ အခုမှအလောင်းကို အအေးတိုက်ပို့ လိုက်ရတာ ... သမီးလေးရယ် ..."

ငိုလည်းငို ပြောလည်းပြောနေတဲ့ အန်တီဒေါ်ဖြူကြည်ကို သက်ထားဖခင် ဦးမင်းသန့်က ချော့မော့နေ၏။ သူကိုယ်တိုင်လည်း ယူကြုံး မရဖြစ်နေရှာသည်။

"နဒီအခြေအနေက ဘယ်လိုလဲ အန်တီ"

"အထူးခန်းထဲမှာပဲ ခုနက ဆရာမပြောတော့ အခြေအနေ ကောင်းတယ်တဲ့ မျက်လုံးပဲ ..."

"ဘာမျက်လုံးလဲ အန်တီ"

"ကားမှန်စတွေစိုက်လို့ မျက်ကြည်လွှာပေါက်သွားတယ်တဲ့ မျက် ကြည်လွှာအစားထိုးရမယ်ပြောတယ်"

"ဟင်"

သူ့စိတ်ထဲ ထိတ်ခနဲဖြစ်သွား၏။ သက်ထားနှင့် နဒီက ညီအစ်မ





အရင်းတွေ၊ ခု သက်ထားအသက်ဆုံးရှုံးသွားလို့ လှူတဲ့မျက်လုံးနဲ့ နဒီကို အစားထိုးမှာလားဟုလည်း တွေးမိသည်။

သူနှင့်သက်ထားက ငယ်စဉ်တည်းက ကျောင်းနေဘက်ဖြစ်သလို နဒီက သူတို့ထက်ငါးနှစ်ခန့်ငယ်သည်။

မိဘများကလည်း စီးပွားရေးကောင်းသဖြင့် ကိုယ်ပိုင်လုပ်ငန်း၊ တိုက်၊ ကားတို့ဖြင့် ပြည့်စုံကြွယ်ဝစွာနေနိုင်သူများလည်းဖြစ်၏။ နဒီက သူ့အစ်မသက်ထားကိုချစ်သလောက် သူ့ကိုအရမ်းမုန်းကာ ငယ်စဉ်ကတည်း က တည့်သည်ဟူ၍မရှိ။ အရွယ်ရောက်လာ၍ သူနှင့်သက်ထားချစ်သူ ရည်းစားများဖြစ်သွားကြသလို မိဘချင်းကလည်း သဘောတူလက်ခံခဲ့ကြ ၏။

သူတို့ပိုင် ရှမ်းပြည်ဘက်မှ ခြံလုပ်ငန်းများကို သွားရောက်ကြည့် ပြီးပြန်ရောက်ရောက်ချင်း သက်ထားနှင့်နဒီ ကားအက်ဆီးဒင့်ဖြစ်သည်ဟု ဖုန်းဝင်လာသဖြင့် ဆေးရုံသို့ရောက်လာခြင်းဖြစ်သည်။

"ကျွန်တော် ဘာလုပ်ရမလဲ အန်တီ ... သက်ထား အခုလို အဖြစ်ဆိုးနဲ့ကြုံရလိမ့်မယ်လို့ ဘယ်လိုမှထင်မထားမိဘူး"

"စိတ်ထိန်းပါ ဖုန်းထက်ရယ်၊ မေသက်ထားအတွက် ကောင်းမှု ကုသိုလ်လုပ်ပေးကြတာပေါ့"

ဘယ်အချိန်တည်းက သူ့ဘေးနားရောက်လာမှန်းမသိသည့် အောင်သစ်က သူ့ပခုံးကိုဖက်ပြီးအားပေးသည်။

"အောင်သစ် ... သက်ထားမရှိတော့ဘူးကွာ"

"အေးပါ ဖုန်းထက်ရယ်၊ ငါတို့သူငယ်ချင်း ကောင်းရာဘုံဘဝ ရောက်ဖို့ တို့ဝိုင်းဆုတောင်းကြတာပေါ့"

သူ ထိုင်ခုံမှာဝင်ထိုင်ရင်း မျက်နှာကိုလက်ဖဝါးနှင့်အုပ်ကာ မျက် လုံးထဲက မျက်ရည်များကို ပိတ်ဆို့ထားလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



မေသက်ထား၏ အဖေနှင့်အမေက သူတို့သမီးဆုံးရှုံးရ၍ ဝမ်းနည်းနေသည့်ကြားမှ သူ့ကိုကြည့်ကာ စိတ်မကောင်းပိုဖြစ်ကြသည်။ အောင်သစ်က ...

"အန်တီ ... နဒီ အော်ပရေးရှင်းက ဘယ်အချိန်ပြီးမှာလဲ"

"ကြာမယ်ပြောတာပဲ သားတို့ပြန်ချင်ပြန်လေ ညဉ့်လည်း သိပ်ညဉ့်နက်နေပြီ"

"ရပါတယ် အန်တီ"

"ရပါတယ်မလုပ်နဲ့မောင်အောင်သစ် မောင်ဖုန်းထက်က ခရီးအဝေးကြီးကပြန်လာတာ ပင်ပန်းရောပေါ့။ မနက်ကျရင် နာရေးအတွက် အိမ်ကိုလာကူကြဦး"

"ဟုတ်ကဲ့ အန်ကယ်"

အန်ကယ် ဦးမင်းသန့်ဝင်ပြောမှ အောင်သစ်နှင့်သူ ဆေးရုံမှ ထွက်လာကြသည်။

"အောင်သစ် ... ငါ သက်ထားကိုသွားကြည့်ချင်တယ်ကွာ"

"ဟာ ... မလုပ်နဲ့ ဖုန်းထက် ရေခဲတိုက်ဆိုတာ အလောင်းတွေထားတာ ငါမလိုက်ရဲဘူး"

"လာပါကွာ အလောင်းတွေက ကြောက်စရာမှမဟုတ်တာ"

အောင်သစ်က ရေခဲတိုက်သွားဖို့ကို အပြင်းအထန်ကန့်ကွက်နေလေရာ သူမနည်းချော့မော့နေရ၏။

မတတ်သာသည့်အဆုံး သူ့ခံစားချက်ကို နားလည်စွာနှင့်လိုက်ခဲ့ရှာသည်။

ရေခဲတိုက်မှာ ဆေးရုံအနောက်ဘက်တွင်ရှိ၍ စင်္ကြံအတိုင်းလျှောက်လာရင်း သူဆေးရုံသို့လာစဉ်က အလောင်းတွန်းသွားသည့်လမ်းအတိုင်းမှန်းဆကာ လာခဲ့ကြသည်။ အဆောင်စင်္ကြံလမ်းတစ်နေရာတွင်





တံမြက်စည်းလှဲနေသောအဖွားအိုတစ်ဦးကို တွေ့ရသည်။ အဖွားအိုက သူတို့ကိုမမြင်ကျောခိုင်းရက် စင်္ကြံလမ်းမှ အမှိုက်တချို့ကို လှဲနေခြင်းဖြစ်သည်။ ဖုန်းထက်က ...

"အဖွား ... ရေခဲတိုက်ကို ဘယ်လိုသွားရလဲ"

မေးလိုက်ရာ အဖွားအိုက ဘာမှပြန်မပြော သူ့အလုပ်ကို သူဆက်လုပ်နေ၏။ အောင်သစ်နှင့်သူ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး အောင်သစ်က ထပ်မေးဟု အဓိပ္ပာယ်ဖြင့် မေးဆတ်ပြသည်။

"အဖွား ... ရေခဲတိုက်ကို သွားချင်လို့ ... "

"ဘာလုပ်မလို့လဲ"

သူတို့ကို လှည့်မကြည့်ဘဲ ပြန်မေး၏။

"ကျွန်တော့်ချစ်သူရဲ့အလောင်းကို သွားကြည့်ချင်လို့ ဘယ်လိုသွားရမလဲဆိုတာ ထဆိတ်လောက် ... "

"ရေခဲတိုက်သွားတာ မသာတွေပဲသွားကြတာ နင်တို့က မသာတွေလား"

"မ ... မဟုတ်ပါဘူး ... လူတွေပါ"

"လူတွေဆိုသွားမနေနဲ့ ဒီအချိန်သွားရင် မသာဖြစ်သွားမယ်"

ပြောကာ ထောင့်ချိုးလမ်းအမှောင်ထဲသို့ ကျောခိုင်းလျက်ထွက်သွားတော့သည်။ သူလည်းဆက်သွားသင့် မသွားသင့်တွေဝေနေခိုက်–

"လာပါ ... ဖုန်းထက်ရယ် ... မနက်မှလာကြည့်ရအောင် ဟိုအဖွားကြီးပြောသွားတာ ကြားတယ်မလား"

ထိုစဉ် ...

သူတို့နောက်မှ နပ်(စ်)မတစ်ယောက်လျှောက်လာတာကို တွေ့ရသဖြင့်

"ဆရာမ ရေခဲတိုက်ကို ဘယ်လိုသွားရမလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာသွားလုပ်မှာလဲ ... ဟိုရောက်လည်း ဘယ်သူမှမရှိဘူး တံခါးသော့ခတ်ထားတယ်"

"ကျွန်တော့် ... "

"ရှင်တို့သိပ်ခက်ပါလား၊ ဒါဆေးရုံ အရပ်ထဲမဟုတ်ဘူး ... မသင့်တော်တာလုပ်လို့မရဘူး ... လုပ်စရာရှိရင်မနက်မှလာ၊ မသာရှင်ဆိုလည်း ညဘက်တွေ့ခွင့်မပေးနိုင်ဘူး"

"ဖုန်းထက်ရယ် ပြန်ရအောင်၊ ခုနအမှိုက်လှဲတဲ့ အဖွားကြီးလည်း ပြောတယ် ... ခု ဆရာမလည်းပြောတယ် မသွားနဲ့တော့ကွာ"

အောင်သစ်က သူ့ကိုဖျောင်းဖျပြောဆိုတာကို နပ်(စ်)မက သေချာကြည့်ပြီး ...

"ဘယ်က အမှိုက်လှဲတဲ့ အဖွားကြီးလဲ"

"ဒီနားမှာ အမှိုက်လှဲနေတာလေ ဟိုလမ်းထဲကောင် ချိုးဝင်သွားတယ်"

"ရှင်"

နပ်(စ်)မက အံ့ဩစွာဖြင့် မျက်လုံးဝိုင်းသွား၍ အောင်သစ်က–

"ဘာ ... ဘာဖြစ်လို့လဲ ဆရာမ"

"ရှင်တို့ပြန်တော့ ... ကျွန်မလည်းသွားတော့မယ်"

အသံတုန်တုန်ဖြင့်ပြောပြီး သူတို့ရှေ့ကထွက်သွားရာ အောင်သစ်က နပ်(စ်)မကို လှမ်းမေးလိုက်၏။

"ဆရာမ ... အခုရေခဲတိုက်ကိုသွားလို့မရဘူးပေါ့"

"ရှင်တို့ ရေခဲတိုက်မရောက်ခင်တွေ့ရတာ နမူနာပဲရှိသေးတယ်"

ပြန်ပြောကာ အဆောင်တစ်ခုထဲဝင်သွားတော့သည်။ သူလည်း အောင်သစ်ကို ဘယ်လိုမှညှိမရသဖြင့် ဆေးရုံအပေါက်ဝသို့ ပြန်ထွက်လာကာ အိမ်သို့ပြန်လာခဲ့တော့သည်။

ဏ•ဏ



## သေသူကျန်ခဲ့တဲ့ မျက်လုံး

**အခန်း (၃)**

မေသက်ထားကို သဂြိုဟ်တော့ အခေါင်းကိုဖွင့်ကြည့်ခွင့် လုံးဝမရ။ မီးသဂြိုဟ်တာမဟုတ်ဘဲ အုတ်ဂူသွင်းသဂြိုဟ်ခဲ့သည်။ သူ မေသက်ထား အုတ်ဂူရှေ့မှာ မတ်တတ်ရပ်၍ အုတ်ဂူကို သေချာစိုက်ကြည့်ကာ ...

"သက်ထား ... မင်းက မောင့်ကိုထားခဲ့ပြီပေါ့၊ မောင်ဘယ်လိုဖြေရမလဲ သက်ထားရယ်၊ မင်းကိုမောင်အမြဲချစ်နေမှာပါ ... မင်းနဲ့အတူဝတ်ခဲ့တဲ့ ဒီလက်စွပ်လေးကို မောင်တစ်သက်လုံးမချွတ်ဘူး ... ဒီလက်စွပ်လေးရှိနေသရွေ့ မင်းဟာ မောင့်အနားမှာအမြဲရှိနေမယ်လို့ မောင်ယုံကြည်ပါတယ်"

မေသက်ထားအုတ်ဂူကိုကြည့်ပြီး စကားများအားရပါးရပြောကာ သချိုင်းဂူများကိုဖြတ်ပြီး သူကားရပ်ထားရာလျှောက်ကာလာခဲ့သည်။

ကားမောင်းလာရင်း သူ့မျက်လုံးထဲတွင် မျက်လုံးနှစ်ဖက်မရှိတော့



www.burmeseclassic.com

www.burmeseclassic.com



သည့် မေသက်ထား၏ပုံကို မြင်ယောင်နေသည်။ ထိုမြင်ကွင်း၏ပုံရိပ်တို့ကို ဘယ်လိုမှဖျောက်ဖျက်လို့မရဖြစ်နေ၏။ အိမ်ရောက်တော့ မေမေက–

'သားကြည့်ရတာ အရမ်းပင်ပန်းနေသလိုပဲကွယ်၊ အေးအေးဆေးဆေးအနားယူပါဦး''

''သား ... သက်ထားကို အရမ်းသတိရတယ် မေမေ''

''မေမေ နားလည်ပါတယ် ... ဒါပေမဲ့ သေတဲ့လူလည်း သေသွားပြီပဲ တတ်နိုင်သလောက် ကိုယ့်စိတ်ကို ကိုယ်ဖြေပါ''

မေမေက အမျိုးမျိုးနှစ်သိမ့်ပေမယ့် သူ့ရင်မှာ သက်ထားရဲ့ပုံရိပ်တွေက စွဲကျန်လို့နေဆဲပဲလေ ...

''သား ... သွားကြည့်တဲ့ အောင်ပန်းကခြံတွေရဲ့ အခြေအနေကောင်းရဲ့လား''

''ကောင်းပါတယ် မေမေ''

''မင်းဖေဖေကတော့ ဒီနှစ်အရမ်းပျော်လင့်တယ်သားရဲ့''

''မေမေကပြောလိုက်တယ် သားရဲ့ကြိုးစားမှုကြောင့်လို့''

''ဟုတ်ကဲ့''

သူ မေမေ့စကားကို စိတ်မပါစွာပြန်ဖြေလိုက်ပေမယ့် မေမေကတော့ သူ့စိတ်ပေါ့စေရန် စကားကိုအဆက်မပြတ်ပြောလို့နေ၏။

''ပါချမ်ဘက်မှာ ခြံတစ်ခြံထပ်ဝယ်ဖို့ သားဖေဖေက မေမေ့ကိုပြောတယ် ... မေမေက ငွေအိပ်တယ်မဝယ်နဲ့လို့၊ သားသဘောကရော ဘယ်လိုလဲ''

''မေမေတို့ အဆင်ပြေသလိုလုပ်ပါ ... ''

ပြောကာ အခန်းထဲသို့ ဝင်လာခဲ့သည်။

အခန်းနံရံမှ သက်ထားဆွဲထားသော ပန်းချီကားများကို တစ်ချပ်ချင်းလိုက်ကြည့်ပြီး ပန်းချီကားချပ်တစ်ချပ်အောက်ခြေတွင် ...





မောင့်မွေးနေ့အတွက်

ထားဝရ ... သက်ထား

ဟုရေးထိုးထားသော ပန်းချီကားလေးကို သေချာစိုက်ကြည့်မိသည်။

မိန်းကလေးပေမယ့် ပန်းချီဆွဲသည့်ပညာကို အရှူးအမူးဝါသနာပါသော သက်ထားဟာ သူ့မွေးနေ့အတွက် ဒီပန်းချီကားလေးကို ရေးဆွဲပေးခဲ့သည်။

နေဝင်ချိန် နေကြာပန်းတို့ဟာ တောင်တန်းများနောက် တဖြည်းဖြည်းဝင်သွားသည့်နေလုံးကိုကြည့်နေပုံမှာ လွမ်းစွာသဘာဝကျလှသလို စိတ်ကူးလည်းကောင်းလွန်းလှ၏။

အဲဒီ ပန်းချီကားလေးကို သူ့ကိုလက်ဆောင်ပေးရင်း ...

''မောင်က နေလုံးကြီးဆိုရင် သက်ထားက နေကြာပန်းပေါ့ ဘယ်လောက်ပူပူ နေကိုကြည့်ပြီးရှင်သန်ရတာ နေကြာပန်းကပျော်တယ်လေ''

''အဲဒီနေကြာပန်းကြွေရင် ဘယ်လိုလုပ်မလဲ သက်ထား''

''ကြွေလည်း နေကိုကြည့်ခွင့်ရသလောက်ကြည့်နေမှာပါ မောင်၊ အဲဒါ နေကြာပန်းရဲ့သစ္စာ ... သက်ထားရဲ့သစ္စာပါပဲ''

သက်ထားရဲ့စကားသံတွေကို သူ့နားထဲတွင် အကြိမ်ကြိမ်ကြားယောင်လာသည်။ အခုတော့ ...

နေကြာပန်းနဲ့တူတဲ့ မောင့်ချစ်သူက တမလွန်ခရီးကိုသွားခဲ့ပြီလေ ... မောင့်ကို ဘယ်လိုကြည့်တော့မလဲ မောင်ကလည်း အားပေးနှစ်သိပ်တဲ့စကားမျိုးတွေ နေကြာပန်းလေးကိုပြောခွင့်မရတော့ဘူးလေ။

မောင်လေ ... သက်ထားရဲ့ရှင်သန်မှုသာ ထာဝရရှိခဲ့မယ်ဆိုရင် ညဆိုတာ မရှိစေဘဲ ထာဝရသာနေတဲ့နေမင်းကြီးသာဖြစ်ချင်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ခုတင်ပေါ် လှဲချလိုက်ရင်း အခန်းအပေါ်ကမျက်နှာကျက်ကို ကြည့်နေမိသည်။

ခေါင်းတွေလည်း တဖြည်းဖြည်းမူးဝေလာ၏။

"ကျွီ ... "

"ဟင်"

အခန်းတံခါးတွန်းဖွင့်သံကြောင့် ခေါင်းထောင်ပြီးကြည့်လိုက်ရာ မေမေက အအေးခွက်ကိုင်ပြီး အခန်းထဲဝင်လာသည်။

"သား _ အအေးသောက်လိုက်ဦး"

"ဟုတ်ကဲ့"

သူ မေမေလက်ထဲက အအေးခွက်ကိုယူကာ မော့သောက်လိုက်သည်။

"မေမေတို့ ညနေ ဆေးရုံသွားမလို့"

"နဒီကို သွားကြည့်မလို့လား"

"ဟုတ်တယ်လေ _ သားပါလိုက်မယ်မလား"

သူ ဘယ်လိုဖြေရမှန်းမသိ။ နဒီနှင့်သူက သိပ်အကြောတည့်တာမဟုတ်။ ကားတိုက်စဉ်က သက်ထားက အသက်ဆုံးသွားပေမယ့် နဒီက မျက်လုံးသာဒဏ်ရာရရှိသွားပြီး ခန္ဓာကိုယ်တွင် ကြီးကြီးကျယ်ကျယ်ဘာမှမထိခိုက်ခဲ့။

သက်ထားကို ဆုံးရှုံးလိုက်ရ၍ ခံစားနေရသည့်ဝေဒနာကြောင့် နဒီဆေးရုံတက်နေရာဆီသို့ တစ်ခါမှမရောက်ခဲ့။ အခု မေမေတို့သွားမည်ဆိုတော့ သူမလိုက်လျှင် ကောင်းပါ့မလားဟု တွေးမိသည်။

"နဒီမျက်လုံး၊ ဒီနေ့ ပတ်တီးဖြည်ရမယ်သားရဲ့ မေမေတို့လည်း အားပေးရင်းနဲ့ အခြေအနေသိရအောင်သွားကြည့်မလို့ _ ပြီးတော့ နဒီ လဲထားတဲ့မျက်လုံးဆိုလား မျက်ကြည်လွှာလား _ အဲဒါ သက်ထားဆီ





ကယူထားတာတဲ့"

"ဗျာ ... "

သူ အံ့သြစွာနှင့် မေမေ့ကို ကြည့်လိုက်သည်။

"ဒါဆို ... နဒီ့မျက်လုံးက သက်ထားရဲ့ ... "

"ဟုတ်တယ် _ သား"

"သားလိုက်မယ် မေမေ၊ သက်ထားရဲ့အမှတ်တရတစ်ခုခုဟာ ရှိနေသေးတယ်ဆိုရင် သားကျေနပ်တယ် မေမေတို့သွားရင် သားကိုခေါ်ပါ"

"သားရယ် ... "

မေမေက သူ့ကိုစိတ်မကောင်းတဲ့အကြည့်နဲ့ကြည့်ကာ အခန်းထဲမှထွက်သွားသည်။

ဘယ်လိုပဲဖြစ်ဖြစ်ပါ သက်ထားအပေါ် ချစ်မြတ်နိုးတဲ့စိတ်နဲ့အတူ သက်ထားနဲ့ပတ်သက်လို့ကျန်ခဲ့တဲ့ အပိုင်းအစတစ်ခုဟာ သက်ရှိပဲဖြစ်ဖြစ် သက်မဲ့ပဲဖြစ်ဖြစ် သူတန်ဖိုးထားရမယ်လေ ... နဒီဆိုတာကလည်း သက်ထားရဲ့ညီမလေးပဲမလား ငယ်စဉ်တည်းက နှစ်အိမ်တစ်အိမ်နေလာကြသူမို့ နဒီအပေါ် ညီမလေးတစ်ယောက်လို ချစ်ခဲ့သည်။

တစ်ယောက်နှင့်တစ်ယောက် ဆက်ဆံရေးအဆင်မပြေတာက လွဲရင် တစ်ခြားမှမဟုတ်ခဲ့ပါ ...

အခုလည်း ...

နဒီဆီမှာ သက်ထားရဲ့အမှတ်တရကျန်ခဲ့တယ်လေ _

ဏ•ဏ



www.burmeseclassic.com

www.burmeseclassic.com

## အတိတ်ကပန်းချီကား

### အခန်း (၄)

ဆေးရုံရောက်တော့ နဒီက မျက်စိကအဝတ်ကိုဖြည်ပြီးနေပြီ။

"အားလုံးကောင်းသွားပြီ နွဲ့ရဲ့၊ လက်နဲ့ခြေထောက်က ဒဏ်ရာတွေလည်း သက်သာသွားပြီ"

"နဒီလေး ခုလိုကောင်းသွားတာ ဝမ်းသာပါတယ် ဖြူရယ်"

မေမေနှင့်အန်တီဒေါ်ဖြူကြည်တို့ပြောနေကြတာကို သူ နဒီခုတင်ဘေးမှာရပ်နားထောင်ပြီး ခုတင်ပေါ်တွင် လှဲနေသည့် နဒီကိုကြည့်လိုက်သည်။

နဒီက ပက်လက်အနေအထားမှ မျက်လုံးကိုမှိတ်ထားသည်။

"ဆေးရုံက ဘယ်တော့လောက်ဆင်းရမလဲ ဖြူ"

"နှစ်ရက်သုံးရက်နေရင် ဆင်းရမယ်တဲ့ မျက်လုံးကလည်းကောင်းသွားပြီလေ"

"ဝမ်းသာစရာပဲ ဆေးရုံကဆင်းတဲ့နေ့ကြရင် အိမ်ကိုဖုန်းဆက်လိုက် သားလာကြိုလိမ့်မယ်"





"အားနာစရာ နွဲ့ရယ် ... အိမ်မှာ ဒရိုင်ဘာရှိပါတယ်"

"ဘယ်ဟုတ်မလဲ ... ကူညီစရာဆိုလို့ ဒီလူတွေပဲရှိတာမလား၊ အားနာမနေနဲ့ နဒီကလည်း သက်ထားလိုပဲ နွဲ့တို့သမီးလေးမလား"

သူကတော့ နဒီမျက်လုံး ဘယ်တော့ပွင့်လာမလဲဆိုတာကိုပဲကြည့်နေမိသည်။ နဒီက အိပ်ပဲပျော်နေတာလား တမင်မျက်စိပဲပိတ်ထားတာလားတော့မသိ၊ မျက်လုံးကိုမဖွင့်သေးပေ။

"အန်တီ ... နဒီ အိပ်ပျော်နေတာလား"

"ဟုတ်တယ် မောင်ဖုန်းထက် နှိုးလိုက်ရမလား"

"နေပါစေ အန်တီ မနှိုးပါနဲ့ အိပ်ပါစေ၊ သူ့မျက်လုံး ဒီနေ့မှပတ်တီးဖြေရတော့ အားရှိဖို့လိုတယ်လေ ..."

"အင်း ..."

အန်တီဒေါ်ဖြူကြည်က သက်ပြင်းကိုချပြီး မျက်ရည်များဝဲတက်လာပြီး ...

"နဒီ မျက်ကြည်လွှာကို သက်ထားရဲ့မျက်ကြည်လွှာနဲ့အစားထိုးခဲ့တာပါ၊ သက်ထားကလေ သူ့ညီမလေးကို ဟိုးတုန်းတည်းကသိပ်ချစ်ခဲ့သလို၊ သူသေသွားတာတောင် သူ့ညီမလေးမျက်စိမြင်ဖို့ မျက်ကြည်လွှာပေးခဲ့တယ်"

"ဖြူရယ် ... နွဲ့တို့လည်း သက်ထားအတွက် ယူကြုံးမရဖြစ်ရပါတယ်"

"ဟင့် ... ဟင့် ..."

ပြောရင်း မျက်ရည်များလိမ့်ဆင်းကျလာတဲ့ အန်တီဒေါ်ဖြူကြည်ကို သူတို့သားအမိ စိတ်မကောင်းစွာနှင့်ကြည့်နေသည်။

"သက်ထားဆုံးတာ ... နဒီသိလား အန်တီ"

"သိတယ် မောင်ဖုန်းထက် ... ဒါပေမဲ့ သူအစ်မမျက်လုံးကို



www.burmeseclassic.com

www.burmeseclassic.com



အစားထိုးတာတော့ မသိရှာဘူး ... အန်တီတို့လည်း မပြောဘူးလို့ဆုံး ဖြတ်ထားတယ် နဒီ စိတ်မကောင်းပိုဖြစ်မှာစိုးလို့ပါ''

''အန်တီတို့မသိစေချင်ရင် ကျွန်တော်လည်း မပြောပါဘူး''

သူ အန်တီဒေါ်ဖြူကြည်ကို ကတိပေးလိုက်ပြီး နဒီနိုးလာမည့် အချိန်ကို စောင့်ကြည့်နေလိုက်၏။

နာရီဝက်ခန့်ကြာသောအခါ ...

''အင်း ... အင်း''

နဒီ အိပ်နေရာမှအသံထွက်လာသဖြင့် အန်တီဒေါ်ဖြူကြည်က

''သမီးလေး နိုးပြီလား''

''အင်း''

နဒီက မျက်လုံးကိုချက်ချင်းမဖွင့်သေးဘဲ ခေါင်းညိတ်ပြလိုက် သည်။

''သမီးလေး ... မျက်လုံးဖွင့်ရင် ဖြည်းဖြည်းဖွင့်နော် ဆရာဝန် ကြီးကမှာထားတယ် အလင်းရောင်စူးစူးတွေကြည့်လို့မရဘူးတဲ့''

''အင်း''

သူ နဒီဘေးမှာရပ်ရင်း နဒီ မျက်လုံးပွင့်လာမယ့်အချိန်ကို သေချာစိုက်ကြည့်နေ၏။

နဒီမျက်လုံးက တဖြည်းဖြည်းပွင့်လာရာ ... သူစိတ်လှုပ်ရှားစွာ ဖြင့် မျက်လုံးကိုသေချာစိုက်ကြည့်လိုက်သည်။

''သက်ထားရယ်၊ မင်းမျက်လုံးက နဒီဆီရောက်နေတုန်းနော် မောင် သိပ်မြတ်နိုးခဲ့ရတဲ့ မင်းမျက်လုံးတွေကို အမြဲကြည့်ခွင့်ရတာ သိပ် ကျေနပ်တယ် သက်ထားရယ်''

ရင်ထဲက အထပ်ထပ်ပြောနေမိတဲ့စကားသံတွေက ပြင်ပသို့ ရောက်မလာပါ။ နဒီက အန်တီဒေါ်ဖြူကြည်နှင့်မေမေ့ကို တစ်ချက်ပြုံးပြ





လိုက်၏။

မေမေက ...

''နေကောင်းတယ်နော် ... သမီးလေး နဒီ''

''ဟုတ်ကဲ့ အန်တီနဲ့''

မေမေ မေးတာကိုဖြေပြီး စိုက်ကြည့်နေတဲ့ သူ့ကိုသေချာပြန် ကြည့်နေသည်။

နဒီ့အကြည့်ကြောင့် သူပြန်ပြုံးပြလိုက်ပြီး ...

''နဒီ ... မျက်စိက ကြည်ကြည်လင်လင်ရှိရဲ့လား''

''ရှင်''

''ဩော် ... ဒီလိုပါ မျက်လုံးခွဲထားရတော့ ကြည့်ရတာကောင်း ရဲ့လားလို့မေးတာ''

''ကောင်းပါတယ် ... နဒီ ကိုထက်ကိုကြည့်ရတာ တစ်မျိုးဖြစ် နေတယ် ... ''

''ဘာ ... ဘာဖြစ်လို့လဲ နဒီ''

နဒီရဲ့စကားကြောင့် သူပြန်မေးလိုက်၏။ ယခင်က နဒီ သူနှင့် ဆက်ဆံတာ အခုလိုတစ်ခါမှ မနူးညံ့ခဲ့။ အခုတော့ ...

နဒီအကြည့်တွေက သူ့ရင်ကို ထူးခြားနေသလိုဖြစ်နေ၏။

''နဒီ မပြောတတ်ဘူး ကိုထက် ... နဒီ့မျက်လုံးထဲမှာ ကိုထက် ဟာ တစ်ခုခုထူးခြားနေသလိုပဲ''

''ဘာထူးခြားလို့လဲ နဒီ ... ကိုထက် အရင်ထက်ပိုလှလာလို့ လား''

သူနောက်ပြောင်ပြောလိုက်ရာ နဒီက မရယ်ဘဲ ...

''တစ်မျိုးပဲ ကိုထက်ရယ် ... နဒီ မပြောတတ်ဘူး''

''သမီးလေးကလည်းကွယ် မောင်ဖုန်းထက်က သမီးတို့နဲ့ ငယ်



www.burmeseclassic.com

www.burmeseclassic.com



ယယ်တည်းက အတူနေလာတာပဲမလား"

အန့်တီဒေါ်ဖြူကြည်က နဒီဘေးဝင်ထိုင်ကာ ပြောလိုက်တော့ နဒီက ...

"ဟုတ်ပါတယ် မာမီ ... အမှန်တိုင်းပြောရရင် အရင်က ကိုထက်ကို ဘယ်လိုမှကြည့်လို့မရဘူး၊ အခုတော့ ဘယ်လိုဖြစ်မှန်းမသိဘူး"

"မောင်နှမတွေပဲကွယ်၊ ရန်ဖြစ်လိုက် စိတ်ကောက်လိုက် ပြန်ခေါ် လိုက်မလား"

နဒီ ဘာမှထပ်မရှင်းပြတော့ ရှင်းပြလည်း ဘယ်လိုမှနားမလည်နိုင်မှာမဟုတ်တာကြောင့် အသာငြိမ်နေလိုက်၏။

"နဒီ"

"ရှင်"

"နဒီ့မျက်လုံးတွေက အရင်ထက်ပိုလှလာသလိုပဲ"

နဒီ့မျက်လုံးတွေကို အသေအချာစိုက်ကြည့်ပြီးပြောလိုက်တော့ ရှက်ရွံ့စွာနှင့် နဒီက မျက်လွှာကိုချသွားသည်။

"ကိုထက် ... နဒီ့ဆီ နေ့တိုင်းလာနော်"

"ဘာဖြစ်လို့လဲ နဒီရဲ့"

"မောင်ဖုန်းထက်က အလုပ်များတဲ့လူလေ သမီးလေးရဲ့၊ နေ့တိုင်းလာနိုင်းတာ အားနာစရာ"

အန့်တီဒေါ်ဖြူကြည်ရဲ့စကားကို နဒီက ခေါင်းခါပြီး ...

"မသိဘူး ... ကိုထက် နေ့တိုင်းဆေးရုံလာ နဒီဆေးရုံကဆင်းလည်းအိမ်ကိုလာ"

"ဟင်"

သူနားပင်သူမယုံပါ၊ အရင်က သက်ထားကိုသူသွားခေါ်လို့





နဒီနှင့်တွေ့လျှင် ဒေါသမျက်လုံးတွေနှင့်အိမ်လာတာကို မကြိုက်တဲ့လူက ခုတော့ သူ့ကိုအမြဲလာခဲ့ပါတဲ့၊ နဒီရဲ့စိတ်အပြောင်းအလဲက မြန်နေသည်။ သူက နဒီကိုတွေ့ချင်တာက သက်ထား၏မျက်လုံးတွေကြောင့်ပဲဖြစ်၏။

နဒီ့မှာလည်းချစ်သူဒေါက်တာအာကာရှိနေသလို သူ့စိတ်ကလည်း သက်ထားရဲ့မျက်လုံးပိုင်ဆိုင်မှုတစ်ခုတည်းနှင့် နဒီကို ညီမလေးတစ်ယောက်ထက်ပိုတဲ့ ရင်ခုန်မှုမရှိပါ ...

"ကိုထက် ဘာတွေစဉ်းစားနေတာလဲ"

"ဘာမှမစဉ်းစားဘူး၊ နဒီ ဘာစားချင်လဲ ကိုထက်ဝယ်လာပေးမယ်"

"နဒီ ဘာမှမစားချင်ဘူး ... အဲ တစ်ခုတော့ ကိုထက်ကိုမှာချင်တယ်၊ ယူလာပေးနိုင်ရင် ယူလာပေးပါ"

"ဘာလဲ နဒီ"

"ကိုထက်မွေးနေ့တုန်းက မမဆွဲပေးတဲ့ ပန်းချီကား"

"ဟင် ... "

နဒီစကားကို ဒီတစ်ခါ မအံ့ဩလို့မရတော့။ သက်ထား သူ့ကိုဆွဲပေးခဲ့တဲ့ ပန်းချီကားဟာ သူ့မွေးနေ့တုန်းက နှစ်ယောက်တည်း လှော်ကားဥယျာဉ်မှာဆွဲခဲ့တာမို့ နဒီသိစရာအကြောင်းမရှိ။ သက်ထားကလည်း သူနှင့်ပတ်သက်တာကို တခြားတစ်ယောက်ကို ပြောလေ့ပြောထလည်းမရှိတာမို့ နဒီ ဘယ်လိုသိတာလည်း စဉ်းစားမရဖြစ်နေသည်။

"သက်ထားဆွဲပေးတဲ့ ပန်းချီကားတွေက အများကြီး နဒီရဲ့ ဘယ်ကားချပ်ယူလာရမှာလဲ"

"ကိုထက်ကလည်း နေကြာပန်းတွေ နေဝင်ချိန်မှာ နေ့ကိုကြည့်နေတဲ့ကားချပ်လေ"

"ဟင် ... အင်း ... အင်း ယူလာခဲ့မယ်"

www.burmeseclassic.com



နဒီက 'ကျေနပ်စွာ ပြုံးလိုက်ပြီး ...

"သေချာယူခဲ့နော် အဲဒီကားချပ်ထဲမှာ လိုတာဖြည့်ဆွဲရဦးမယ်"

"အင်းပါ ... "

ထို့နောက် ...

နဒီက မေမေနှင့်အန်တီဖြူကြည်တို့ကို စကားများပြောနေပြီး အတော်ကြာတော့ နှုတ်ဆက်ပြီး ဆေးရုံမှပြန်ခဲ့ကြတော့သည်။

ဖဖ•ဖဖ



## အမြဲတွေ့ချင်နေသူ

### အခန်း (၅)

သူ စားသောက်ဆိုင်ကိုရောက်တာ နာရီဝက်ခန့်ကြာမှ အောင်သစ် ရောက်လာသည်။

"ငါ ... နောက်ကျသွားတယ် ဖုန်းထက်ရေ ... မင်းဖုန်းဆက်ဆက်ချင်း ထလာမလို့ပဲ၊ ညွှသည်ရောက်လာတာနဲ့ ထိုင်စကားပြောနေရလို့ကွ"

"ရပါတယ် ... ဝပ်ရှော့ပိုင်ရှင်ကြီးရဲ့ ရှားပါးတဲ့အချိန်ကို ငါက လုတာကိုး"

"မရိပါနဲ့ကွာ ... ပြော အရေးကြီးတဲ့ကိစ္စ ဘာလဲ"

သူ အောင်သစ်ကိုစောင့်ရင်း သောက်နေတဲ့ကော်ဖီကို ကုန်အောင် တစ်ချက်မော့သောက်လိုက်ပြီး ...

"မင်း ... နဒီကို သိတယ်မလား"

"သက်ထား ညီမလေးလေ၊ သိတာပေါ့ မင်းဘာကြောင်နေတာလဲ၊ ငါသူတို့အိမ် ခဏခဏ ရောက်ဖူးနေတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ရောက်ဖူးရင် နဒီက မင်းတို့ငါတို့ကို ဘယ်လိုဆက်ဆံလဲ"

သူ့အမေးကို အောင်သစ်က ခေါင်းတညိတ်ညိတ်လုပ်ကာ ...

"ကောင်မလေးက စွာတေးလေး ဂျစ်တစ်တစ်နဲ့ ဘယ်သူ့ကိုမှ ပြေလည်အောင်မဆက်ဆံဘူး။ သူ့အစ်မ သက်ထားကိုလည်း အပေါင်းအသင်းလုပ်တာ မကြိုက်ဘူး"

"အေး ... အခု နဒီက အဲဒီလို မဟုတ်ဘူး"

သူ ဆေးရုံမှာ နဒီနှင့်တွေ့စဉ်ပြောဆိုဆက်ဆံပုံ ပန်းချီကားချပ်ကို ယူလာနိုင်းပုံတို့ကို အောင်သစ်ကိုပြောပြလိုက်၏။

"နေမကောင်းလို့ မာန်ကျသွားတာလားမှ မသိတာဖုန်းထက်ရယ်"

"ငါက အဲဒီလိုမထင်ဘူး အောင်သစ်၊ လူတစ်ယောက်ရဲ့ပင်ကိုစရိုက်ဟာ ဘယ်လောက်ပဲအားငယ်စရာရှိရှိ ချက်ချင်းမပြောင်းနိုင်ဘူး"

"မင်းဆိုလိုတာက သက်ထားဝိညာဉ် နဒီကိုကပ်နေတယ်ထင်တာလား"

သူခေါင်းကို ဖြည်းဖြည်းချင်းခါရမ်းလိုက်ပြီး ...

"နဒီက သူ့ကိုယ်သူ နဒီမှန်းသိတယ် အောင်သစ်၊ အထူးခြားဆုံးက သူ့အကြည့်တွေပဲ _ ငါ့ကို သက်ထားကြည့်တဲ့ပုံမျိုးကြည့်တာ"

"ငါသိတာပြောကြည့်မယ် ဖုန်းထက်၊ လူကိုစိတ်ကဦးဆောင်တာ၊ အဓိကကစိတ်ပဲ သက်ထားမျက်လုံးထည့်ထားရတယ်ဆိုပေမယ့်စိတ်ကမပြောင်းနိုင်ဘူး ...

ငါတို့ကားပြင်သမားစကားနဲ့ပြောရင် ဆေးရောင်ပြောင်းလည်း အင်ဂျင်ကောင်းမှကောင်းတာ အင်ဂျင်မကောင်းရင်မကောင်းဘူးကွ"

"အခု နဒီ့ပုံစံက ... "

"စောင့်ကြည့်ပါဦးကွာ _ အချိန်တစ်ခုမှာ အဖြေရလာမှာပေါ့





ပြောဖို့စောပါသေးတယ်"

သူ အစိပ္ပာယ်မဲ့ ရေနွေးကြမ်းအိုးကိုစိုက်ကြည့်နေမိသည်။ အောင်သစ်ကတော့ သူ့ရှေ့က ရေနွေးကြမ်းပန်းကန်ကို ဖွန်းနှင့်ခေါက်ရင်း ...

"လောကမှာ ထူးဆန်းတာတွေအများကြီးရှိတာတော့ ငါလက်ခံတယ် ဖုန်းထက် _ မင်းက သက်ထားကိုစွဲလမ်းတဲ့စိတ်နဲ့ နဒီ့ဆီမှာရှိနေတဲ့ သက်ထားမျက်လုံးက မင်းနဲ့ပတ်သက်တဲ့အရာရာကိုသိနေတယ်လို့ထင်တယ် ...

နဒီကလည်း နဂိုသူနဲ့မပတ်သက်တာတွေကို သူရဲ့အမြင်အာရုံကသိနေတယ် တခဏလား အမြဲလားဆိုတာ စောင့်ကြည့်ဖို့လိုတယ်"

"မင်းပြောတာ သဘာဝကျပါတယ် ... ငါ့စိတ်ကလောသွားတာပါ၊ သေချာတာက သက်ထားနဲ့နဒီကိုတော့ တစ်ယောက်ဆီ ငါ့နှလုံးသားကမြင်ပါတယ်"

အောင်သစ်က ခပ်ပြုံးပြုံး သူ့ကိုစိုက်ကြည့်လိုက်သည်။

"ငါနားလည်ပါတယ် _ အစ်မမရလို့ ညီမကို ချိန်တာမဟုတ်မှန်းလည်းသိပါတယ် ... နဒီမှာလည်း သူနဲ့စေ့စပ်ထားတဲ့လူရှိတယ်မလား"

"ဟုတ်တယ်လေ _ ဒေါက်တာအာကာ နိုင်ငံခြားကပြန်လာရင် နဒီနဲ့လက်ထပ်မှာ"

"ကဲ ထားပါကွာ _ အလုပ်ကိစ္စပြောရအောင်၊ မင်းပွဲရုံလုပ်ငန်းက အဆင်ပြေတယ်မလား"

"ပြေပါတယ် ... "

အောင်သစ်က စကားလမ်းကြောင်းပြောင်းကာ အလုပ်ကိစ္စများ



www.burmeseclassic.com

www.burmeseclassic.com



ကို ပြောဆိုကြပြီး အချိန်အတော်ကြာတော့ စားသောက်ဆိုင်မှပြန်ထွက်လာကြသည်။

"အောင်သစ် ... မင်းအချိန်ရရင် အိမ်လိုက်ခဲ့ပါလား"

"ဘာကိစ္စလဲ"

"တင်းနစ် ရိုက်ရအောင်"

"နောက်မှကွာ ... ဝပ်ရှော့မှာ အပ်တဲ့ကားတွေများနေတယ်"

ပြောကာ အောင်သစ်က သူ့ကားထဲဝင်ပြီး မောင်းထွက်သွားသဖြင့် သူလည်း သူ့ပါရာဒိုကားနက်ကြီးပေါ်တက်ကာ အိမ်သို့မောင်းလာခဲ့တော့သည်။

သူတို့နေသည့် ဘောက်ထော်ကခြံတွေက ခြံအကျယ်ကြီးတွေမို့ နေရထိုင်ရတာ အဆင်ပြေလှသလို ခြံထဲရှိမြေကွက်လပ်တွင် ညနေပိုင်းအားကစားလုပ်ရန် တင်းနစ်ကွင်းလေးဖောက်ထား၏။

ထိုတင်းနစ်ကွင်းလေးတွင် ယခင်က သူနှင့်သက်ထားတို့ ညနေတိုင်း တင်းနစ်ကစားလေ့ရှိသလို၊ တစ်ခါတရံ အောင်သစ်ရောက်လာကာ ကစားလေ့ရှိ၏။

နဒီကတော့ တင်းနစ်ရိုက်တာ ဝါသနာမပါသလို သူနှင့်လည်း အစေးမကပ်သဖြင့် လာကစားလေ့မရှိ။ သူ့ဝါသနာပါတာက ဂိမ်းနိုပ်တာပါပဲ။

အိမ်ထဲ တီဗီရှေ့မှာထိုင်ကာ တစ်ယောက်တည်းဂိမ်းနိုပ်ရင်း အော်လိုက်ဟစ်လိုက်နှင့်သာနေသည်။

ငယ်စဉ်တည်းက သူနှင့်ရောရောနှောနှောမနေသလို သူတို့ခြံဘက်သို့လည်း လာခဲလှ၏။ သက်ထားကတော့ သူ့အဖေနှင့်အမေတို့၏ အချစ်တော်ဖြစ်သလို အရွယ်ရောက်လာတော့လည်း သူတို့သားနှင့် ပတ်သက်၍ သမီးတော်ရမည့်သူဟုလည်း လက်ခံထားသည်။





"သား ... ကားရပ်ပြီး ကားပေါ်က မဆင်းသေးဘဲ ဘာတွေစဉ်းစားနေတာလဲ"

"ဩော် ... အင်း ... ဘာမှမဟုတ်ပါဘူး"

တင်းနစ်ကွင်းလေးကိုကြည့်ပြီး နယ်လွန်နေသည့်အတွေးတို့ကို ဖျောက်လိုက်ပြီး ကားပေါ်ကဆင်းကာ မေမေနှင့်အတူ အိမ်ထဲသို့ဝင်လာခဲ့သည်။

အိမ်ထဲရောက်တော့ မေမေက ...

"သား ... ဆေးရုံကနေ နဒီဖုန်းဆက်တာ နှစ်ခါရှိပြီ၊ ညနေ သားလာမှာလားတဲ့"

"အရေးကြီးကိစ္စရှိလို့လား"

"မရှိဘူးထင်တယ် ... သားလာမှာလားလို့ပဲမေးကာ ... လာရင်သူမှာထားတဲ့ ပန်းချီကားချပ်လေး ယူခဲ့ပါတဲ့"

"အင်း ... သား ... "

အင်တင်တင်လုပ်နေတဲ့ သူ့ကိုမေမေက ...

"သွားလိုက်ပါ သားရယ် ... နဒီက သူ့အစ်မသေလို့ ပူဆွေးနေရတာပါ ... သားက သူ့အစ်မနဲ့အပတ်သက်ဆုံးလူမလား၊ ပြီးတော့ သူ့အစ်မ,သားကိုဆွဲပေးတဲ့ ပန်းချီကားလေးကို အလွမ်းပြေကြည့်ချင်ရှာမှာပေါ့"

"ဟုတ်ကဲ့ ... သား သွားလိုက်ပါ့မယ်"

မေမေ့ကိုပြောပြီး အခန်းထဲ ဝင်လာခဲ့တော့သည်။ အင်္ကျီ အဝတ်အစားလဲကာ ခုတင်ပေါ် ပက်လက်လှန်လိုက်၏။

အခန်းနံရံက သက်ထားရေးခဲ့တဲ့ ပန်းချီကားတွေရဲ့လက်ရာက ...င်ကိုပိုလို့ လွမ်းဆွတ်နေသည်။ သက်ထားနှင့်ပတ်သက်တဲ့အရိပ် ...ဟာ သူ့ရဲ့နေရာတိုင်းမှာ ရှိနေဆဲပဲလေ ...



www.burmeseclassic.com

www.burmeseclassic.com



"မောင် _ သက်ထားလေ ဘယ်နေရာရောက်ရောက် မောင့်ကို မြင်တွေ့နေချင်တယ် အိပ်ရင်တောင်အိပ်မက်ထဲမှာ မောင့်ကိုတွေ့နေရတယ် မောင်ယုံလားဟင်"

သက်ထားရဲ့စကားသံတွေကို သူ့နားထဲက ပြန်ကြားယောင်လာတယ် ...

အခုတော့လည်း ...

မောင်သိပ်ချစ်တဲ့ချစ်သူက မောင်မတွေ့ရတော့တဲ့ တမလွန်ခရီးကို အပြီးထွက်သွားခဲ့ပြီလေ ...

၅၈•၅၈



## ရင်ပွင့်နေတဲ့အလောင်း

### အခန်း (၆)

သူဆေးရုံရောက်တော့ နုဒီက ဝမ်းသာအားရနှင့် အခန်းတံခါးဝသို့လာကြိုသည်။

"ကိုထက်လာတာကို နုဒီ အစောတည်းကမြင်တယ် ဒီပြတင်းပေါက်ကကြည့်နေတာလေ"

"ရော့ ... ပန်းချီကား ..."

စက္ကူနှင့်ပတ်ကာယူလာသော ပန်းချီကားချပ်ကို နုဒီလက်ထဲသို့ထိုးပေးလိုက်သည်။ နုဒီက ဝမ်းသာအားရယူကာ စက္ကူများကိုဖယ်ပြီး ခုတင်ခေါင်းရင်းတွင် တယုတယထောင်ကာ ပန်းချီကားကို စိတ်ဝင်တစားကြည့်နေ၏။ သူလည်း ခုတင်ဘေးကထိုင်ခုံတစ်လုံးကို ဆွဲယူထိုင်လိုက်ပြီး ...

"ဘာတွေ တွေ့လဲနုဒီ"

"ပန်းချီကားထဲမှာ တစ်ခုခုလိုနေသလိုပဲ ကိုထက် ... မမက အချိန်မရလို့ မထည့်တာပဲဖြစ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်"

နဒီ စကားကို သူအံ့သြရပြန်သည်။ သူနှင့်သက်ထား ထိုပန်းချီကားကိုသွားဆွဲစဉ်အချိန်က အိမ်ပြန်ရန်နောက်ကျနေ၍ သက်ထားက အပြီးမသတ်ရသေးဘူးဟုပြောသော်လည်း သူက ဒီအတိုင်းပဲကောင်းသည်ဟု ပြောခဲ့သည်လေ ...

"နေဝင်ချိန်ဆိုရင် ငှက်ကလေးတွေလည်း အိပ်တန်းပြန်ကြတယ် မမ,မထည့်ဖြစ်လိုက်ဘူး နဒီထည့်လိုက်မယ်"

"မလုပ်ပါနဲ့ နဒီ ... ဒီအတိုင်းပဲကောင်းပါတယ်"

နဒီက ပန်းချီဆွဲတတ်တာမဟုတ် တော်ကြာ ပန်းချီကားပျက်စီးသွားလျှင် သက်ထားလက်ရာပြန်ရမှာ မဟုတ်တာကြောင့် သူတားမြစ်လိုက်သည်။

"ဘယ်ဟုတ်မလဲ ကိုထက် မမကလည်း ထည့်ဆွဲချင်ပါတယ်၊ နဒီမျက်လုံးထဲမှာလည်း ထည့်မှအဆင်ပြေမယ်လို့ထင်နေတယ်"

"ပန်းချီကား ပျက်သွားပါဦးမယ် နဒီရယ် ... "

"ကိုထက်က နဒီကို အထင်သေးတာပဲ အိမ်ကျရင် မမပန်းချီပစ္စည်းတွေနဲ့ ဆွဲပြမယ် ... "

ယုံကြည်မှုအပြည့်နဲ့ပြောတဲ့ နဒီကို သူပန်းချီကားပျက်သွားမှာစိုးရိမ်တဲ့မျက်လုံးနဲ့ ကြည့်လိုက်သည်။

"နဒီ ဆေးရုံဆင်းတဲ့နေ့ကျရင် ကိုထက် လာနိုင်မှာမဟုတ်ဘူး"

"ဘာဖြစ်လို့လဲ"

"နယ်ကပစ္စည်းတွေဝင်မှာဆိုတော့ အလုပ်ရှုပ်မယ်၊ ဒါကြောင့် လာလို့ရမှာမဟုတ်ဘူး"

"အင်း ... ရပါတယ်"





မတတ်သာလို့ ခေါင်းညိတ်ရသည့်ပုံစံဖြင့် ညှိုးငယ်နေသော နဒီကိုသူအကျိုးအကြောင်းဆက်ရှင်းပြလိုက်၏။

"ကိုထက် ဖေဖေက ခရီးသွားနေတော့ ပွဲရုံမှာ ဘယ်သူမှမရှိဘူး နဒီရဲ့ ... ပစ္စည်းဝင်ရင် ငွေလည်းချေရဦးမယ်လေ"

"ရပါပြီ ... နဒီ နားလည်ပြီ"

"နဒီ အိမ်ရောက်ရင် ကိုထက်လာခဲ့ပါ့မယ်"

"အိမ်က အဝေးကြီးကိုး"

ထိုအချိန်တွင် ...

နဒီသူငယ်ချင်း ဝတ်ရည်အခန်းထဲဝင်လာသဖြင့် ...

"ဝတ်ရည် လာ ... သင်တန်းကပြန်လာတာလား"

"ဟုတ်တယ် နဒီ ... နဒီ နေကောင်းတယ်မလား"

"ကောင်းတယ်"

ဝတ်ရည်နှင့်နဒီ စကားပြောနေကြရာ သူလည်း ခပ်လှမ်းလှမ်းရှိပြတင်းပေါက်သို့သွားကာ ဆေးရုံအပြင်ဘက်ကိုကြည့်နေလိုက်သည်။ ဝတ်ရည်က ...

"နဒီ ... နင့်ရဲ့ရန်သူကြီးက ဂရုစိုက်သားပဲ"

"အင်း ... "

နဒီက ခေါင်းညိတ်အဖြေပေးလိုက်၏။

"နင်နဲ့အဲဒီလူ ဆက်ဆံရေးပြေလည်သွားပြီလား"

"ငါ ... အဲဒီအကြောင်းတွေ နင့်ကိုပြောချင်နေတာ"

"ဘာအကြောင်းလဲ"

ဝတ်ရည်က စိတ်ဝင်စားစွာဖြင့် အနားကပ်ကာ နားထောင်သည်။

"အရင်က ငါ ကိုထက်ကို ဘယ်လောက်မုန်းလဲနင်သိပါတယ်



www.burmeseclassic.com

www.burmeseclassic.com



ဝတ်ရည်''

''သိတယ်လေ ... နှင့်အစ်မနဲ့ပတ်သက်ပြီးတော့မလား''

''မမက ငါ့ထက် သူ့ကိုပိုဂရုစိုက်တာလည်းပါသလို၊ ငါကိုယ်တိုင်က သူ့ကိုကြည့်မရတာ ဆေးရုံမှာ မျက်လုံးပတ်တီးဖြေပြီးတဲ့အချိန်ကစပြီး ငါ ကိုထက်ကို အမြဲတွေ့ချင်နေတယ် ... ''

''ဟယ် ... ဘယ်လိုဖြစ်တာလဲ''

ဝတ်ရည်ရဲ့နားမလည်တဲ့ မျက်လုံးတွေက နဒီကို သံသယဆန်စွာကြည့်နေ၏။

''ငါလည်း စဉ်းစားမရဘူး ဝတ်ရည်၊ ပြီးတော့ ... သူ့ရဲ့ပုံကို မျက်လုံးထဲစွဲနေတယ်''

''ဟာ ... ဒါဆို နှင်နဲ့စေ့စပ်ထားတဲ့ကိုအာကာကို ဘယ်လိုလုပ်မလဲ ကိုအာကာက နှင့်ကိုသိပ်ချစ်တာနော်''

''နှင် ... နားလည်အောင် ငါဘယ်လိုရှင်းပြရမလဲ၊ ကိုထက်ကို ငါချစ်လို့ မျက်လုံးထဲမှာစွဲနေတာ မဟုတ်ဘူး ဘာကြောင့်မှန်းမသိတဲ့ တစ်စုံတရာက တွေ့ချင်နေသလိုမျိုးပဲ''

နဒီ ဝတ်ရည်နားလည်အောင် ရှင်းမပြတတ် သူဖြစ်နေတာကိုပဲ ရှင်းပြလိုက်၏။

''ကိုထက်က နှင့်ကို ဘာလို့ပြေလည်အောင်ဆက်ဆံတာလဲ နဒီ''

''အင်း ... ငါဆေးရုံတက်ရတာကို အားပေးတဲ့အနေနဲ့ ဆက်ဆံတာနေမှာပေါ့၊ အဲ ... ထူးခြားတာက ကိုထက်က ငါ့နဲ့မျက်လုံးချင်းဆုံရင်စိုက်ကြည့်ပြီး တစ်ခုခုကိုရှာနေသလိုမျိုးပဲ''

''နဒီ ... နှင့်မျက်လုံးထဲမှာ အမှိုက်ဝင်နေလို့နေမှာပေါ့''

ဝတ်ရည်က ပြုံးစိစိနှင့်နောက်လိုက်ပေမယ့် နဒီက ...





''အဲဒီလိုလည်းမဟုတ်ဘူး ... ဝတ်ရည် ကိုထက်ကြည့်တဲ့ပုံက ပစ္စည်းတစ်ခုခုကိုကြည့်တဲ့ပုံမျိုး''

''နှင့်အစ်မ အစား နှင့်ကို ... ''

''တော် ဝတ်ရည် ... ကိုထက်မှာ အဲဒီလိုစိတ်မာတ်မျိုးမရှိဘူး၊ ငါကလည်း ကိုအာကာနဲ့စေ့စပ်ထားတဲ့သူလေ''

''အေးပါ ... ငါကစိုးရိမ်လို့ပြောတာ ငါ့စကားမှားသွားရင် ဆောရီးပါပဲ''

ဝတ်ရည်ကပြန်တောင်းပန်နေစဉ် ဖုန်းထက်က သူတို့နားသို့ လျှောက်လာသည်။

''နဒီ ... ကိုထက် ပြန်တော့မယ် ... ''

''ပြန်တော့မလို့လား ကိုထက်ရဲ့ စောပါသေးတယ်''

''အလုပ်ကိစ္စချိန်းထားတာရှိလို့''

''အင်းလေ ... ပြန်ချင်လည်းပြန်တော့ ကားကိုဂရုစိုက်မောင်းနော်''

''ကောင်းပါပြီဗျာ''

နဒီက သူ့ကိုစိတ်ပူစွာ လှမ်းပြောသည်ကို ခေါင်းညိတ်လိုက်ပြီး အခန်းထဲမှ ထွက်လာခဲ့သည်။

ညအမှောင်ကလည်း ရောက်လာချိန်မို့ စင်္ကြံလမ်းမီးရောင်မှိန်မှိန်က လင်းလာ၏။ စင်္ကြံလမ်းအတိုင်း ဆေးရုံဝင်ပေါက်ဆီသို့လျှောက်လာရာ လမ်းခုလတ်အချိုးတစ်ခုသို့ ရောက်လာ၏။

''ဒုန်း ... ဒုန်း ... ဒုန်း''

''ဟင်''

သူ ဒီဆေးရုံသို့ စရောက်သည့်ညက တွန်းလာသည့်လှည်းသံကို ကြားလိုက်ရ၍ ကိုယ်ကိုလှည့်ပတ်ကြည့်လိုက်သည်။ တွန်းလှည်းကို



www.burmeseclassic.com

www.burmeseclassic.com



လည်းမတွေ့ရ။

“ဒုန်း ... ဒုန်း ... ဒုန်း”

အသံက ပွဲတင်သံလိုလို လိုဏ်ခေါင်းသံလိုလိုထွက်လာ၍ သူ့ ကြက်သီးများ ထလာသည်။

လမ်းတစ်လျှောက်တွင် လူများရှင်းနေကာ ဆေးရုံပေါက်ဝသို့ ရောက်ရန်ကလည်း လိုသေး၏။

“ရှပ် ... ရှပ် ... ရှပ်”

ခြေသံတစ်ခု ...

သူ့နောက်ကလိုက်လာသလိုလို သူလျှောက်လာသည့်လမ်းဘေးက အခန်းထဲမှကြားနေရသလိုလိုနှင့် ...

“ဒုန်း”

“ဟာ”

ထောင့်ချိုးလမ်းမှထွက်လာသော လှည်းကိုတွေ့လိုက်ရ၍ လန့်သွားသည်။

“အလောင်းတင်ထားတဲ့လှည်းပါလား”

သူ့ရှေ့က ကန့်လန့်အနေအထားအတိုင်းပိတ်ရပ်နေသလိုဖြစ်နေ၍ ...

“ဟေ့လူ ... ဒါ ဘာလုပ်တာလဲ”

တွန်းလှည်းတွန်းသည့်လူကို အော်လိုက်၏။ ထိုလှည်းတွန်းသည့်လူက သူ့ကိုခပ်ပြုံးပြုံးကြည့်ကာ ...

“အလောင်းကြည့်ဦးမလား ...”

ပြန်မေးလိုက်ရာ သူ ခေါင်းကိုခပ်သွက်သွက်ခါလိုက်ပြီး ...

“ဘာလို့ကြည့်ရမှာလဲ ... မကြည့်ဘူး”

“ဒီအလောင်းက ရင်ပွင့်နေတဲ့အလောင်းဗျ ... သူ့အသည်း





ကို ထုတ်ထားတာ”

“မကြည့်ဘူးဗျာ ... မကြည့်ဘူး”

အသံကုန်အော်ဟစ်လိုက်သောကြောင့် တွန်းလှည်းသမားလည်း လှောင်သလိုအကြည့်နှင့်ကြည့်ပြီး လှည်းကိုဆက်တွန်းသွားတော့သည်။ သူလည်း ခပ်သွက်သွက်လျှောက်လာပြီး ဆေးရုံပေါက်ဝကထွက်ကာ ကားပေါ် ရောက်တော့ တစ်ရှူးဘူးထဲမှ တစ်သျှူးကိုထုတ်၍ ချွေးများသီးနေသော နဖူးကိုသုတ်လိုက်၏။

“ဒီဆေးရုံ ဘယ်တော့မှမလာတော့ဘူး ... ဟူး”

လေပူတစ်ချက် မှုတ်ထုတ်လိုက်ပြီး ကားစက်ကိုနှိုးကာမောင်းထွက်လာသည်။ သူ့နှာခေါင်းထဲတွင် ပိုးသတ်ဆေးအနံ့လိုလို ဆေးနံ့လိုလိုဖြင့် ဆေးရုံက အနံ့ကစွဲနေလေရာ ကားအဲယားကွန်းကို ဖွင့်လိုက်သည်။

ထိုအခါမှ အနံ့က မနံတော့ဘူးဟုထင်ရသည်။ ကားမောင်းလာရင်း သူ့ကားထဲမှာ တစ်ယောက်ယောက်ပါလာသလိုလိုခံစားရ၍ နောက်ကြည့်မှန်မှတစ်ဆင့် ကားနောက်ခန်းသို့ကြည့်လိုက်ရာ ...

“ဟင်”

“ကျွီ ...”

မှန်ထဲတွင်တွေ့လိုက်ရသည့် မြင်ကွင်းကြောင့် ကားဘရိတ်ကို ဆွဲနင်းလိုက်၏။ လူကိုလည်း နောက်ဘက်လှည့်၍ ...

“ခင် ... ဗျား ဘယ် ... သူ ... လဲ ...”

“ဟား ... ဟား ... ဟား ...”

မဂိုကုလားမများဝတ်သည့် ဝတ်ရုံလိုလို ဝတ်ရုံအနက်ကြီးကို ခေါင်းတွင်ခြုံထားရာမှ ရယ်မောသံကြီး ထွက်လာသည်။ ကြောက်ရွံ့တုန်လှုပ်နေ၍ ဘာဆက်လုပ်ရမှန်းသူမသိ ...

“ခင် ... ဗျား ... ဘယ် ... သူ ... လဲ ... သွား ... ကား



www.burmeseclassic.com

www.burmeseclassic.com



ပေါ်က ခုဆင်း''

''ဟား … ဟား … ဟား''

အဆက်မပြတ် ရယ်မောနေတာမှလွဲ၍ ပြန်မဖြေ ကားဘေးသို့ ကြည့်လိုက်ရာ သူရပ်နေသည့်နေရာက လူရှင်းပြီးမဲမှောင်သည့်နေရာဖြစ်နေသလို ဖြတ်သွားသည့်ကားတစ်ချို့ကလည်း အရှိန်ပြင်းစွာမောင်းနှင်သွားကြမြဲဖြစ်၏။

''ဝုန်း''

ကားနောက်ခန်းတံခါး ရုတ်တရက်ပွင့်ကာ သူပရာဒိုကားပေါ်မှ လမ်းဘေးမှောင်ထဲသို့ဆင်းပြေးသွားသည်။ သူကားပေါ်မှလှမ်းကြည့်လိုက်ရာ မဲမဲသဏ္ဌာန်ကိုသာတွေ့ရပြီး ဘယ်နေရာသို့ဦးတည်ပြေးထွက်သွားမှန်းမသိရချေ။

ခါးကြားမှ လက်ကိုင်ဖုန်းကိုထုတ်ပြီး အောင်သစ်ကိုအမြန်ဆုံးဖုန်းခေါ်လိုက်သည်။

''ဟဲလို …''

''…''

''အောင်သစ် ငါပါ … မင်းကို ငါအခုတွေ့ချင်တယ်၊ ရန်ကင်းစင်တာနားက စားသောက်ဆိုင်ကိုလာခဲ့ပါ''

''…''

''အရေးကြီးတယ် အောင်သစ် အခုလာပါ''

ဖုန်းကိုပိတ်လိုက်ပြီး ကားကိုအမြန်ဆုံးမောင်းထွက်လာခဲ့တော့သည်။ ထိတ်လန့်တဲ့စိတ်တွေက သူတစ်ကိုယ်လုံးကို လွှမ်းမိုးနေ၍ မိမိကိုယ်ကို အတည်ငြိမ်ဆုံးဖြစ်အောင် ကြိုးစားထားရ၏။

သူကားပေါ်ပါလာသော လူလား ဝိညာဉ်လား အသေအချာမခွဲခြားနိုင်။ မျက်နှာကိုလည်းမမြင်ရ။ ကားပေါ်မှဆင်းပြေးသွားစဉ်ကလည်း





ဝတ်ရုံအနက်ဖားဖားကြီးကိုသာတွေ့လိုက်ရတာကြောင့်လည်း သူ့ကိုလွန်စွာချောက်ချားစေသည်။

သူ သက်ထားအလောင်းကိုတွေ့စဉ်က မျက်လုံးနှစ်ဖက်မရှိသောမျက်နှာကြီးကလည်း သူ့စိတ်ကိုခွဲနေသည်။ သိပ်ချစ်ရတဲ့ချစ်သူဖြစ်နေသော်လည်း ဝိညာဉ်တစ္ဆေဘဝမျက်နှာကြီးကိုမမြင်ချင် … သူ့ဘေးမှာအမြဲကပ်ပါနေသည်ဟုလည်း စိတ်ထဲထင်နေတာကလည်း သူ့လိပ်ပြာကို ခြောက်လှန့်နေသလို ဖြစ်နေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## ကသစ်ပင်မှာနေပါ

### အခန်း (၇)

သူ အိပ်ရာကနိုးတော့ ခုတင်ဘေးတွင် မေမေနှင့်အောင်သစ်က စိုးရိမ်တဲ့မျက်လုံးတွေနှင့် သူ့ကိုကြည့်နေသည်ကိုတွေ့ရသည်။

"သား ... နိုးလာပြီလား"

"ဟုတ် ... ဟုတ်ကဲ့"

အောင်သစ်က သူ့ကိုဆွဲထူမပေးပြီး ထိုင်စေသည်။ ခေါင်းထဲကလည်း လွန်စွာကိုက်နေသဖြင့် ...

"ခေါင်းအရမ်းကိုက်တယ်ကွာ ... "

"မင်း ... ညကအရမ်းမူးနေတာကို ငါတောင်ခုထိအိမ်မပြန်ရသေးဘူး"

"ဟင်"

သူ ညကအဖြစ်အပျက်တို့ကို ပြန်စဉ်းစားလိုက်တော့ အောင်သစ်ကိုဖုန်းဆက်ခေါ်ပြီး စားသောက်ဆိုင်တွင် သူ့ရဲ့ထိတ်လန့်ဖွယ်အဖြစ်အပျက်တို့ကိုပြောကာ သောက်လိုက်သဖြင့် အမူးလွန်သွား၍ အောင်သစ်က သူ့





ကို အိမ်သို့လိုက်ပို့သည်။

"သားရယ် ... အရက်သောက်လေ့သောက်ထမရှိဘဲ ဘာလို့သောက်ရတာလဲ ... ညက သားမူးတာလူမှန်းသူမှန်းတောင်မသိဘူး"

"အင်း ... "

သူ မေမေ့ကိုဘာမှပြန်မပြော အိမ်သို့ရောက်ပြီးနောက်ပိုင်း ဘာတွေဆက်ဖြစ်လည်းဆိုတာလည်း သူမသိတော့ ...

"အန်တာလည်း တအားပဲကွာ ... သက်ထားလာနေပြီဆိုပြီး အိမ်ကိုပတ်ပြေးနေလို့ မနည်းလိုက်ဖမ်းရတယ်၊ မင်းသက်ထားကို တကယ်တွေ့လို့လား"

"ငါ ဘာမှကို မမှတ်မိတာ အောင်သစ် ... "

"မင်းဘာမှမမှတ်မိတာ အကြောင်းမဟုတ်ဘူး အန်တီက သူ့သားရူးသွားပြီဆိုပြီး ငိုလိုက်တာမပြောနဲ့"

"ဟုတ်လား ... မေမေ"

"ဟုတ်တယ် ... သား မေမေသားကိုအရမ်းစိုးရိမ်သွားတာ အသံကလည်း ဗလုံးပထွေးနဲ့ သက်ထားတို့ခြံနဲ့မေမေတို့ခြံကြားက ကသစ်ပင်ကိုလက်ညှိုးထိုးပြီး သက်ထားအဲဒီမှာနေဆိုပြီး ပြောနေတာ"

သူ မေမေ့ကိုသနားသွားမိသည်။ သူကိုယ်တိုင် ဘာမှမသိတော့ပေမယ့် မေမေနှင့်အောင်သစ်ပြောပြတာနဲ့တင် သူ့ရဲ့အဖြစ်တွေကလွန်စွာဆိုးနေမှန်းသိသာနေသည်။

"သား ... တောင်းပန်ပါတယ် မေမေ နောက်အဲဒီလိုမဖြစ်စေရပါဘူး"

"သား အရက်မသောက်ပါနဲ့လို့ပဲ မေမေပြောချင်တယ်၊ မောင်အောင်သစ်လည်း သားကိုထိန်းပါ"

"ဟုတ်ကဲ့ ... အန်တီ"



www.burmeseclassic.com

www.burmeseclassic.com



''သားမှာအစွဲရှိနေတယ် တတ်နိုင်သလောက်မေ့နိုင်အောင် ကြိုးစားပါ ... ဘယ်တော့မှပြန်မရနိုင်တဲ့အရာကို လိုချင်နေရင် သားပဲ ဒုက္ခရောက်မယ်''

''ဟုတ်ကဲ့ ... သားကြိုးစားပါ့မယ်''

သူ ခုတင်ပေါ်ကဆင်းပြီး ရေချိုးခန်းထဲဝင်တော့ မေမေနှင့် အောင်သစ်က အိမ်ရှေ့ဧည့်ခန်းသို့ ထွက်သွားသည်။

''မောင်အောင်သစ် ဘယ့်လိုမြင်လည်း မင်းသူငယ်ချင်းကားပေါ် ပါလာတာ တစ္ဆေသရဲလား''

''ကျွန်တော်ထင်တာ ဖုန်းထက်ရဲ့စိတ်ပိုင်းဆိုင်ရာ အခြေအနေပဲ သူ့စိတ်ကအရမ်းထိတ်လန့်နေတယ် သက်ထားအလောင်းမှန်းမသိဘဲ သူ တွေ့ခဲ့တဲ့ ချောက်ချားစရာအလောင်းက စတွေ့တာကနေ သက်ထားမှန်း သိတော့ သူခံစားရတဲ့အပူနဲ့ ရုပ်အလောင်းကိုဆက်စပ်တွေးရင်း ကြောက် ရွံ့စိတ်တွေက သူ့ကိုလွှမ်းမိုးသွားတာလို့ ကျွန်တော်ယူဆတယ် အန်တီ''

အောင်သစ်က တွေးတွေးဆဆနှင့် အန်တီဒေါ်နွဲ့နွဲ့ကို ပြောလိုက် သည်။

''ဟုတ်ပြီလေ အန်တီတို့ ဘယ်လိုဆက်လုပ်သင့်လဲ ... မင်း အန်ကယ်ကနယ်သွားနေတာဆိုတော့ အနီးစပ်ဆုံး မင်းနဲ့တိုင်ပင်ရတာ''

''သူ့စိတ်အေးချမ်းအောင် ရိပ်သာဝင်တာအကောင်းဆုံးပဲ ဒါမှမဟုတ် စိတ်ပျော်စေဖို့ ခရီးတစ်ခုခုထွက်နိုင်ရင် ကောင်းမလား''

''မောင်အောင်သစ်ပြောတာ သဘာဝကျတယ် သားကိုမေးကြည့် လိုက်မယ်လေ''

''ပွဲရုံကိစ္စတွေက ... ''

''မန်နေဂျာ အောင်ဖြိုးရှိတာပဲ၊ မင်းအန်ကယ်လည်း ဖုန်းအမြဲ ဆက် စီမံနေတာရပါတယ်''





ထိုစဉ် ...

ဖုန်းထက် ရေချိုးအဝတ်အစားလဲကာ အိမ်ရှေ့သို့ ထွက်လာ သည်။

''သား ... ကော်ဖီသောက်မလား''

''သောက်မယ်မေမေ၊ ခါးခါးလေးလုပ် ဒါမှခေါင်းကြည်မှာ''

''အပုလေးရေ နင့်အစ်ကိုအတွက် ကော်ဖီယူခဲ့ပေါ့''

မေမေက အိမ်နောက်ဖေးသို့လှမ်းအော်ပြောလိုက်ပြီး သူ့ကို-

''သားအလုပ်တွေများလို့ စိတ်ရှုပ်နေတယ်ထင်တယ်''

''ဘာဖြစ်လို့လဲ မေမေ''

''သားကိုမေမေကြည့်ရတာ မလန်းဘူး၊ အေးအေးဆေးဆေး အနားယူပါလားသားရယ်''

''သား ဘာမှမဖြစ်ပါဘူး မေမေ''

သူ မေမေကို ပခုံးတွန့်ပြပြီးပြောလိုက်ရာ မေမေက ...

''လူတွေမှာ စိတ်ဖိစီးမှုများလာရင် စိတ်တွေကမကြည်မလင်ဖြစ် တတ်တယ်သားရဲ့၊ ကိုယ့်စိတ်ကိုလည်း အနားပေးရတယ်၊ ဒါမှနောက် လုပ်မယ့်အလုပ်တွေအတွက် အားဖြစ်မှာပေါ့''

''ဘယ်လို အနားပေးရမလဲ မေမေ''

''ရိပ်သာတစ်ခုခုမှာ ရက်ပိုင်းတရားအားထုတ်ပါလား၊ အရမ်း အေးချမ်းတယ်''

မေမေက တရားစခန်းရိပ်သာသို့ အခါအားလျော်စွာဝင်၍ တရားထိုင်သူပီပီ သူ့စိတ်အေးချမ်းဖို့အတွက် ရိပ်သာဝင်ရန်တိုက်တွန်းနေ၏။

''အမှန်အတိုင်းပြောရရင် သားစိတ်တွေ ထွေနေတယ် မေမေ၊ ရိပ်သာဝင်ရင် အေးချမ်းမှန်းသိပေမယ့် အလေ့အကျင့်မရှိရင် ပိုဆိုးမလား



www.burmeseclassic.com

www.burmeseclassic.com



လို့ထင်တယ်''

''ခရီးတစ်ခုခုထွက်ပါလား ဖုန်းထက် မင်းခရီးထွက်ရင် ငါပါလိုက်မယ် ... စိတ်ပြေလက်ပျောက်ပေါ့ကွာ''

အောင်သစ်က အကြံပေးတာကို ဖုန်းထက်က သေချာစဉ်းစားလိုက်ပြီး ...

''မေမေပြောတာနဲ့ မင်းပြောတာကို ငါစဉ်းစားပါ့မယ်၊ အလုပ်သင့်ဆုံးအလုပ်ထက် လောလောဆယ်အလုပ်နိုင်ဆုံးအလုပ်ကို ငါလုပ်ချင်တယ်''

''သား ... အဆင်ပြေမယ့် နည်းလမ်းကိုသာရွေးပါ၊ မေမေက သားလေးစိတ်ချမ်းသာရင်ပြီးတာပဲ''

''ဟုတ်ကဲ့ မေမေ''

မေမေက သူ့ကိုတစ်ဦးတည်းသောသားမို့ အချစ်ပို၏၊ သူဘာလုပ်လုပ်အကျိုးသင့် အကြောင်းသင့်ရှင်းပြကာ ပြောဆိုတတ်သည်။ သူ့အပေါ် အမိန့်မဆန်ဘဲ ဆွေးနွေးခြင်း အကြံပေးခြင်း ညွှန်ပြပြောဆိုခြင်းများဖြင့် ဆုံးမတတ်တဲ့မေမေဟာ သူ့အတွက်အကောင်းဆုံးသော မိခင်တွေထဲက တစ်ယောက်ဖြစ်ခဲ့၏။

''ဖုန်းထက် ... မင်းပွဲရုံသွားမှာလား''

''အေး''

''ငါ့ကို ဝပ်ရှော့ဝင်ပို့ပြီးမှ ဆက်သွား''

''မင်းကားရော''

''ဟာ ... ဒီကောင် အတိတ်မေ့နေပြီ၊ ညက မင်းကားမမောင်းနိုင်လို့ ငါမောင်းပို့ခဲ့တာလေ ... ငါ့ကားကို ဝပ်ရှော့ကအလုပ်သမားတစ်ယောက်ကို ဖုန်းဆက်လာယူခိုင်းလိုက်ရတယ်''

''ဩော် ... အေး ... အေး မေ့သွားလို့ပါကွာ''

အောင်သစ်ကိုချော့လိုက်ပြီး ပွဲရုံသွားရန်အတွက် မေမေ့ကို





နှုတ်ဆက်လိုက်သည်။

''မေမေ သားပွဲရုံသွားတော့မယ်''

''အေး ... အေး''

''ကျွန်တော်လည်းပြန်မယ် အန်တီ''

''ကျေးဇူးအရမ်းတင်တယ် မောင်အောင်သစ် ... မင်း သူငယ်ချင်းကိုတော့ မင်းနဲ့ပဲ စိတ်ချတယ်''

''ဖုန်းထက် ကြားတယ်နော်''

''ဟုတ်ကဲ့ပါ ဆရာရယ် ... လာသွားမယ်''

သူတို့နှစ်ယောက် အိမ်ထဲမှထွက်လာပြီးနောက် ကားပေါ်တက်ကာ မောင်းထွက်လာကြသည်။

''အိပ်ချင်တယ်ကွာ ... အိပ်ချင်တယ်''

''မင်းညက မအိပ်ရသေးဘူးလား''

''မင်း အန်ဖက်စ်ပြီး သေမှာစိုးလို့ မအိပ်ရသေးဘူး၊ ဝပ်ရှော့ရောက်ရင်လည်း အလုပ်ကများဦးမယ် စိတ်ညစ်ပါတယ်ကွာ၊ ငါလည်း မိန်းမမြန်မြန်ရမှ ကောင်းမှာပါ''

အောင်သစ်က သူကားမောင်းနေသည့် ဘေးကထိုင်ကာ အော်နေသည်။

''အောင်သစ် ... မင်းမိန်းမတကယ်လိုချင်လား''

''ငါ့ကို လာတောင်းရင်ယူမယ်ကွာ''

''မင်းလိုကောင်ကို သရဲမပဲလာတောင်းမယ်၊ အဲဒီကျရင် မင်းယူလိုက်''

''ငနာ ... ''

အောင်သစ်က သူ့ကိုပြန်အော်လိုက်သည်။ သူနှင့်အောင်သစ်က တက္ကသိုလ်ရောက်မှ ခင်ခဲ့ကြသည့် သူငယ်ချင်းတွေဖြစ်ပေမယ့် ယယ်ဖေါ်း



www.burmeseclassic.com

www.burmeseclassic.com



တွေလို ခင်မင်ရင်းနှီးကြသည်။

သူ့အနွံ့အတာကိုလည်း အလွန်ခံသူဖြစ်ပြီး သူ့ခိုင်းသမျှကိုလည်း မညည်းမညူလုပ်ပေးတတ်သူဖြစ်သောကြောင့် အောင်သစ်အပေါ် သူ ခင်မင်တာလည်းမဆန်းလှ။

မိခင်မရှိတော့ဘဲ ဖခင်နှင့်အတူ ဝပ်ရှော့လုပ်ငန်းကို ဦးစီးလုပ်ကိုင်ကာ အောင်မြင်သောလုပ်ငန်းရှင်တစ်ယောက်ဖြစ်နေပေမယ့် ချစ်သူရည်းစားတော့မရှိသေး။ မိန်းမများကျလောက်သည့်ရုပ်ရည်ရှိပေမယ့် စီးပွားရေးအပေါ်သာ အာရုံစိုက်နေ၍ အချစ်ဆိုတာ သူ့အတွက် အပိုပစ္စည်းသက်သက်လိုသာ ဖြစ်နေတော့သည်။

"အောင်သစ် _ ငါခရီးထွက်ရင်ကောင်းမယ်ထင်တယ်"

"ဘယ်ကိုသွားမလဲ"

"ရှမ်းပြည်ဘက်က ခဏခဏသွားနေတော့ အညာဘက်သွားမယ်ကွာ"

"ကောင်းတယ် _ ဘယ်တော့သွားမလဲ"

"မင်းဆီ ကြိုဖုန်းဆက်လိုက်မယ်"

"အိုကေ ... ပိုက်ဆံတော့များများထည့်ခဲ့နော် ငါက အစားသမား၊ ရောက်တဲ့အရပ်မှာ အမုန့်းဆွဲမှာ"

"စားပိုးနင့်သေမယ့်ကောင်"

သူနှင့်အောင်သစ်အပြန်အလှန်နောက်ပြောင်ပြောရင်း အောင်သစ်ဝပ်ရှော့ရှေ့၌ ကားကိုရပ်ပေးလိုက်ပြီး အောင်သစ်ဆင်းနေခဲ့၍ သူလည်းပွဲရုံသို့မောင်းလာခဲ့တော့သည်။

၆•၆



## တစ္ဆေနေတဲ့အခန်း

### အခန်း (၈)

နဒီဆေးရုံကဆင်းပြီး အိမ်သို့ရောက်လာတော့ သူ့အခန်းထဲမှာ နေရတာ အဆင်မပြေသလို ခံစားရသဖြင့် အခန်းပြောင်းနေချင်စိတ်တွေ ဖြစ်လာသည်။

သူ့အခန်းပြောင်းနေမည့်ကိစ္စကို ဒက်ဒီနှင့်မာမီဆုံသည့် ညပိုင်း၌ ညစ်ခန်းတွင်ထိုင်ပြောဖြစ်၏။

"မာမီ ... နဒီ အခုနေတဲ့အခန်းမှာ မနေချင်ဘူး"

"ဘာဖြစ်လို့လဲ သမီးလေးရဲ့၊ သမီးပဲ အဲဒီအခန်းကို နေချင်လှချည်ရဲ့ဆိုပြီးနေခဲ့တာလေ"

"ဟုတ်ပါတယ် ... ဒါပေမဲ့ အခုမနေချင်တော့ဘူး၊ သမီးမျက်လုံးထဲမှာ ရုပ်နေသလိုပဲ"

ဒက်ဒီက ဂျာနယ်ဖတ်နေရင်း နဒီကို တစ်ချက်လှမ်းကြည့်ကာ

"သမီးက ဘယ်အခန်းမှာ နေချင်လို့လဲ"

"အင်း ... မမအခန်း ... "



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

ဒက်ဒီရော မာမိမှာ အံ့ဩစွာနှင့် နဒီကို ပြိုင်တူဝိုင်းကြည့်ကြ၏။ မာမိက ...

"သမီးလေးက ဘာလို့မမအခန်းမှာ နေချင်တာလဲ"

"မသိဘူး မာမိ ... နဒီ မမအခန်းမှာပဲ နေချင်တယ်၊ နဒီ အခန်းမှာ မနေချင်တော့ဘူး"

"ဟင်း"

ဒက်ဒီ၏သက်ပြင်းချသံကြီးနှင့်အတူ စားပွဲပေါ် ဂျာနယ်ကိုချလိုက်ပြီး နဒီကို လေးနက်တဲ့အမူအရာဖြင့် ...

"သမီးမမအခန်းမှာ သူရှိစဉ်ကအတိုင်းထားထားတယ်၊ ဘာလို့လဲဆိုတော့ သမီးကြီးသက်ထားရှိစဉ်က ဒီလိုနေခဲ့တာပါလားဆိုတဲ့ အမှတ်တရရှိစေချင်လို့ပဲ သမီး ...

ပြီးတော့ သူသေတာ အစိမ်းသေလေ၊ သမီးကြီးအခန်းမှာ သမီးနေလို့ စိတ်ချောက်ချားမှုတွေဖြစ်ရင် သမီးပဲ ရောဂါရမယ် မနေပါနဲ့ သမီးရယ် ..."

"ဟင့်အင်း _ နဒီ မမတစ္ဆေသရဲဖြစ်လည်း မကြောက်ပါဘူး"

"သမီး _ သမီးရဲ့မမကိုသိပ်ချစ်တာ ဒက်ဒီသိပါတယ်၊ သမီးမမ တစ္ဆေသရဲဖြစ်နေလို့ ခြောက်တာကိုမဟုတ်ဘူး။ သမီးစိတ်က ချောက်ချားမှာကိုပြောတာ၊ ဒါဖြစ်တတ်တဲ့သဘာဝကို ဒက်ဒီဆိုလိုတာ"

ဒက်ဒီက သူ့စကားအဓိပ္ပာယ်ကို နဒီနားလည်အောင်ရှင်းပြနေစဉ်မှာ မာမိက ကြိတ်ပြီးငိုနေတယ် ...

"နဒီ ... မမရဲ့အခန်းမှာပဲနေချင်တယ် နဒီကို ခွင့်ပြုပါနော်"

"သမီးလေး နေချင်ရင်လည်း နေခွင့်ပေးလိုက်ပါ အစ်ကိုရယ်"

မာမိကဝင်ပြောမှ ဒက်ဒီကစိတ်လျှော့သည့် အသံဖြင့် ...





"ကောင်းပြီလေ သမီးနေချင်လည်းနေပါ _ သမီးမမကိုတော့ အမြဲအမျှဝေပေးပေါ့"

"ဟုတ်ကဲ့ ဒက်ဒီ မမအတွက် နဒီအမြဲအမျှအတမ်း ပေးဝေပေးမှာပါ၊ မမလို စိတ်သဘောထားဖြူစင်တဲ့လူကလည်း ကောင်းရာဘုံဘဝကိုရောက်နေမှာပါ"

"ဒက်ဒီတို့လည်း အဲဒီလိုပဲ တွေးမိပါတယ်၊ ဒါနဲ့သမီးအခန်း ဘယ်တော့ပြောင်းမလဲ"

"အခုည ..."

"ဟေ"

ဒက်ဒီက အံ့ဩတဲ့လေသံနှင့် ပြောရန်ပြင်နေစဉ်မှာပဲ ညေ့ခန်းထဲကနေ နဒီပြေးထွက်လာခဲ့သည်။ မမအခန်းနှင့်နဒီနေတဲ့အခန်းက ကပ်လျက်မို့ အဝတ်အစားတို့ကိုနောက်မှရွှေ့မည်ဟုတွေးပြီး မမသက်ထားအခန်းတံခါးကိုဖွင့်ကာ အထဲသို့ ဝင်လာခဲ့သည်။

အခန်းနံရံတွင် မမရဲ့ကျက်သရေရှိသော မျက်နှာဖြင့်လှပစွာ ကြုံနေသည့် ပန်းချီကားက နဒီကိုကြည့်နေသလိုဖြစ်နေ၏။ အခန်းထဲက ပစ္စည်းများမှာ မမရှိစဉ်ကအတိုင်း သေသေသပ်သပ်ရှိနေပြီး ဗီရို စာကြည့်စားပွဲစာအုပ်စင် အဝတ်လှန်းသည့်စင်တို့မှာလည်း သန့်ရှင်းနေ၏။

ဖြူဖွေးသော မွေ့ရာခင်း ခေါင်းအုံးတို့မှာလည်း အိပ်ချင်စဖွယ်ပင်။

နဒီ အခန်းထဲသို့တစ်လှမ်းချင်းဝင်လာပြီး စာကြည့်စားပွဲထိုင်ခုံမှာဝင်ထိုင်ကာ စားပွဲပေါ်မှ စာအုပ်များကို တစ်အုပ်ချင်းလှန်ကြည့်လိုက်သည်။

ကွန်ပျူတာနှင့်ပတ်သက်သည့် စာအုပ်စာတမ်းများအပြင် တရားဓမ္မစာအုပ်များကို တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



စာအုပ်တစ်အုပ်ကြားမှ ဓာတ်ပုံတစ်ပုံထွက်ကျလာသဖြင့် နုဒီ ကောက်ယူကြည့်လိုက်ရာ ...

"ဟင် ... ကိုထက်ပုံပါလား"

ကိုထက်၏ ပြုံးပြုံးလေးနှင့် ဓာတ်ပုံကို နုဒီသေချာစေ့စေ့ကြည့်ပြီး မျက်စိကမခွာနိုင်သလိုဖြစ်နေ၏။

ဓာတ်ပုံနောက်ကျောသို့လှန်ကြည့်လိုက်ပြီး ရေးထားသော စာကြောင်းကို ဖတ်လိုက်သည်။

"သက်ထားအတွက်

အမှတ်တရ ... မောင်"

ဆိုပါလား ...

မမကို ကိုထက်က အမှတ်တရပေးခဲ့တဲ့ဓာတ်ပုံလေးကို အခုတော့ မမကြည့်ခွင့်မရတော့၊ နုဒီ ဓာတ်ပုံလေးကိုကိုင်ကာ ခုတင်ပေါ်၌ ပက်လက်လှန်ကာ သေချာဆက်ကြည့်နေ၏။

"ဒုန်း ... ဒုန်း ... "

အခန်းတံခါးထုသံကြောင့် ခေါင်းအုံးအောက်ထဲ ဓာတ်ပုံကိုထည့်ထားလိုက်ပြီး

"ဘယ်သူလဲ တွန်းဝင်ခဲ့"

အခန်းတံခါးက တဖြည်းဖြည်းဖွင့်လာပြီး အခန်းထဲသို့ မာမီ ဝင်လာသည်။

"သမီးလေး အိပ်ရတာ အဆင်ပြေပါ့မလား"

"ပြေပါတယ် ဘာဖြစ်လို့လဲ မာမီ"

"အဆင်မပြေမှာစိုးလို့ပါ _ သမီးမမရဲ့ပစ္စည်းတွေ ယူမကိုင်နဲ့နော်"

"မာမီရယ် _ မမကသေသွားပြီပဲ နုဒီယူကိုင်တော့ ဘာဖြစ်မှာ





လဲ ... မမစိတ်ဆိုးမှာမဟုတ်ပါဘူး"

နုဒီ မာမီကိုစောဒကတက်လိုက်ပေမယ့် မာမီရဲ့မျက်နှာမှာ စိုးရိမ်တဲ့စိတ်တစ်ခုခုရှိနေသည်ဟု နုဒီထင်နေသည်။

"သမီးလေး တစ်ခုခုကြောက်စရာနဲ့ကြုံရင် မာမီတို့ကို လှမ်းခေါ်လိုက်နော်"

"နုဒီက ဘာမှမကြောက်ဘူး မစိုးရိမ်ပါနဲ့ မာမီ"

"အေးပါ _ ညဉ့်လည်းနက်လာပြီ အိပ်တော့နော် _ မျက်စိက အားရှိဖို့လိုတယ်"

"ဟုတ်ကဲ့ မာမီ"

မာမီက နုဒီနဖူးလေးကို ဖွဖွလေးနမ်းကာ အခန်းထဲမှထွက်သွားတော့သည်။

နုဒီလည်း မီးချောင်းကိုပိတ်လိုက်ပြီး ညအိပ်မီးသီးအပြာလေးကို တွန်းကာ အိပ်ရန်ပြင်လိုက်၏။

အိပ်လို့ကလည်း ချက်ချင်းမပျော် မွေ့ရာပေါ် ဟိုလှည့်ဒီလှည့်လုပ်ရင်း အခန်းနံရံကနာရီကိုကြည့်လိုက်တော့ ညဆယ့်တစ်နာရီပင် ကျော်လာသည်။

အခန်းပြတင်းပေါက်လိုက်ကာကလည်း ပြတင်းပေါက်တံခါးကို မပိတ်မိ၍ လွင့်လွင့်လူးနေ၏။

အအေးဓာတ်ကလည်း တဖြည်းဖြည်းဝင်လာသလို ပြတင်းပေါက်ကတိုးဝင်လာတဲ့လေကလည်း အခန်းထဲကို တစ်ချက်ချက်ဝင်လာသည်။

"အူး ... အူး ... "

ဆွဲဆွဲငင်ငင်အူလိုက်တဲ့ခွေးတစ်ကောင်၏အသံကို နုဒီကြားလိုက်သည်။

အသံလာသည့် ပြတင်းပေါက်ဆီသို့လှည့်ကြည့်လိုက်တော့ ယှုပ်



www.burmeseclassic.com

www.burmeseclassic.com



ရမ်းနေတဲ့လိုက်ကာအဖြူတွေက သူ့ကိုခြောက်လှန့်နေသည်ဟု ထင်ရ၏။

"ရှပ် ... ရှပ် ... ရှပ် ..."

သစ်ရွက်လေတိုးသံလား ... ဒါမှမဟုတ် ခြေသံလား သေချာနားထောင်လိုက်သည်။

"အူး ... အူး ..."

ဒီတစ်ခါ အူလိုက်သည့်ခွေးရဲ့အသံက နဒီခေါင်းရင်းကနေထွက်လာသဖြင့် ကြောက်လန့်ပြီး ခေါင်းထောင်ကြည့်မိသည်။

"ဟင် ..."

အရိပ်လိုလို လွင့်မြောမြောသဏ္ဍာန်တစ်ခုက အခန်းအပြင်ဘက်မှာရှိနေသည်ကို တွေ့ရသည်။

"ဘယ်သူလဲ ... ဘာလုပ်မလို့လဲ ..."

နဒီအတင်းကြုံးအော်လိုက်သော်လည်း ထိုအရိပ်ကြီးက ထွက်မသွားဘဲ ပြတင်းပေါက်ကနေ သူ့ကိုရပ်ကြည့်နေသည်ကိုတွေ့ရသဖြင့် -

"သွား ... သွား ... ဘာလုပ်နေတာလဲ"

အာခေါင်ခြစ်ကာ အတင်းကြုံးအော်လိုက်သော်လည်း ထိုအရိပ်ကြီးက မထွက်သွားပါ ... နဒီ အာခေါင်တစ်ခုလုံး ခြောက်ကပ်လို့လာသည်။ အခန်းနံရံက သူ့မမသက်ထားရဲ့ ဓာတ်ပုံကိုလှမ်းကြည့်လိုက်တော့ မာတ်ပုံက နဂိုမူရင်းမဟုတ်တော့ဘဲ မျက်လုံးနှစ်ဖက်မှာ အမဲဝိုင်းကြီးကို တွေ့နေရသည်။

"ဟင် ..."

နဒီ ဘာလုပ်ရမှန်းမသိ ခုတင်ပေါ်ကပြေးဆင်းပြီး အခန်းထဲမှ အမြန်ဆုံးထွက်သွားချင်သော်လည်း သူ့ကိုတစ်စုံတစ်ဦးက ဆုပ်ကိုင်ထားသလို လှုပ်ရှားလို့ကမရဖြစ်နေ၏။

ပြတင်းပေါက်က အရိပ်သဏ္ဍာန်ကလည်း အခန်းထဲသို့ဝင်ရန်





ကြိုးစားနေသဖြင့် ...

"မလာနဲ့ ... ငါ့ဆီကိုမလာပါနဲ့ ..."

နဒီ လှမ်းအော်တားဆီးသော်လည်းမရ နောက်ဆုံးတော့ ...

"အား ..."

အသံကုန်ဟစ်ကာ မေ့မျောကျသွားလေတော့သည်။ သူ့ခန္ဓာကိုယ်တစ်ခုလုံးလည်း လေထဲလွင့်မျောနေသလို ဝေ့ဝေ့ဝဲဝဲနှင့် အမှောင်လောက ထဲကိုရောက်လို့သာသွားသည်။ ကြယ်ရောင်တချို့ရဲ့ အလင်းကိုတွေ့လိုက် နက်ရှိုင်းလှသောအမှောင်ထဲဖြတ်သန်းလိုက်နှင့်ကြာလာတော့ သူမောလာ သည်။ သက်ပြင်းရှိုက်သံတို့ ပိုမြန်လာကာ ရင်တစ်ခုလုံးမို့လောက်မောက်လိုက်နှင့် ပင်ပန်းလွန်း၍ ခန္ဓာတစ်လုံး လဲမပြိုအောင်ထိန်းထားလိုက်သည်။ တဖြည်းဖြည်းချိနဲ့နေသော အင်အားနှင့်လျှောက်သည်။ နောက်ဆုံးမှာတော့ ...

အလွန်နက်ရှိုင်းသော ချောက်ကြီးထဲကို ကျကာသွားတော့လေသည်။

"အား"

တတ်နိုင်သလောက် အင်အားကိုစုစည်းပြီး အသံကုန်ဟစ်အော်လိုက်ရာ ပတ်ဝန်းကျင်တစ်ခုလုံးသို့ လွင့်ထွက်သွားလေတော့သည်။

ဪ•ဪ



www.burmeseclassic.com

www.burmeseclassic.com

## မျက်လုံးမရှိတော့သည့်ဓာတ်ပုံ

### အခန်း (၉)

"သမီးလေး ... နဒီ ... သမီးလေး"

မာမီအသံက နဒီကို အဆက်မပြတ်ခေါ်နေသဖြင့် နဒီ သဲ့သဲ့ကြားနေရာမှ အသံကတဖြည်းဖြည်းပီပြင်လာသည်။

"ဟင်"

"သမီးလေး ... သမီး ဘာဖြစ်နေတာလဲ"

"ဟင်"

နဒီ အိပ်ရာပေါ်မှ လူးလွန့်ရင်း မျက်လုံးကို တဖြည်းဖြည်းဖွင့်ကြည့်လိုက်ရာ မာမီနှင့်ဒက်ဒီအပြင် သူ့ကိုယ်စဉ်တည်းက ထိန်းခဲ့တဲ့ ဒေါ်ကြီးမိုး အိမ်ဖော်မလေးထွေးရီတို့ကို တွေ့လိုက်သည်။

"နဒီ ဘာဖြစ်လို့လဲ မာမီ"

"သမီးလေး အသံကုန်ဟစ်ပြီးအော်နေလို့ မာမီတို့တွေ ပြေးလာကြတာ"

"ဟင်"





ထိုအခါမှ နဒီသေချာစဉ်းစားလိုက်ပြီး သူ့အာရုံတွင် သူတွေ့ခဲ့သည့်အကြောင်း တရေးရေးပေါ်လာသည်။

"နဒီ အိပ်မက်,မက်တာပါ မာမီ"

"အိပ်ရာဝင်ခါနီး ခြေလက်ဆေး ဘုရားရှိခိုးမှပေါ့ သမီးရယ် မာမီတို့ စိတ်အရမ်းပူသွားတာပဲ ထွေးရီ ရေတစ်ခွက်သွားခပ်"

"ဟုတ်ကဲ့ မာမီကြီး"

အိမ်ဖော်မလေး ထွေးရီက ရေတစ်ခွက်ပြေးခပ်ပြီး နဒီကို တိုက်လိုက်သည်။ ဒက်ဒီက ...

"သမီးလေး စိတ်ရှုပ်စရာ စိတ်ညစ်စရာတွေတွေးပြီး မအိပ်နဲ့ ကိုယ့်စိတ်ကို အကြည်လင်ဆုံးဖြစ်အောင်ထား"

"ဟုတ်ကဲ့"

ဒက်ဒီကို လိုက်ပြီးအခန်းနံရံမှ မမသက်ထား၏ဓာတ်ပုံကို အကြည့်ရောက်သွားသည်။

"ဟင်"

"ဘာ ... ဘာလဲ သမီး"

"မမ ... ဓာတ်ပုံ"

ဒက်ဒီရော မာမီပါ ပြိုင်တူဓာတ်ပုံဆီသို့အကြည့်ရောက်သွားပြီး ဒက်ဒီက ဓာတ်ပုံဆီလျှောက်သွားကာ မှန်ဘောင်ကို ဖြုတ်လိုက်သည်။

"ဒက်ဒီ ... မမဓာတ်ပုံထဲက မျက်လုံး"

ဒက်ဒီနှင့်မာမီက ဓာတ်ပုံကိုသေချာကြည့်ကြပြီး

"အဖေကြီး ... သမီးကြီးဓာတ်ပုံက ဘာဖြစ်နေတာလဲ"

"ဆေးကွက်နေတာပါ"

"မဟုတ်ဘူး ဒက်ဒီ ... ဆေးကွက်တာမဟုတ်ဘူး မျက်လုံးမရှိတော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း ..."

ဒက်ဒီက သက်ပြင်းအရှည်ကြီးကိုချလိုက်ပြီး ခေါင်းကိုလေးတွဲ့စွာရမ်းသည်။

"သမီးလေး နဒီ စိတ်ထင်နေတာပါ ဓာတ်ပုံက သမီးမမ ဆယ်တန်းနှစ်တည်းကဆိုတော့ ဆေးကွက်သွားတာပါ ဒက်ဒီတို့ယူသွားလိုက်မယ်"

"ထားခဲ့ပါ ဒက်ဒီ — မမအခန်းမှာ မမဓာတ်ပုံရှိတာ အကောင်းဆုံးပါပဲ"

"သမီးလေးက ဒီအခန်းမှာနေတာဆိုတော့ ဒီဓာတ်ပုံက သမီးလေးကို အမြဲခြောက်လှန့်နေသလို ဖြစ်မှာစိုးလို့ပါ"

မာမီကပါဝင်ပြောတော့ နဒီ ဘာမှမပြောသာတော့ ဒက်ဒီနှင့် မာမီတို့အားလုံး အခန်းအပြင်ဘက်သို့ထွက်သွားတော့ နဒီလည်း အိပ်ရာပေါ်လှဲရင်း မမသက်ထား၏ဓာတ်ပုံအကြောင်းကိုသာ စဉ်းစားရင်းအိပ်ပျော်သွားတော့သည်။

မနက်လင်းလို့ နဒီအိပ်ရာကနိုးတော့ မာမီက ...

"သမီးလေး — မောင်ဖုန်းထက် ရောက်နေတယ် သမီးလေး မနိုးသေးလို့ ဧည့်ခန်းမှာထိုင်စောင့်နေတယ်"

"ဟုတ်ကဲ့ မာမီ"

နဒီ ရေချိုးခန်းသို့ဝင်ကာ မျက်နှာသစ် ရေချိုးအဝတ်အစားလဲကာ ဧည့်ခန်းသို့ထွက်လာသည်။

"ကိုထက်ရောက်နေတာ ကြာပြီလား"

"နည်းနည်းကြာသွားပြီ၊ နဒီ နေကောင်းစဆိုတော့ အိပ်ပါစေဆိုပြီး ထိုင်စောင့်နေတာ"

"ကိုထက်ကို အားနာပါတယ် — လူနာသတင်းလာမေးတာပဲ





လား နဒီက လူနာမဟုတ်တော့ဘူးနော်"

ဖုန်းထက်က အားရပါးရပြုံးပြီး နဒီကို ...

"ကိုထက်လာတာ လူနာသတင်းမေးမလို့ မဟုတ်ဘူး၊ ဓာတ်ပုံရိုက်ဖို့ မော်ဒယ်လာငှားတာ"

"ဘယ်လို"

ဖုန်းထက်စကားကို နဒီ နားမလည်သဖြင့် ရှင်းအောင်ပြန်မေးလိုက်သည်။

"ဒီလို ... နဒီရဲ့ ကိုထက် နဒီရဲ့ပုံကို ဓာတ်ပုံရိုက်ချင်လို့"

"ဘာအတွက်လဲ ကိုထက်"

"ကိုထက်တို့ ပွဲရုံပြကွဒိန်ထုတ်ဖို့အတွက်ပါ နဒီလက်ခံနိုင်မလား"

နဒီ ... ဖုန်းထက်ကို ဘာဆက်ပြောရမှန်းမသိ။ ဓာတ်ပုံက ခဏခဏအရိုက်ခံဖူးသည်။ နဒီအတွက်လည်း အဆန်းမဟုတ် ... ဖုန်းထက်ကလည်း ထူးချွန်သည့် ကင်မရာသမားတစ်ဦးဖြစ်သလို ပြိုင်ပွဲတချို့မှာ ဆုရခဲ့ဖူးသည်။

"နဒီကို ဆရာဝန်ကြီးတွေက မှာထားတယ် ရူးရှတဲ့အလင်းကို မျက်လုံးကမခံရသေးဘူးတဲ့"

"ကိုထက် မီးအလင်းမထည့်ပါဘူး အများကြီးလည်းရိုက်မှာမဟုတ်ဘူးလေ လေးငါးကွက်ပဲ"

ဖုန်းထက်၏အတင်းတောင်းဆိုမှုကို နဒီဆက်မငြင်းချင်တော့ –

"ကောင်းပြီလေ — ဘယ်တော့ရိုက်မလဲ"

"နဒီ အားမယ်ဆိုရင်၊ အခုပဲရိုက်မယ်"

"ဒါဆိုလည်း နဒီ အဝတ်အစားသွားလဲလိုက်ဦးမယ် ဘယ်လို အဝတ်အစားလဲရမလဲ"

"လဲမနေနဲ့တော့ ... ကိုထက်ရိုက်ချင်တာ နဒီမျက်နှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

နဒီ မျက်လုံးလေးဝိုင်းသွားသည်။ ဘယ်လိုသဘောလဲ ပြက္ခဒိန်ရိုက်တာ အများအားဖြင့် တစ်ကိုယ်လုံးပေါ်အောင်ရိုက်ကြသည်။ အခုတော့ ဖုန်းထက်က မျက်နှာပဲရိုက်မည်တဲ့။

"နဒီ မျက်နှာလေးက အရမ်းအပြစ်ကင်းတယ်လေ၊ ပြီးတော့ ကိုထက်က သမရိုးကျတွေကနေ ဖောက်ထွက်ချင်တယ်"

"ကိုထက် ... သဘောပါပဲ"

"ဒါဆိုလာ ... ခြံထဲမှာပဲရိုက်ရအောင်"

ဖုန်းထက်က သူ့ဘေးက ကင်မရာအိတ်ကြီးကိုလွယ်ကာ ခြံထဲသို့ဆင်းလာရာနောက်သို့ နဒီလည်း လိုက်ဆင်းခဲ့သည်။ ခြံရှေ့စားပွဲခုံဝိုင်းလေးနားရောက်တော့ ...

"နဒီ အဲဒီနားမှာ တစ်စောင်းလေးရပ်ပေး မျက်နှာကို ကိုထက်ဘက်ကိုလှည့်လိုက်"

ဖုန်းထက် ကင်မရာကိုချိန်လိုက်ပြီး သူလိုချင်သည့်ပုံကို နဒီကို တစ်ခုချင်းပြောနေသည်။

"ခေါင်းနည်းနည်းမော့ ဟုတ်ပြီ ... ပြုံးထား တဖြည်းဖြည်းပြုံးရပြီ ရိုက်မယ်"

"ချပ် ..."

ဖုန်းထက် နဒီရဲ့မျက်နှာကို ကင်မရာ Zoom နှင့် ဆွဲယူကာ တစ်ကွက်ချင်းရိုက်တော့သည်။

စိတ်တိုင်းကျပုံသဏ္ဌာန်အမျိုးမျိုးနှင့်ရိုက်နေသော်လည်း ဖုန်းထက် အဓိကထားရိုက်နေတာက နဒီမျက်လုံးကိုပါ ...

"အိုကေ ... ရပြီ"

"ဓာတ်ပုံကူးပြီးရင် နဒီကိုပေးမှာလား"





"မပေးတော့ဘူးလေ ... ကိုထက် မူပိုင်ဖြစ်သွားပြီမလား"

ဖုန်းထက်ကနောက်လိုက်ရာ နဒီက အဟုတ်ထင်ပြီး နှုတ်ခမ်းဆူသွားသည်။ ပါးစပ်မှလည်း ပွစိပွစိလုပ်နေ၏။

"ကိုယ်တိုင်လည်း အရိုက်ခံရသေးတယ် ဓာတ်ပုံလည်းမရဘူး၊ ပိုက်ဆံလည်းမရဘူး ဘယ်လိုဓာတ်ပုံဆရာမှန်းမသိဘူး"

"ဟိတ် ... ကောင်မလေး အဖွားအိုလေးမလုပ်နဲ့နော်"

"ကိုထက်က ဘာလို့ဓာတ်ပုံမပေးတာလဲ"

နဒီရဲ့ရန်တွေ့တဲ့ပုံက ချစ်စဖွယ်လေးမို့ ဖုန်းထက်က ခပ်တည်တည်လုပ်ပြီး ...

"မူပိုင်ဆိုတာ ဖန်တီးတဲ့လူပေါ်မှာပဲ မူတည်တယ် အကျိုးခံစားခွင့်အားလုံးကို ဖန်တီးတဲ့လူပဲ ရသင့်တယ်မလား"

"ကိုထက်နော် ... နဒီ အရင်လိုပြန်နေလိုက်မယ်"

နဒီကပြန်အော်လိုက်တော့ ဖုန်းထက်က ...

"အရင်လိုပြန်မနေပါနဲ့ နဒီရယ် ... ကိုထက်မှာ သက်ထားနဲ့တ်သက်တဲ့ အမှတ်တရဆိုလို့ နဒီမှာပဲရှိတာပါ"

"ဘာ ... ဘယ်လို"

ဖုန်းထက်စကားကို နဒီနားမလည်၍မေးလိုက်ရာ ဖုန်းထ က်က သူ့စကားကျွံသွားတာကို ဖြည်သည့်အနေနှင့်

"ဒီလိုလေ ... နဒီက သက်ထားညီမလေးမလား သက်ထားနဲ့ပုံချင်းလည်းဆင်တယ်လေ ဒါကိုပြောတာ"

"ကိုထက်က ဘာမှန်းလည်းမသိဘူး"

နဒီက ဘယ်လိုသဘောပေါက်သွားသည်မသိ ရှက်ရွံ့သလိုဖြင့် ခေါင်းငုံ့ကာနေလေသည်။

"ကိုထက် ... ခရီးသွားစရာရှိတယ် နဒီ"



www.burmeseclassic.com

www.burmeseclassic.com



"အလုပ်ကိစ္စလား"

"မဟုတ်ဘူး ... ကျန်းမာရေးအတွက်ပါ"

"ဘယ်ဘက်သွားမှာလဲ"

"အညာဘက်သွားမှာ နဒီစားချင်တာမှာလိုက်လေ ကိုထက်ဝယ်လာခဲ့မယ်"

နဒီမျက်နှာ ချက်ချင်းပျက်သွားသလို မျက်လုံးကလည်း မသွားစေချင်သည့်အရိပ်အယောင်တို့လွှမ်းနေ၏။

"နဒီ ဘာမှမစားချင်ဘူး ကိုထက်သာမြန်မြန်ပြန်လာခဲ့"

"နဒီ ကိစ္စရှိလို့လား"

"မရှိပါဘူး ... စိတ်ပူလို့"

"ဟင်"

နဒီက လွှတ်ခနဲထွက်သွားတဲ့စကားနှင့်အတူ ခေါင်းကိုငုံ့ကာနေသည်။ ဖုန်းထက်လည်း စကားလမ်းကြောင်းပြောင်းသည့်အနေဖြင့်

"နဒီကို ဆရာဝန်က ဆေးအမြဲသောက်ဖို့မှာသေးလား"

"မမှာပါဘူး"

"တော်သေးတာပေါ့ ... ဆေးသောက်ပျင်းတဲ့နဒီ ရေရှည်ဆေးသောက်ရမယ်ဆိုရင် မလွယ်ဘူး"

"ဟုတ်တယ် ... ကိုထက်ပြောတာမှန်တယ်"

နဒီက သွက်သွက်လက်လက်ပြန်ပြောပြီး တခြားရောက်တတ်ရာရာများပြောကာ ဖုန်းထက် နဒီတို့အိမ်မှပြန်လာခဲ့တော့သည်။

ဓ၀ဓ



## မျက်လုံးများနှင့်အခန်း

### အခန်း (၁၀)

ဖုန်းထက် ဓာတ်ပုံကို ကိုယ်တိုင်ကူးလိုက်သည်။ ထွက်လာတဲ့ပုံတွေက သက်ထားမျက်ကြည်လွှာနှင့်အစားထိုးထားသည့် နဒီ့မျက်လုံးပုံတွေသာဖြစ်ပြီး မျက်နှာကလုံးဝမပေါ်ပါ။

ကင်မရာနှင့်ရိုက်တည်းက မျက်လုံးကိုသာရိုက်ခဲ့တာကြောင့်လည်းဖြစ်၏။

ဓာတ်ပုံတွေကို တစ်ပုံချင်းကျေနပ်စွာနှင့်ကြည့်ပြီး ...

"သက်ထားရယ် ... မင်းမျက်ဝန်းလေးတွေက သိပ်လှတာပဲမောင် မင်းကိုစချစ်ခဲ့တာ ဒီမျက်လုံးလေးတွေကြောင့်ပါ"

ဓာတ်ပုံတွေကိုကြည့်လို့မဝဖြစ်နေရင်း လက်ကနာရီကိုကြည့်လိုက်ရာ ညကိုးနာရီထိုးနေပြီ။

"သား ... ထမင်းစားတော့လေ"

"ဗိုက်မဆာလို့ ... မစားတော့ဘူး မေမေ"

အခန်းထဲသို့ဝင်လာသော မေမေကပြောပြီး သူ့လက်ထဲက



www.burmeseclassic.com

www.burmeseclassic.com



ဓာတ်ပုံများကိုယူကြည့်သည်။

"ဘာပုံတွေလဲ သား ... မျက်လုံးပုံတွေချည်းပဲ ဘယ်သူ့မျက်လုံးလဲ"

"သက်ထားမျက်လုံးလေ"

"ဟင် ... သက်ထားမျက်လုံး ဟုတ်လားသား"

"ဟုတ်တယ် မေမေရဲ့ မလှဘူးလား"

မေမေက အဖြေပြန်မပေးသေးဘဲ ဓာတ်ပုံများကို တစ်ရွက်ချင်းကြည့်ကာနေသည်။

"သက်ထား မသေခင်ရိုက်ထားတာလား"

"မဟုတ်ဘူး မေမေရဲ့၊ မနက်ကမှရိုက်ထားတာ"

"ဟင်"

မေမေက သူ့ကိုနားမလည်သလိုနှင့်ကြည့်တော့ သူက ...

"နဒီဆီကရိုက်ထားတာ မေမေရဲ့၊ နဒီဆီမှာအခုရှိနေတဲ့မျက်လုံးက သက်ထားမျက်လုံးလေ"

"သားကတော့ခက်တော့တာပဲ မေမေပြောတာတွေ သားမေ့သွားပြီလား ... မဖြစ်နိုင်တဲ့ကိစ္စတွေကို မေ့လိုက်ပါလို့"

"သား ... သက်ထားကို မေ့လို့မရသေးဘူး မေမေရယ် ... သားဘဝမှာ သက်ထားတစ်ယောက်ကိုပဲ စွဲစွဲလမ်းလမ်းချစ်ခဲ့တာပါ"

သူ့ကို မေမေက ကြင်ကြင်နာနာနဲ့ကြည့်ပြီး ...

"သား ... ခရီးထွက်မယ်ဆိုတာ ဘယ်တော့ထွက်မလဲ"

"လာမယ့် တနင်္ဂနွေနေ့ အောင်သစ်ကိုလည်းပြောထားတယ်"

"မောင်အောင်ဖြိုးကိုရော သေချာမှာထားရဲ့လား"

"မှာထားတယ်၊ ဒီကောင်လေးက စိတ်ချရပါတယ်၊ မေမေလည်းဖုန်းဆက်နေတာပဲ၊ သားလည်းဖုန်းဆက်မှာပေါ့"



BURMESE CLASSIC .com



"အလုပ်အတွက်မပူပါဘူး၊ မေမေစိတ်ပူတာ သားအတွက်ပဲ၊ မေမေ့ဆီဖုန်းအမြဲဆက်နော်"

"ဟုတ်ကဲ့ပါ"

မေမေက အခန်းထဲမှထွက်သွားတော့ ဓာတ်ပုံတွေကို စက္ကူအိတ်ထဲထည့်ကာ စားပွဲပေါ်တင်ထားလိုက်၏။

သိပ်မကြာခင်ပဲ အိပ်ချင်လာသဖြင့် အိပ်ပျော်ရန်ကြိုးစားလိုက်တော့သည်။ ညအမှောင်ထဲတွင် အခန်းနံရံတိုင်း၌ မျက်လုံးတွေအများကြီးကိုတွေ့လိုက်ရပြီး အားလုံးသောမျက်လုံးတွေက သူ့ကိုစိုက်ကြည့်နေကြသည်။

စိတ်ထဲ၌ကြောက်လန့်စိတ်မရှိမဖြစ်မိဘဲ မျက်လုံးတွေကို တစ်လုံးချင်းအသေအချာလိုက်ကြည့်တော့ သက်ထား၏မျက်လုံးတွေဖြစ်မှန်းသိလာ၏။

ကောင်းကင်တွင် ကြယ်ရောင်တွေလင်းသလိုတောက်နေတဲ့ မျက်လုံးတွေအားလုံး၏အကြည့်ကို သူကျေနပ်မိသည်။ တဖြည်းဖြည်းနှင့် အခန်းနံရံမှမျက်လုံးများပျောက်သွားပြီး ...

ရုတ်တရက် ...

ဝတ်ရုံဖြူဖြူကြီးနှင့် ဆံပင်တို့ဖားလျားချထားသည့် မျက်လုံးနှစ်လုံးစလုံးမပါသော အရိပ်ကြီးကိုတွေ့လိုက်ရ၏။

"ဟာ ... "

သူအလွန်ထိတ်လန့်သွားသည်။

ထိုအရိပ်ကြီးက ခေါင်းအောက်သို့စိုက်ကာ သူ့ကိုတည့်တည့်ကြည့်နေ့ရာမှုထားသည်။

"သွား ... သွား ... "

အတင်းကြိုးအော်ပြီး လက်နှစ်ဖက်နှင့်ရမ်းထုတ်ကာ အော်ထုတ်



www.burmeseclassic.com

www.burmeseclassic.com



သော်လည်း နံရံမှပုံရိပ်တို့ ပျောက်မသွားပေ။

သူ ... ဆက်မကြည့်ရဲတော့ ... တစ်ဖက်သို့မျက်နှာကိုလှည့်၍ လက်နှင့်အုပ်ထားလိုက်လေတော့သည်။

၆၈•၆၈



BURMESE CLASSIC .com

"ဟင် ... "

သူအိပ်ရာကနိုးပြီး ခုတင်ဘေးကနံရံကိုကြည့်လိုက်ရာ ဘာမှ ထူးခြားတာမတွေ့ရ။

"ငါ ... အိမ်မက် မက်နေတာပါလား"

အိမ်မက်မှန်းသိလိုက်ရ၍ စိတ်ထဲပေါ့သွား၏။ နာရီကြည့်လိုက်တော့လည်း မနက်ငါးနာရီထိုးနေပြီဖြစ်တာကြောင့် ဆက်မအိပ်တော့ဘဲ မျက်နှာသစ်အဝတ်အစားလဲကာ အိမ်ရှေ့ဧည့်ခန်းသို့ ထွက်လာခဲ့သည်။

"သား ... စောစောစီးစီးနိုးနေပါလား"

"ဟုတ်ကဲ့ မေမေ ... "

"သွားစရာရှိလို့လား"

"မရှိပါဘူး ... ဆက်အိပ်လို့မရတော့လို့"

မေမေက သူ့ကိုဘာမှဆက်မပြောတော့ဘဲ ဘုရားခန်းသို့ဝင်ကာ ဘုရားရှိခိုးနေသည်။

သူလည်း ခြံထဲဆင်းကာ တင်းနစ်ကွင်းလေး၏ဘေး ခုံတန်းလျားလေးမှာ ထိုင်နေလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ကိုထက် ..."

သူ့ကိုခေါ်လိုက်သည့်အသံကြောင့် အသံလာရာသို့လှမ်းကြည့်လိုက်၏။

"ဟင် ... နဒီ ... "

"ဘာလုပ်နေတာလဲ"

ခြံစည်းရိုးအုတ်တံတိုင်းကိုကျော်ကာ သူ့ကိုနဒီက လှမ်းမေးလိုက်သည်။

"ဘာရယ်မဟုတ်ပါဘူး ပျင်းလို့ထိုင်နေတာ"

"တင်းနစ်ရိုက်မလား"

"နဒီက ရိုက်တတ်လို့လား"

"ကိုထက် သင်ပေးလေ"

"ဒါဆို အဝတ်အစားလဲလာခဲ့"

နဒီက သွက်လက်စွာခေါင်းညိတ်လိုက်ပြီး သူ့အိမ်ထဲသို့ပြေးဝင်သွားသဖြင့်၊ ဖုန်းထက်လည်း အဝတ်အစားလဲရန် အိမ်ထဲသို့ဝင်လာခဲ့သည်။ အဝတ်အစားလဲပြီးပြန်ထွက်လာတော့ နဒီက တင်းနစ်ကွင်းထဲသို့ ပင်ရောက်နေပြီ ...

"ကိုထက် ... နဒီ တစ်ခါမှ တင်းနစ်ရိုက်ဖူးတာမဟုတ်ဘူး၊ ဖြည်းဖြည်းရိုက်နော်"

"အင်း"

နဒီဝတ်လာသည့် အစိမ်းနုရောင် တီရှပ်အင်္ကျီနှင့်ဘောင်းဘီအတို အနက်တို့မှာ သက်ထားတင်းနစ်ရိုက်လျှင်ဝတ်လာသည့် အင်္ကျီနှင့်ဘောင်းဘီတို့ဖြစ်နေသဖြင့် ဖုန်းထက် နဒီကိုသေချာစိုက်ကြည့်နေသည်။

"ကိုထက် ... ဘာကြည့်နေတာလဲ"

"ဩော် ... အင်း ... "





နဒီ့အမေးကြောင့် ဘာဖြေရမှန်းမသိ။ နဒီက သဘောပေါက်ဟန်ဖြင့် ...

"မမသက်ထား ဝတ်စုံလေ ... နဒီနဲ့လိုက်ရဲ့လား"

"အင်း ... လိုက်ပါတယ်"

"ကဲ ... စလိုက်ရအောင်"

ဖုန်းထက်က စပေးဘောအရင်ရိုက်လိုက်ရာ တစ်ဖက်မှနဒီ လိုက်ရိုက်သော်လည်း အံဝင်ခွင်ကျမထိ၍ ဘေးသို့သာထွက်သွားသည်။ ဘောလုံးလေးကို လိုက်ကောက်ပြီး သူ့ကိုပြန်ပစ်ပေးကာ ...

"အစမို့လို့ပါ ဒီတစ်ခါ နဒီပြန်ရိုက်နိုင်အောင် ကြိုးစားပါ့မယ်"

"ကိုထက် ... ရှင်းပြမယ် ... "

တင်းနစ်ရိုက်ပုံရိုက်နည်းစနစ်ကို နဒီကိုအရင်ရှင်းပြသည်။ နဒီကလည်း စိတ်ဝင်တစားနှင့်နားထောင်ကာ ဖုန်းထက်ပြောသည့်အတိုင်း လိုက်နာပြီး ကစားသဖြင့် ဆိုးဆိုးရွားရွားမဖြစ်တော့ ...

"ဟုတ်ပြီ ... နဒီ ... အားပြင်းပြင်းနဲ့ကွင်းလယ်ကို ရိုက်ချ"

"ဘုန်း"

"လာပြီနော် ... သက်ထား ... ရော့"

အပြန်အလှန်တဖြည်းဖြည်းရိုက်လို့ရလာသည်။ ဖုန်းထက်စိတ်ထဲမှာလည်း နဒီနှင့်ရိုက်နေရသည်ဟုမထင်ဘဲ သက်ထားနှင့်ရိုက်နေသည်ဟုသာထင်လာသည်။

"တော် ... တော်ပြီ ... ကိုထက် နဒီမောလာပြီ"

နဒီ တကယ်မောတာပါ နဖူးတွင်ချွေးများစီးကျလို့ပင် လာ၏။ တန်းလျားသို့သွားထိုင်ကာ အမောဖြေလိုက်သည်။ ဖုန်းထက်က နဒီဘေးဝင်ထိုင်လိုက်ပြီး ...

"နဒီက အလေ့အကျင့်မရှိသေးလို့ပါ ရေသောက်မလား ကိုထက်

www.burmeseclassic.com



သွားယူလိုက်မယ်''

"အင်း ... "

ဖုန်းထက် အိမ်ထဲသို့ဝင်ကာ ရေခဲသေတ္တာထဲမှ ရေအေးတစ်ဗူးနှင့် ဖန်ခွက်တစ်လုံးလာပြီး နဒီကိုပေးလိုက်၏။

"ဖြည်းဖြည်းချင်းသောက်နော် အများကြီးလည်းမသောက်နဲ့"

"အင်းပါ ... "

နဒီက ဖန်ခွက်ထဲသို့ရေဘူးထဲကရေကိုထည့်ကာ ဖြည်းဖြည်းချင်းမော့သောက်လိုက်သည်။

"ခုမှပဲ အမောပြေတော့တယ်"

BURMESE CLASSIC .com

"နဒီ နေ့တိုင်းရိုက်ရင် မမောတော့ဘူး"

"နဒီ ... တင်းနစ်ရိုက်တာ ဝါသနာမပါပါဘူး"

"ဒါဖြင့် ကိုထက်ကို တင်းနစ်ရိုက်မယ်လို့ ပြောတာလဲ"

"ကိုထက် တင်းနစ်ကွင်းကိုကြည့်ပြီး လွမ်းဆွေးနေတဲ့ပုံပေါက်လို့ နဒီ မမအဝတ်အစားတွေဝတ်ပြီး လာရိုက်တာလေ"

"ဟင်"

ဖုန်းထက် တအံ့တသြ နဒီကိုကြည့်လိုက်တော့ နဒီက လျှာထုတ်ပြပြီး ခြံထဲမှ ပြေးထွက်သွားလေတော့သည်။

၀၀•၀၀



## ဝိညာဉ်တူတဲ့သူ

### အခန်း (၁၁)

ပရာဒိုကားနက်ကြီးက အဝေးပြေးလမ်းမတစ်လျှောက် တရိပ်ရိပ်နှင့်ပြေးလွှားနေသည်။ ကားနဘေးက လယ်ကွင်းများ သစ်ပင်တို့ကရိပ်ခနဲရိပ်ခနဲကျန်ခဲ့ပြီး လျင်မြန်လွန်းတဲ့အရှိန်က ညအမှောင်ကို မီးအလင်းစူးစူးထိုး၍ ဖြတ်သန်းနေ၏။

"အိပ်ချင်တယ်ကွာ ... နေ့ခင်းဘက်တော့ ကားမမောင်းဘူး"

"ညဘက်ကမောင်းရတာ လူသက်သာတယ်ကွ လမ်းလည်းရှင်းတယ်၊ နေပူတာလည်း မခံရဘူး"

"အိပ်ရေးပျက်တာတော့ ဘာပြောမလဲ"

"အောင်သစ်ရယ် အိပ်ရေးပျက်တာအဆန်းလုပ်လို့ တစ်ရက်တလေ မအိပ်ရလည်းဘာဖြစ်လဲ"

ကားမောင်းရင်း ဖုန်းထက်က အောင်သစ်ကိုပြောလိုက်ပေမယ့် အောင်သစ်က တဝါးဝါးသန်းပြနေ၏။

"ဟော့ကောင် ... မအိပ်နဲ့နော်"



www.burmeseclassic.com

www.burmeseclassic.com



"မင်း ... သရဲကြောက်လို့လား၊ ဖုန်းထက်"

"မကြောက်ပါဘူး၊ ငါရှမ်းပြည်ဘက်ကပြန်လာရင် တစ်ယောက်တည်းပြန်လာနေကျ၊ အခုလမ်းက ငါတစ်ခါမှ သွားဖူးတာမဟုတ်ဘူး"

"ဟုတ်ပါပြီကွာ ... ငါမအိပ်တော့ပါဘူး"

အောင်သစ်ကိုယ်ကို မတ်မတ်ထိုင်လိုက်ပြီး သီချင်းတစ်ပုဒ်ကို သူ့ရဲ့ဆိုးဝါးလှသောအသံကြီးနှင့် အားရပါးရအော်ဆိုနေသည်။

"တော်ပါတော့ကွာ ... "

"မင်းမအိပ်ချင်အောင် ငါဖျော်ဖြေပေးနေတာကွ"

"မင်းအသံကြားမှ ပိုအိပ်ချင်တယ်"

ကားက အမြန်နှုန်းမြှင့်မောင်းရတာမို့ သတိကိုမလွှတ်စေရန် ကြိုးစားရင်း အောင်သစ်နှင့်စကားပြောနေရသည်။

"ပြည် ... ကျော်ရင် ငါမောင်းမယ် ဖုန်းထက်"

"အေး ... "

လက်ကနာရီကြည့်လိုက်တော့ ဆယ်နာရီကျော်နေပြီ ပြည်ကိုရောက်ဖို့က နောက်ထပ်နှစ်နာရီခန့်မောင်းရဦးမည်။

"အောင်သစ် ... မင်း နဒီကို ဘယ်လိုမြင်လဲ"

"ဘာကိုလဲ ... "

"နဒီ ငါ့အပေါ်အရမ်းပြောင်းလဲသွားတာကိုပြောတာ"

အောင်သစ်က ကားရှေ့လမ်းသို့ကြည့်ပြီး ...

"နဒီ ပင်ကိုစိတ်က ခန့်မှန်းရခက်သွားပြီ ဖုန်းထက် ... မင်းကရော နဒီကို ဘယ်လိုသဘောထားလဲ"

"ညီမလေး တစ်ယောက်ထက်တော့ မပိုပါဘူး"

"ကောင်းတယ်၊ နဒီမှာလည်း စေ့စပ်ထားတဲ့လူရှိတာပဲလေ ပြီးတော့ ... ပတ်ဝန်းကျင်"





ကားမောင်းရင်း သက်ပြင်းတစ်ချက်ချလိုက်၏။

"ငါနားလည်တယ် ... အောင်သစ် အစ်မကိုမရလို့ ညီမကိုချိန်တယ်ဆိုတဲ့ အဖြစ်မျိုးမဖြစ်စေရဘူး"

"မင်းကို သတိထားရအောင်ပြောတာ"

"အေးပါ ... "

ကားမောင်းလာရင်း ပြည်ရောက်တော့ အောင်သစ်ကတစ်လှည့်မောင်းလာခဲ့သည်။ အောင်လံ၊ မကွေး၊ ရေနံချောင်းမြို့များဖြတ်ပြီး ကျောက်ပန်းတောင်းမှတစ်ဆင့် ညောင်ဦးမြို့သို့ဝင်လာခဲ့၏။

ညောင်ဦးရောက်တော့ LUCKY ဟိုတယ်၌ တည်းလိုက်သည်။

"ဖုန်းထက် ငါတော့အိပ်ပြီ ညနေမှ ဘုရားဆက်သွားမှာမလား"

"အေး"

အောင်သစ်က သူ့အခန်းထဲဝင်သွားသဖြင့် ဖုန်းထက်လည်း သူယူထားသည့် အခန်းထဲသို့ဝင်လာ၏။

သန့်ရှင်းသပ်ရပ်သောအခန်းက နေချင်စဖွယ်ဖြစ်အောင် လှပသပ်ရပ်စွာပြင်ဆင်ထားသည်။ တစ်ညလုံး ကားမောင်းကားစီးရသဖြင့် ခုတင်ပေါ်လှဲကာ အိပ်လိုက်တော့သည်။ နေ့လယ်သုံးနာရီအချိန်လောက်မှ အိပ်ရာထနိုးသဖြင့် ရေချိုးအဝတ်အစားလဲကာ အခန်းအပြင်သို့ထွက်လာခဲ့၏။

အောင်သစ်မနိုးသေးသဖြင့် ဟိုတယ်ဧည့်ခန်းတွင်ထိုင်စောင့်ကာနေသည်။

"အစ်ကိုက ရန်ကုန်ကလား"

"ဟုတ်တယ် ... ညီလေး"

ဧည့်ကြိုကောင်တာက ဟိုတယ်ဝန်ထမ်းကောင်လေးနှင့်ရင်းနှီးစွာ



www.burmeseclassic.com

www.burmeseclassic.com



စကားပြောလိုက်သည်။

အတန်ကြာမှ အောင်သစ်က အခန်းထဲမှထွက်လာပြီး ...

"နိုးနေတာကြာပြီလား ဖုန်းထက်"

"အေး"

"ဗိုက်ဆာတယ်ကွာ _ အပြင်မှာ တစ်ခုခုသွားစားရအောင်"

"သဘောပဲ"

ဟိုတယ်မှကားဖြင့်ထွက်လာကြပြီး ညောင်ဦးမြို့တွင်းက စားသောက်ဆိုင်တစ်ခုနှင့်ဝင်ကာ ထမင်းစား လက်ဖက်ရည်သောက်လိုက်၏။

"ညနေပိုင်း ဘုရားရဲ့ရှုခင်းက အရမ်းလှတယ်တဲ့ သွားရအောင် ဖုန်းထက်"

"သွားမယ်လေ"

အောင်သစ်က ပုဂံညောင်ဦးကို မကြာခဏရောက်နေတာမို့ လမ်းများကို ကျွမ်းကျင်သဖြင့် သူကိုယ်တိုင်ကားကိုမောင်းသည်။ သိပ်မကြာခင်ပဲ ဘုရားရောက်တော့ ...

ကားပေါ်ကဆင်းကာ ဘုရားဝတ်ပြုပြီး ဘုရားဘေးဘက် အုတ်လှေကားမှဆင်း၍ ဧရာဝတီမြစ်အလှကို တဝကြီးကြည့်လိုက်၏။ မြစ်ထဲတွင် လှေသမ္မာန်များ စက်လှေများက အပျော်စီးသည့်လူများကိုတင်ခေါ်ကာ မြစ်ထဲမှပုဂံ၏အလှအပကို ကြည့်နိုင်ရန် စုန်ချည်ဆန်ချည် မောင်းနှင်နေကြသည်။

"ဖုန်းထက်တို့လည်း လှေစီးရအောင်"

"ငါမစီးရဲဘူး ရေကြောက်တယ်"

ဖုန်းထက် အကြောက်အကန်ငြင်းလိုက်သည်။

"ဘာကြောက်စရာရှိလဲ၊ သူများတွေလည်း ဒီလိုပဲစီးနေကြတာ"

"မစီးပါနဲ့ ... အောင်သစ်ရယ် ငါငယ်ငယ်တည်းက ရေလမ်း





ခရီးသွားဖူးတာမဟုတ်ဘူး လှေသမ္မာန်ကူးတို့ ကူးတာတောင်လန့်တယ်"

အောင်သစ်က သူ့ကိုတာမှဆက်မပြောတော့ဘဲ တောင်တန်းကြီးများကိုနောက်ခံထားကာ လွန်စွာလှပနေသည့် ဧရာဝတီမြစ်အလှကိုသာ ငေးနေသည်။

တဖြည်းဖြည်းနှင့် ...

တောင်တန်းများနောက်သို့ နေလုံးနီနီကြီးကဝင်သွားသည့် လှပမှုမှာ ပုဂံမြို့၏ အလှအပကို ပိုမိုပေါ်လွင်စေ၏။

မကြာမီ ...

အမှောင်ထုက တဖြည်းဖြည်းရောက်လာ၍ ...

"ဖုန်းထက် ပြန်ကြရအောင်"

"ပုဂံမြို့ရဲ့ နေဝင်ပုံက အရမ်းလှတယ်ကွာ ကြည့်လို့မဝနိုင်အောင်ပဲ"

"နိုင်ငံခြားသားတွေဆို တကူးတကလာကြည့်ကြတယ် ဖုန်းထက် ဒါဟာလည်း ပုဂံမြို့ရဲ့စိတ်ဝင်စားစရာတစ်ခုပေါ့"

"ငါ့စိတ်ထဲမှာ အရမ်းလည်းပေါ့နေသလို လွတ်လပ်သလိုခံစားနေရတယ် အောင်သစ် အရင်ကဆို စိတ်ထဲအမြဲလေးနေတာ"

ဖုန်းထက်က မြစ်ရေပြင်ကိုငေးကာ အောင်သစ်ကိုပြောလိုက်သည်။

အောင်သစ်က ...

"နေရာဒေသအပြောင်းအလဲတစ်ခုက လူ့စိတ်ကိုပြောင်းလဲစေတာပေါ့၊ မင်းစိတ်ထဲမှာ ဘာမှအလေးကြီးမထားနဲ့ လွတ်လပ်အောင်နေ"

"အေးပါကွာ"

အောင်သစ်ပြောတာကို ခေါင်းညိတ်အဖြေပေးပြီးနောက် ဘုရားမှ ဟိုတယ်သို့ပြန်လာခဲ့သည်။

www.burmeseclassic.com



နောက်တစ်ရက် နံနက်လင်းသောအခါ ...

ပုပ္ပါးဘက်သို့ထွက်လာကြသည်။ ပုပ္ပါးဝန်းကျင်သို့ဝင်ရုံရှိသေးသည်။ အေးမြတဲ့ခံစားမှုက လူကိုလန်းဆန်းသွား၏။

''ပုပ္ပါးဒေသက အပူပိုင်းရဲ့အိုအေစစ်ပဲနော် အောင်သစ်''

''ဟုတ်တယ် ... ဖုန်းထက် ပုဂံကဘယ်လောက်ပဲပူပူ ပုပ္ပါးက သဘာဝရဲ့အေးချမ်းမှုကို ဖန်တီးပေးထားတာလေ''

အညာဒေသရဲ့ ထန်းရိပ်ထနောင်းရိပ်တို့နှင့် ဆန့်ကျင်စွာ သစ်ပင်ကြီးတို့၏အရိပ် ဝါးပင်တို့၏အရိပ်က တောင်မကြီးကိုတက်သည့်လမ်းတစ်လျှောက် အရိပ်တို့က နေပြောက်ပင်ထိုးလို့မရပါ။

တောင်ကလပ်အခြေရောက်တော့ ကားရပ်ထားပြီး ကားပေါ်မှဆင်းသောအခါ ပန်းရောင်းသည့်ဈေးသည်လေးများ ဝိုင်းအုံလာကြ၏။

''အစ်ကိုတို့ ပန်းယူကြပါဦး''

''အပေါ်မှာ ဈေးသည်မရှိဘူး ဒီကပဲဝယ်သွားကြပါလား ဈေးလည်းမများပါဘူး''

ပန်းသည်လေးများ စုပြုံရောင်းချနေသဖြင့် သူတို့နှစ်ယောက်ဘာဆက်လုပ်ရမှန်းမသိ။

အောင်သစ်က ...

''နေကြပါဦး ... ဝယ်ပါ့မယ်''

ပန်းရောင်းသည့်လူများက ဆယ်ယောက်ခန့်ရှိသလို အားလုံးမှာ အမျိုးသမီးများဖြစ်ကြ၏။

''တစ်စီး နှစ်ရာပါ''

''ငါးစီးပေး ရော့တစ်ထောင်''

ဖုန်းထက်က ပန်းသည်တစ်ယောက်ကို တစ်ထောင်တန်တစ်ရွက်ထုတ်ပေးလိုက်ပြီး ပန်းသည်ပေးသည့် ပန်းစီးများကိုယူကာ လှေကားအခြေ





သို့လျှောက်လာသည်။ အောင်သစ်လည်း ပန်းတချို့ကိုဝယ်ကာ သူနှင့်အတူသို့လာပြီး တောင်ထိပ်သို့ လှေကားထစ်အတိုင်း တက်လာကြသည်။

''ပန်းရောင်းတဲ့သူတွေ အတော်ဆိုးတာပဲ''

''ဒီလိုပဲပေါ့ကွာ ဝမ်းရေးအတွက်ရောင်းရတာမလား ... ခရီးသည်ပါးတဲ့ရာသီဆိုတော့ လာတဲ့ခရီးသည်ကို အတင်းလုရောင်းတာနေမှာပါ အောင်သစ်ရယ်''

''ဟုတ်မှာပါ''

သူ့စကားကို အောင်သစ်ကလက်ခံပြီး ခေါင်းညိတ်လိုက်၏။ လှေကားတစ်လျှောက် မျောက်များစွာကိုတွေ့ရပြီး မျောက်စာရောင်းသည့်ဈေးသည်တချို့ကိုပါတွေ့ရသည်။

တောင်ပေါ်ရောက်လာကြပြီး ဘုရားဝတ်ပြု ပန်းတို့ကိုလှူပြီးနောက် ဘုရားရင်ပြင်လမ်းအတိုင်း လျှောက်လာ၏။ ရင်ပြင်အစွန် ကျောက်ခုံပေါ်တွင်ထိုင်နေသော အမျိုးသမီးတစ်ဦးကို ဖုန်းထက်တွေ့ရ၍ ...

''အောင်သစ် ... ဟိုမှာ ... ကြည့်စမ်း''

''ဟင်''

အောင်သစ်ပါလှမ်းတွေ့ပြီး အံ့သြသွားသည်။ သူ့ပါးစပ်ကလည်း ယောင်ရမ်းပြီးထွက်သွား၏။

''သက်ထား ... ''

၆•၆



www.burmeseclassic.com

www.burmeseclassic.com

သောရစ်

## အခန်း (၁၂)

နှစ်ယောက်သား ထိုအမျိုးသမီးနားသို့လျှောက်သွားပြီး [illegible]
ရောက်သောအခါ အမျိုးသမီးကို ...

"သက်ထား ... သက်ထားပါနော်"

"ရှင်"

အမျိုးသမီးက [illegible]သို့ကြည့်နေရာမှ သူတို့အသံကြားသဖြင့်
အသံလာရာကိုနားစောင့်ကာ ထူးလိုက်၏။

"ညီမက သက်ထားမဟုတ်လား"

ဖုန်းထက် ထပ်မေးလိုက်ရာ ထိုအမျိုးသမီးက သူ့ကိုမြင်ကြည့်
သော်လည်း ကြည့်သည့်နေရာကတလွဲဖြစ်နေသည်။ မျက်လုံးက [illegible]
ကြီးဖြစ်နေသလို အမြင်အာရုံရှိပုံမပေါ်ပါ ...

အောင်သစ်က သူ့ကိုလေသံတိုးတိုးဖြင့် ...

"မျက်စိမမြင်ဘူးနဲ့တူတယ် ဖုန်းထက်"

"ဝါလည်း အဲဒီလိုထင်တယ် သက်ထားနဲ့တော်တော်တူတယ်
နော်"





"ဟုတ်တယ် ... ဖုန်းထက်"

အမျိုးသမီးလေးက ထိုင်ရာမှထလိုက်ပြီး သူတို့နှစ်ယောက်ရှေ့
ရောက်သွားမည်ပြင်လိုက်ရာ ...

"နေပါဦး ညီမ ... အစ်ကိုတို့မေးစရာရှိလို့ပါ"

"ဘာမေးမှာလဲ ... ဟင်"

အမျိုးသမီးလေးက ကြောက်ရွံ့နေပုံရသည်။

"အစ်ကိုတို့က လူကောင်းတွေပါ ဒီကညီမက အစ်ကိုတို့
သူငယ်ချင်းတစ်ယောက်နဲ့ တော်တော်တူနေလို့"

အောင်သစ်ရှင်းပြမှ အမျိုးသမီးလေးရဲ့မျက်နှာမှာ စိုးရိမ်စိတ်တွေ
လျော့ကျသွားသည်။

"ခုနက ညီမကို သက်ထားလို့ခေါ်တယ်နော်"

"ဟုတ်ပါတယ် ... အစ်ကို့သူငယ်ချင်းနာမည်က သက်ထား
လေ ... ညီမနဲ့တော်တော်တူတယ်"

"အစ်ကိုတို့က ဘယ်ကလဲ"

"ရန်ကုန်ကပါ"

"ညီမက ဒီနားကရွာမှာနေတာ ညီမနဲ့တူတဲ့သက်ထားက
ရန်ကုန်ကပဲလား"

စကားကို လေသံအေးအေးလေးဖြင့်တစ်လုံးချင်းပြော၍ မျက်
လုံးအမှုန့်လျှက်မို့ မသိလျှင် မျက်မမြင်ဟုမထင်ရ မျက်နှာပေါက်အကျ
[illegible]ပြောတာထိ သက်ထားအတိုင်းပင် ...

သိပ်အချောကြီးမဟုတ်ပေမယ့် အပြစ်ကင်းစွာ ကြည်လင်သော
အလှကို သက်ထားနှင့်နှစ်ယောက်အတူ ပိုင်ဆိုင်ထားသလိုဖြစ်နေသည်။

အောင်သစ်နှင့်စကားပြောနေသည့် ဟန်ပန်အမူအရာတို့မှာ
သက်ထားနောက်တစ်ယောက်ကို တန်ခိုးရှင်ကဖန်တီးထားသလို ဖြစ်နေ၏



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို့နာမည်က အောင်သစ် သူက ဖုန်းထက်ပါ ... ပုဂံဘုရားတွေဖူးရင်း ပုပ္ပါးကိုရောက်လာတာပါ"

"ညီမက ထိပ်ထားပါ၊ မော်ဇာရွာမှာနေတယ် မျက်လုံးက ငယ်ငယ်တည်းက မမြင်တာပါ"

"မွေးရာပါပေါ့"

"ဟုတ်တယ် ... အဖေပြောတော့ ကုရင်ရတယ်တဲ့၊ ဒါပေမဲ့ အစ်ကိုရယ် ... ညီမတို့လို ဆင်းရဲသားတွေအနေနဲ့ ဘယ်လိုမှကုနိုင်မှာမဟုတ်ပါဘူး"

အားငယ်တဲ့လေသံပျော့ပျော့လေးက သူ့ရင်ကိုဘယ်လိုမှမကောင်းနိုင်၊ တောင်ကလပ်ပေါ်၌ နံနက်ခင်းတိုက်သည့်လေအေးအေးလေးတွေက ရှည်လျားနက်မှောင်နေတဲ့ ထိပ်ထားရဲ့ဆံနွယ်တို့ကို လွင့်နေစေသည်။

"မျက်မမြင်ဘဲ တောင်ပေါ်ဘယ်လိုတက်လာလဲ ညီမ"

"ညီမက တောင်ခြေမှာ ငယ်ငယ်တည်းက ပန်းရောင်းပါတယ်၊ တောင်ပေါ်ကို တက်တာဆင်းတာ သိပ်မဆန်းတော့ပါဘူး"

အောင်သစ်က တစ်ခုခုကူညီဖို့ ဆုံးဖြတ်လိုက်ဟန်တူသည်။ အိတ်ထဲက ပိုက်ဆံကိုနှိုက်ရင်း ...

"ညီမဆီကပန်းတွေ အစ်ကိုဝယ်မယ် ပန်းတွေတောင်ခြေမှာပဲလား"

"ညီမ ဒီနေ့ပန်းမရောင်းဘူး ... ညီမ မွေးနေ့မို့ ဘုရားမှာဝေယျာဝစ္စလာလုပ်တာ"

"ဪ ... "

ဖုန်းထက်ကတော့ သက်ထားအသက်ပြန်ရှင်လာသလို ထိပ်ထားကိုငေးလို့သာ ကြည့်နေ၏။

"ညီမတို့ ရွာကဝေးလား"





"ပုဂံကိုသွားတဲ့ ဖြတ်လမ်းဆက်လမ်းဘေးကရွာလေးပါ"

"အစ်ကိုတို့ လိုက်လည်လို့ရမလား"

ထိပ်ထားက တစ်ချက်စဉ်းစားလိုက်ပြီး ...

"အစ်ကိုတို့ဘာသာ လာလည်ပါလား"

"ဘာလို့လဲ ... ဟင်"

"ရွာကလူတွေ ညီမကိုပြောမှာစိုးလို့ပါ ... ပြီးတော့ အဖေ့ကို ညီမကြို့ပြောထားလိုက်မယ်"

အောင်သစ်က ဘယ်လိုလဲဆိုသည့်သဘောနှင့် ဖုန်းထက်ကို လှမ်းကြည့်သည်။ ဖုန်းထက်က ခေါင်းညိတ်ပြလိုက်၏။

"ကောင်းပြီလေ အစ်ကိုတို့လာရင် ညီမရှောင်မနေရဘူးနော်"

"ဘယ်ရက်လောက်လာလည်မလဲ၊ ညီမက ပန်းရောင်းရဦးမှာ"

"မနက်ဖြန်"

ဖုန်းထက်ဝင်ပြောလိုက်ရာ ထိပ်ထားက ပြုံးပြုံးလေးခေါင်းညိတ်ပြလိုက်၏။

"ညီမ သွားတော့မယ်"

ပြောကာ တောင်အောက်တက်ဆင်းသည့် လှေကားလက်ကိုင်ကိုကိုင်ကာ ဆင်းသွားတော့သည်။

"ဖုန်းထက် ကောင်မလေးက သက်ထားနဲ့တော်တော်တူတယ်နော်"

"အေးကွာ ... သက်ထားကို ပြန်တွေ့လိုက်ရသလိုပဲ"

"သက်ထားနဲ့ရုပ်ယတူလောက်ပဲကွ ... စကားပြောဟန်ဆိုဟန်တွေက သက်ထားသေရွာကနေထပြီး စကားပြောသလိုမျိုးပဲ"

"ဟုတ်တယ် ... အောင်သစ် ငါ့အတွက်အသစ်တွေပြန်ဖြစ်သလိုမျိုးပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းထက်ရင်ထဲမှာ ဝမ်းသာသလိုလို ဝမ်းပဲနည်းသလိုလိုနှင့် အမည်မဖော်နိုင်တဲ့ဝေဒနာတစ်ခုက သူ့ရင်ကို တိုးဝင်လာ၏။ တောင်အောက်ပြန်ဆင်းခဲ့ပြီးနောက် ပြန်ရန်ကားပေါ်ဘက်စဉ် ပန်းရောင်းသည့်လူများကြားတွင် ထိပ်ထားများရှိနေမလားဟု ရှာသော်လည်းမတွေ့ရပါ။

"ဖုန်းထက် မင်းထိပ်ထားကိုရှာနေတာမလား"

"အင်း"

"ရှာမနေပါနဲ့ကွာ ... မနက်ဖြန် သူတို့ရွာသွားမှာပဲမလား အဲဒီရောက်မှ တစ်ဝကြီးကြည့်ပေတော့"

အောင်သစ်ကို ဘာမှပြန်မပြောတော့ဘဲ ကားပေါ်တက်ကာ မောင်းထွက်လာသည်။

ပုပ္ပါးတောင်မကြီးကထွက်တော့ အပူရှိန်က သိသိသာသာတက်လာသဖြင့် ကားအဲယားကွန်းကို ဖွင့်ထားရသည်။

အညာဒေသရဲ့ ရနံ့သင်းသင်းလေးက အရာရာကိုလွှမ်းမောစရာကောင်းလှ၏။

"ညောင်ဦးပြန်ပြီး ထမင်းစားမယ် ဖုန်းထက် ... ပြီးမှဘုရားလိုက်ဖူးကြတာပေါ့"

"ကောင်းတယ် ... ငါလည်း ဗိုက်ဆာနေပြီ"

ညောင်ဦးမြို့ထဲက စားသောက်ဆိုင်တစ်ဆိုင်တွင် ထမင်းဝင်စားသောက်ကြပြီး နေ့လယ်ပိုင်း၌ ဘုရားလိုက်ဖူးကြ၏။ ဓမ္မရံကြီးဘုရားရောက်တော့ အောင်သစ်က ...

"နရသူမင်း အတ္တကြီးတယ်ဆိုပေမယ့် သူတည်ခဲ့တဲ့ဘုရားကတော့ အရမ်းကိုနိုင်ခံ့တယ်နော်"

"ခိုင်တယ်ဆိုတာထက် ပုဂံခေတ်ရဲ့ထူးခြားတဲ့ အနုပညာလက်ရာကတော့ အံ့ဩဖို့ကောင်းလွန်းနေတယ်"





"ဒါတောင် အာနန္ဒာဘုရား မင်းမရောက်သေးလို့ပြောတာ ပုဂံမှာစာချိုးရှိတယ် ငါမှတ်မိသလောက် ရွတ်ပြမယ်"

တန်ခိုးမှာ ရွှေစည်းခုံ၊ ဉာဏ်မှာ သဗ္ဗညု၊ အနုမှာ အာနန္ဒာတဲ့၊ အာနန္ဒာဘုရားရဲ့ အနုပညာလက်ရာဟာ မြန်မာမှာမပြောနဲ့ ကမ္ဘာမှာပါ အံ့မခန်းပဲ"

အောင်သစ်ရှင်းပြတာကို ဖုန်းထက်က စိတ်ဝင်တစားနားထောင်လိုက်သည်။ ညနေစောင်းရောက်မှ ဟိုတယ်သို့ပြန်လာပြီး ရေချိုးအဝတ်အစားလဲကာ ရွှေစည်းခုံဘုရားနှင့်သူတို့တည်းသည့် ဟိုတယ်က သိပ်မဝေးတာမို့ လမ်းလျှောက်လာခဲ့သည်။ ဟိုတယ်ကို မိုးချုပ်မှပြန်လာကာ တစ်နေ့ကုန်ပင်ပန်းခဲ့သမျှကို အိပ်ရာပေါ်လှဲအိပ်လိုက်တော့၏။

နောက်တစ်နေ့နံနက်လင်းသောအခါ အောင်သစ်နှင့်အတူ မော်ဇာရွာသို့ ထွက်လာခဲ့ကြသည်။

ရွာထိပ်,ထန်းတောဘေးက လမ်းကလေးအတိုင်း ကားကိုမောင်းဝင်ခဲ့ကြပြီး ရွာထိပ်ရောက်တော့ ...

ကားကိုရွာထိပ်မှာပင် ရပ်ထားခဲ့ပြီး ရွာထဲသို့လမ်းလျှောက်ဝင်လာရာ အညာဒေသထုံးစံအတိုင်း ခြံအကျယ်ကြီးများဖြင့် တိတ်ဆိတ်လို့နေသည်။

ရွာဝင်လူသွားလမ်းအတိုင်း ဆက်လျှောက်လာပြီး မျက်နှာချင်းဆိုင်မှလျှောက်လာသော လူတစ်ယောက်ကိုတွေ့၍ —

"အစ်ကိုကြီး ဒီရွာက ထိပ်ထားတို့အိမ်ဘယ်နားမှာလဲ"

"ဒီလမ်းဆုံးသွားရင် အစွန်ဆုံးခြံပဲ"

တိုတိုပြတ်ပြတ်ပြောကာ ထွက်သွားသည်။

"ဖုန်းထက် ... ဒီရွာကလူတွေ ဘယ်လိုလဲကွ"

"ဘာလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဖော်ဖော်ရွေရွေလည်းမရှိဘူး၊ မေးတာပဲပြောပြီး ထွက်သွားတယ်"

"မေးတာပဲမပြောလို့ ဘာဆက်ပြောရမှာလဲ၊ တခြားပြောစရာမှ မရှိတာ"

အောင်သစ်ကို ဖုန်းထက်ကရှင်းပြရင်း ဆက်လျှောက်လာရာ ရွာအနောက်ဘက်လမ်းဆုံးသို့ရောက်သောအခါ အလွန်ကျယ်ဝန်းသော ခြံကျယ်ကြီးကိုတွေ့ရလေသည်။ ခြံကျယ်ကြီး၏ အလယ်တွင် ရေနံချေးဝနေသော နှစ်ဆောင်ပြိုင်ကျွန်းအိမ်မဲကြီးကို တွေ့ရ၏။

"ဖုန်းထက် အော်ခေါ်လိုက်ကွာ"

"နေပါဦး ... အထဲမှာ လူရိပ်လူယောင်ကြည့်ဦးမယ်"

ခြံအပြင်ကနေ အိမ်ကြီးဆီသို့ အခြေအနေကို အကဲခတ်ကြည့်လိုက်၏။ ထူးခြားတာက အိမ်ကြီး၏တံခါးများပွင့်နေတာမှလွဲ၍ လူရိပ်လူယောင်မတွေ့ရချေ။

"လာကွာ ... ခြံထဲဝင်ရအောင်"

"ဖြစ်ပါ့မလား ... အောင်သစ် တော်ကြာ ပြဿနာတက်နေဦးမယ်"

"မတက်ပါဘူးကွာ ... လာပါ"

အောင်သစ်က စိတ်မြန်စွာနှင့်ရှေ့ကဝင်သွားသဖြင့် ဖုန်းထက်လည်း နောက်မှလိုက်ဝင်ခဲ့သည်။

အိမ်ကြီးဆီသို့လျှောက်လာရင်း အနီးသို့တဖြည်းဖြည်းရောက်လာကြ၏။ ကြီးမားသော ကျွန်းတံခါးမကြီးကို ပိတ်လျက်တွေ့ရသောကြောင့် အောင်သစ်က ...

"ဒုန်း ... ဒုန်း ... ဒုန်း"

"အိမ်ရှင်တို့"

---

ရှိရင့်အောင်စာပေ



တံခါးကိုထုပြီးအော်ခေါ်လေရာ ဘာသံမှပြန်ထူးသံမကြားရ။

"လူမရှိဘူးနဲ့တူတယ် အောင်သစ်"

"အေး"

သူတို့နှစ်ယောက် တံခါးမကြီးထိပ်တွင် ဘာဆက်လုပ်ရမှန်း မသိရပ်နေစဉ် ...

"ဘာကိစ္စရှိလို့လဲ"

"ဟင်"

နောက်ကျောမှထွက်လာသောအသံကြောင့် လှည့်ကြည့်လိုက်ရာ အသက်ငါးဆယ်ခန့်လူကြီးတစ်ဦး ပေါက်တူးတစ်လက်ကိုထမ်းလျက် တွေ့လိုက်ရသည်။

"ဟို ... ဟို ... "

ရုတ်တရက် ဘာပြောရမှန်းမသိ၍ စကားကလည်းထစ်နေ၏။ လူကြီးက ...

"ပြောပါ ... ဘာအကူအညီပေးရမလဲ"

"ဒီအိမ်က ထိပ်ထားတို့အိမ်လားခင်ဗျာ"

အောင်သစ်ကဝင်ပြောလိုက်ရာ ...

"ဒါ အိမ်မဟုတ်ဘူး"

"ဗျာ"

"ဇရပ် ရှင်းအောင်ပြောရရင် မသာတွေသင်္ဂြိုဟ်တဲ့ သုဘရာဇာနေတဲ့ဇရပ်"

"ဗျာ"

အံ့သြလွန်း၍ နှစ်ယောက်သားပါးစပ်အဟောင်းသားဖြစ်သွားသည်။ ဒီလောက်ခမ်းနားကြီးကျယ်သည့် ကျွန်းအိမ်ကြီးကို မသာဇရပ်ဟု ထိုလူကြီးကပြောနေသည်။

---

ရှိရင့်အောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



မှတ်ဆိတ်မွေး နှုတ်ခမ်းမွေးရှည်တို့နှင့် အင်္ကျီမပါ ညစ်နွမ်းနေသောပုဆိုးကို တိုတိုဝတ်ထားသော ထိုလူကြီးက အရူးတစ်ယောက်ဟုထင်ရပေမယ့် သူ့စကားပြောပုံနှင့် မျက်လုံးတို့ကတော့ ရူးသွပ်သူမဖြစ်နိုင်ပါ။

ထို့ကြောင့် ...

ဖုန်းထက်က အရဲစွန့်ပြီး ...

"ပုပ္ပါးမှာ ပန်းရောင်းတဲ့ထိပ်ထားကလာခဲ့ပါလို့ ခေါ်လို့"

"ဟင်း"

ထိုလူကြီးက သက်ပြင်းရှည်ကြီးကို လေးတွဲ့စွာချလိုက်ရင်း...

"လာ ... ငါ့နောက်လိုက်ခဲ့"

ပြောကာ အိမ်ကြီး၏ဘေးဘက်ဆီမှ အနောက်ဘက်သို့ ထွက်သွားသဖြင့် သူတို့နှစ်ယောက်လည်း နောက်မှလိုက်ပါသွားတော့သည်။

ဖ•ဖ





အခန်း (၁၃)

"ဒီဂူက ထိပ်ထားရဲ့ဂူပဲ"

"ဟင်"

အိမ်ကြီးအနောက်ဘက် မန်းကျည်းပင်၊ ဆီးပင်ကြီးများပေါက်နေရာမှ ကျော်လွန်သောအခါ အုတ်ဂူဟောင်းများ၊ မြေပုံများကိုတွေ့ရပြီး တစ်ခုသော အုတ်ဂူကိုလက်ညှိုးထိုးကာ လူကြီးကပြောလိုက်၍ ဖုန်းထက်နှင့်အောင်သစ် အံ့ဩလွန်းစွာ အုတ်ဂူကိုကြည့်လိုက်သည်။ အုတ်ဂူကထုံးသုတ်ထားတာမကြာသေးသည့်ပုံဖြင့် သစ်လွင်နေသော်လည်း သေသူ၏နာမည်ကမှည်းထိုးထားသည်ကိုတော့ မတွေ့ရပါ။

"ကျွန်တော်တို့ ထိပ်ထားကို ပုပ္ပါးတောင်ကလပ်ပေါ်မှာ သေချာတွေ့ခဲ့တာ"

"မဖြစ်နိုင်ဘူး ... "

ခေါင်းတရမ်းရမ်းနှင့် လူကြီးကလုပ်ရင်း ...

"ထိပ်ထားသေလို့ ဂူသွင်းထားတာ မင်းတို့အမြင်ပဲလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဦးလေးက ထိပ်ထားရဲ့ ... အဖေပဲ"

အောင်သစ်အမေးကို ခပ်ပြတ်ပြတ်ဖြေပြီး အုတ်ဂူဘေးက မြက်ရိုင်းတို့ကို လက်နှင့်ရှင်းနေသည်။ ဖုန်းထက်နှင့်အောင်သစ်က တစ်ယောက်နှင့်တစ်ယောက် နားမလည်သလိုကြည့်ပြီး ...

ဖုန်းထက်က ...

"ကျွန်တော်တို့ ဘယ်လိုမှနားမလည်နိုင်ဘူးဗျာ — သေသူက တိုက်ရိုက်ကျွန်တော်တို့ကို စကားပြော လိပ်စာပေးမလုပ်နိုင်ပါဘူး"

"ငါက လိမ်နေတယ်လို့ထင်တာလား"

ခပ်စူးစူး ဖုန်းထက်ကိုမော့ကြည့်ပြီးမေးလိုက်ရာ အောင်သစ်က ဝင်ပြီး ...

"မဟုတ်ပါဘူး ကျွန်တော်တို့ ထိပ်ထားနဲ့ကြုံခဲ့ပြောခဲ့တာကကို အံ့ဩစရာကောင်းနေလို့ပါ"

"ဘာထူးဆန်းလဲ၊ လောကမှာ အံ့ဩစရာတွေအများကြီး ငါလည်း လုပ်စရာရှိသေးတယ် မင်းတို့လည်းပြန်တော့"

"ဟုတ် ... ဟုတ်ကဲ့"

ထိပ်ထားအဖေဆိုသည့်လူကြီးက သူတို့နှစ်ယောက်ကို လိုလားဟန်မပြ သူ့လုပ်လက်စအလုပ်ကိုသာဆက်လုပ်နေ၏။ သချိုင်းဂူများရှိရာမှပြန်ထွက်လာကြပြီး အိမ်ကြီးဘေးမှပတ်ကာ ခြံအပြင်သို့ထွက်လာသည်။

"ဖုန်းထက် ဘာတွေလဲ ထူးဆန်းလှချည်လား"

"ငါလည်း စဉ်းစားလို့ကိုမရတာ ထိပ်ထားနဲ့ငါတို့သေချာတွေ့ခဲ့တာပဲ အခုတော့ ... "

"အကြောင်းတစ်ခုခုတော့ရှိမယ်"

"ဖရုပ်လို့သာပြောတယ် ကျွန်းအိမ်ကြီးကလည်း အကြီးကြီး အထဲမှာဘာတွေရှိမလဲမသိဘူး"





စကားတပြောပြောနှင့် ကားထားရာနေရာသို့ရောက်လာကြပြီး ကားပေါ်တက်ကာ မောင်းထွက်ခဲ့တော့သည်။

"ညောင်ဦးဘက်ပဲပြန်မလား ဖုန်းထက်"

"ပုပ္ပါးသွားမယ်ကွာ ... ထိပ်ထားက ပန်းရောင်းတာဆိုတော့ သူ့မတွေ့လဲ စုံစမ်းလို့ရမယ်မလား"

"အေး"

အောင်သစ်လည်း ထိပ်ထားနှင့်ပတ်သက်သည့်အကြောင်းတို့ကို သိချင်နေပုံရသည်။ ကားကိုမောင်းလာရင်း ပုပ္ပါးတောင်ကြောထဲဝင်တော့ အအေးဓာတ်က စိမ့်လာ၏။

တောင်ကလပ်အခြေရောက်လာပြီး ကားထားသည့်နေရာ၌ရပ်၍ ကားပေါ်မှဆင်းသည်နှင့် ပန်းရောင်းသည့်ဈေးသည်များဝိုင်းလာပြန်သည်။

"ပန်းဝယ်သွားပါလား အစ်ကိုတို့"

ဖုန်းထက်နှင့်အောင်သစ်တို့က ပန်းသည်တို့၏မျက်နှာကိုလိုက်ကြည့်ရင်း ထိပ်ထားကိုရှာသော်လည်း မတွေ့ရသဖြင့် ပန်းရောင်းသည့် ဈေးသည်မလေးတစ်ဦးကို ...

ဖုန်းထက်က ...

"ညီမတို့နဲ့ ပန်းအတူရောင်းတဲ့မျက်မမြင်မလေးကို သိလား"

"ထိပ်ထားကိုပြောတာလား"

ပန်းသည်မလေးစကားကြောင့် ဖုန်းထက်မျက်လုံးက မျှော်လင့်ချက်အရောင်တောက်သွားသည်။

"ဟုတ်တယ် ညီမ ထိပ်ထားကိုတွေ့မိလား"

"အခုထိတော့ မလာသေးဘူး"

"နောက်ကျတတ်လို့လား"

"တစ်ခါတလေ နောက်ကျတတ်တယ် အစ်ကိုတို့နဲ့သိလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"သိတယ်ညီမ ... ကျေးဇူးပဲ"

စကားကိုဖြတ်ကာ စားသောက်ဆိုင်ဘက်သို့ထွက်လာပြီး အထဲ ဝင်ထိုင်လိုက်ကြ၏။ အောင်သစ်က ...

"မင်း ထိပ်ထားကို သက်ထားအမှတ်နဲ့စိတ်ဝင်စားတာလား"

"သက်ထားနဲ့ရုပ်ချင်းတူတယ်ဆိုပေမယ့် ခံစားချက်ချင်းတော့ မတူသေးဘူး"

"ထိပ်ထားပုံစံလေးက သနားစရာပါဖုန်းထက်၊ မင်းရင်မှာ ဆန္ဒ တစ်ခုခုဖြစ်ရင် ကြိုကြိုတင်တင်စဉ်းစားထားပါ"

"ငါနားလည်ပါတယ် ... "

အောင်သစ်ရဲ့ကြိုတင်သတိပေးမှုက ဖုန်းထက်ရဲ့ရင်ကို လှုပ်နှိုး လိုက်သလိုဖြစ်သွားသည်။

ဒါပေမဲ့ ...

သူသိပ်ချစ်တဲ့သက်ထားအတွက် ရင်ခုန်သံကတော့ ဘယ်သူ ကိုမှ ပေးမကြားစေဘူးဟု သူကိုယ်သူယုံကြည်ချက်တော့ထားလိုက်၏။

"တစ်ခုစဉ်းစားမိတယ် ဖုန်းထက်"

"ဘာများလဲ"

"ထိပ်ထားက မျက်စိမြင်တာမဟုတ်တော့၊ ငါတို့ကို ဘယ်သူ ဘယ်ဝါမှန်း သိပါ့မလား"

"အဲဒီအတွက် မစိုးရိမ်ရဘူးလို့ ငါထင်တယ်အောင်သစ်၊ အမြင် အာရုံမရှိတဲ့လူတွေဟာ သာမန်လူတွေထက် အကြားအာရုံပိုကောင်းတတ် တယ်တဲ့၊ တို့အသံကို ထိပ်ထားမှတ်မိမှာပါ"

ဖုန်းထက်ပြောတာကို လက်ခံသည့်ပုံဖြင့် အောင်သစ်ကခေါင်း တညိတ်ညိတ်လုပ်နေ၏။

အစားအသောက်စားလိုက် စကားပြောလိုက်နှင့်လုပ်နေရင်း





အချိန်တော်တော်ကြာလာသည်။

"တောင်ပေါ်တက်ဦးမလား ဖုန်းထက်"

"မတက်သေးဘူးကွာ၊ ငါထိပ်ထားကို စောင့်ချင်သေးတယ်"

"စိတ်ပေါ့စေချင်လို့ ခရီးထွက်လာတာ ဒီရောက်မှပိုဆိုးသလို ဖြစ်နေတယ်"

"ဟုတ်တယ်အောင်သစ်ရယ် – သက်ထားဟာအသက်ရှင်စဉ် တုန်းကလည်း ငါ့ကိုလွှမ်းမိုးတာပဲ၊ သေသွားတော့လည်းသူ့အရိပ်က ငါ့ကိုမိုးထားသလိုပဲကွာ"

"သေချာတာက ထိပ်ထားဟာ သက်ထားမဟုတ်တာဘဲ ဖုန်းထက်၊ အရိပ်တစ်ခုကြောင့်တော့ ထိပ်ထားလိုအားနည်းချက်ရှိသူကို အသုံးမချသင့်ဘူး"

အောင်သစ်ရဲ့ဆန္ဒက သက်ထားကိုစွဲလမ်းစိတ်နှင့်ထိပ်ထားဟာ ဖုန်းထက်၏အဖြည့်ခံ ပစ္စည်းတစ်ခုဖြစ်သွားမှာကို စိုးရိမ်နေပုံရသည်။

ထိုစဉ် ...

ဆိုင်ရှေ့မလှမ်းမကမ်း၌ ထိပ်ထားဒုတ်တစ်ချောင်းကိုထောက်ကာ လမ်းလျှောက်လာသည်ကို တွေ့လိုက်ရသည်။

"အောင်သစ် ... ဟိုမှာထိပ်ထား"

"ဟင် ... "

"ငါသွားခေါ်လိုက်မယ်"

"ဆိုင်ထဲကိုသာခေါ်လိုက်၊ အေးအေးဆေးဆေးစကားပြောရတာ ပေါ့"

ရုပ်အင်္ကျီအကွက်လက်ရှည် ထဘီအနက်ကိုဝတ်ကာ မျက်နှာ၌ သနပ်ခါးပါးကွက်ကျားကိုလိမ်းထားသည့် အပြစ်ကင်းစွာချောမောလှပသော ထိပ်ထားကလည်း တစ်စုံတစ်ယောက်ကိုရှာနေပုံလည်း ရလေသည်။

www.burmeseclassic.com



ဆိုင်ထဲမှ ခပ်သွက်သွက်ထွက်လာပြီး အနီးသို့ရောက်သော အခါ

"ထိပ်ထား"

"ဟင်"

"အစ်ကို့ကိုမှတ်မိလား . . . မနေ့ကဘုရားပေါ်မှာတွေ့တဲ့ အစ်ကိုလေ"

ဖုန်းထက်ပြောတာကို ထိပ်ထားက မျက်နှာလေးစောင်းနားကို ပင့်၍နားထောင်ရင်း မျက်နှာကတဖြည်းဖြည်းပြုံးလာ၏။

"မှတ်မိတယ် အစ်ကို ... ညီမ မှတ်မိတယ်"

"အစ်ကိုတို့ ညီမကိုလာရှာတာလား၊ စားသောက်ဆိုင်ထဲမှာ စကားပြောရအောင် နောက်တစ်ယောက်လည်းပါတယ်"

ထိပ်ထားဆိုင်ထဲသို့ လိုက်ရန်သင့်မသင့် စဉ်းစားနေရာ ဖုန်းထက်က ...

"လာပါညီမ ... အစ်ကိုတို့က ညီမကို အန္တရာယ်ပေးမယ့်လူ တွေမဟုတ်ပါဘူး"

"ညီမသိပါတယ် ... ညီမစဉ်းစားနေတာ ပတ်ဝန်းကျင်ရဲ့အမြင် ကိုပြောတာပါ"

"အစ်ကိုတို့က ရိုးသားတာဖြစ်တဲ့အတွက် ညီမကို မထိခိုက် လောက်ပါဘူး"

"ဟုတ်ပါတယ်"

ထိပ်ထားကဖြေပြီး ဖုန်းထက်နှင့်ယှဉ်လျှောက်၍ ဆိုင်ထဲသို့ဝါးလုံး ချောင်းလေးကို တစမ်းစမ်းနှင့်ဝင်လာ၏။

စားပွဲသို့ရောက်လာကြပြီး ဖုန်းထက်က ထိပ်ထား၏လက်ကို ကိုင်၍ ထိုင်ခုံတွင် ထိုင်စေလိုက်သည်။





"ညီမ ဘာစားမလဲ"

"ဟင့်အင်း ... မစားတော့ပါဘူး အစ်ကို ... အိမ်ကစားလာ ပြီးပါပြီ"

"အအေးတော့ သောက်လိုက်"

အောင်သစ်က အအေးတစ်လုံးလှမ်းမှာလိုက်သည်။

"အစ်ကိုတို့ ညီမရွာကိုရောက်ခဲ့သေးတယ်"

"ဟင်"

"ညီမ အဖေကိုပဲတွေ့တယ် ... ပြီးတော့"

ဖုန်းထက် ဆက်ပြောရန်ခက်နေ၍ ...

"ညီမ မနက်ထဲက ပန်းသွားယူနေလို့ မတွေ့တာ၊ အဖေက အစ်ကိုတို့ကို စိတ်အနှောင့်အယှက်ပေးလိုက်တယ်မလား"

"အင်း"

"အဖေက အဲဒီလိုပဲ ညီမကိုလည်း တအားချစ်တယ်၊ ရွာထဲက ဘယ်သူနဲ့မှလည်း မဆက်ဆံခိုင်းဘူး၊ အခုပန်းရောင်းတာတောင် မတတ် သာလို့ခွင့်ပြုထားတာ"

ထိပ်ထားရဲ့ရှင်းပြတဲ့စကားတွေကို ဖုန်းထက်နှင့်အောင်သစ်က ငြိမ်ပြီးနားထောင်နေ၏။

ထိပ်ထားက ...

"ထိပ်ထားတို့နေတဲ့နေရာက သင်္ချိုင်းပါ ... ထိပ်ထားကလည်း သုဘရာဇာရဲ့သမီးလေ"

"ဩော်"

ဝမ်းနည်းအားငယ်သံမပါဘဲပြောတဲ့ ထိပ်ထားရဲ့မျက်နှာအမူအရာ မှာ ဘာမှပြောင်းလဲခြင်းမရှိပေ။

"ထိပ်ထားကို အစ်ကိုတစ်ခုပြောချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာများလဲအစ်ကို"

"ထိပ်ထားကိုမျက်စိမြင်အောင် ဆေးကုပေးချင်တယ်"

"ရှင်"

ဖုန်းထက်စကားကြောင့် အံ့သြခြင်း၊ ဝမ်းသာခြင်းတို့ဖြင့် မျက်ရည်များကျလာသော ထိပ်ထားရဲ့မျက်နှာလေးက အလွန်အပြစ်ကင်းနေလေတော့သည်။

၅၁•၅၁





## အခန်း (၁၄)

ထိပ်ထားနှင့်အတူ ရွာထဲဝင်လာတော့ ရွာထဲမှလူတချို့၏ စူးစမ်းသောမျက်လုံးများဖြင့် ကြည့်ကြသည်။ အမြဲတမ်းသွားနေသဖြင့် ထိပ်ထားက မျက်စိမမြင်သော်လည်း သွက်လက်စွာသွားလာနိုင်၏။ ရွာစွန်ခြံဝန်းကြီးထဲဝင်လာပြီး အိမ်ကြီး၏တံခါးမကြီးကိုတွန်းဖွင့်၍ ...

"အထဲကို လာအစ်ကို"

အိမ်ထဲသို့ခေါ်သဖြင့် ဝင်လာကြပြီး အိမ်ကြီး၏ညှော်ခန်းမှ ဟောင်းနွမ်းနေသော ထိုင်ခုံများတွင် ထိုင်စေသည်။

အောင်သစ်က ထိပ်ထားအဖေပြောထားသောစကားကို သတိရပြီး ...

"ညီမ ... ဒီအိမ်ကြီးက မသာဇရပ်ကြီးဆို"

"မဟုတ်ပါဘူး အစ်ကိုရယ် ... ထိပ်ထားတို့အိမ်ပါ အိမ်ရဲ့အနောက်ဘက်မှာသင်္ချိုင်းရှိတော့ ဇရပ်ကြီးလို့အဖေက အစ်ကိုတို့ကိုပြောတာနေမှာ"



www.burmeseclassic.com

www.burmeseclassic.com



"ထိပ်ထား မကြောက်ဘူးလား"

"ဘာကိုလဲ ဟင်"

"သရဲတစ္ဆေကိုပါ"

"ထိပ်ထားကမျက်မမြင်ဘဲ ဘယ်လိုလုပ် သရဲတစ္ဆေကို ကြောက်ရမလဲ"

"ဟုတ်သားပဲ"

ထိပ်ထားပြောတာ သဘာဝကျလှသဖြင့် အောင်သစ်နှင့် ဖုန်းထက်က ခေါင်းညိတ်လိုက်၏။

ထို့နောက် ... ထိပ်ထားက ...

"ခဏထိုင်နေဦး အဖေ့ကိုသွားခေါ်လိုက်ဦးမယ်"

ပြောကာ အိမ်အနောက်ဘက်သို့ဝင်သွားသည်။

"ဖုန်းထက် အိမ်ကြီးထဲကြည့်ရတာ ကျော့ချမ်းသလိုမျိုးပဲ"

"အလင်းရောင် သိပ်မရလို့ပါကွာ"

အိမ်အတွင်းကို ရှာထိုးများခင်းထားပြီး ပြတင်းပေါက်ကြီးများရှိသော်လည်း ဖွင့်ထားခြင်းမရှိသောကြောင့် အလင်းရောင်ကိုအဝင်တံခါးမကြီးကသာရသဖြင့် အနည်းငယ်မှောင်နေခြင်းလည်းဖြစ်သည်။

သူတို့ထိုင်နေသော ဧည့်ခန်းမှာ အလွန်ကျယ်ဝန်းပြီး အမိုးမျက်နှာကျက်ထရံတွင် တွယ်ငြိနေသော မှိုင်းများကြောင့် မည်းမှောင်နေ၏။

"ထိပ်ထားကကွာ ဒီလိုအိမ်ကြီးမှာနေတော့ အုံ့သြဖို့ကောင်းတယ် ငါသာဆို မနေရဲဘူး"

"သရဲကြောက်လို့လား"

"မင်းစဉ်းစားကြည့်ဖုန်းထက် ... အိမ်နောက်မှာက သချိုင်း အိမ်ကြီးကလည်း အကြီးကြီး အထဲမှာလည်း မှိုင်းညို့ညို့နဲ့"

"ဒါတော့ကွာ ... သူမိဘရှိတဲ့နေရာမှာနေရတာပဲ ဒီမှာမနေချင်





လို့ ဘယ်မှာသွားနေမလဲ"

ထိုစဉ် ...

"အစ်ကိုတို့ ဘာတွေပြောနေကြတာလဲ"

ထိပ်ထား ဧည့်ခန်းတွင်းသို့ဝင်လာပြီး လက်နှင့်စမ်းကာ သူတို့ရှေ့ကုလားထိုင်တွင် ဝင်ထိုင်သည်။

"ထိပ်ထားတို့အိမ်ကြီးက အရမ်းကောင်းတာပဲနော်၊ တိုင်တွေကလည်း အကြီးကြီးပဲ"

အောင်သစ်ကပြောလိုက်ရာ ...

"ထိပ်ထားတို့အဖေဘက်က မျိုးရိုးစဉ်ဆက် ဒီအိမ်ကြီးမှာ နေလာကြတာပါ"

"ဟို ... မသာဇရပ်တော့မဟုတ်ဘူးနော်"

ထိပ်ထားက ပြုံးရုံသာပြုံးပြသည်။ ဖုန်းထက်ကတော့ ထိပ်ထားရဲ့စကားပြောပုံကို သက်ထားအမှတ်နှင့် မက်မောတသစွာ ကြည့်နေသည်။

ထို့နောက် ...

အိမ်အနောက်ဘက်မှခြေသံကြားရပြီး မကြာမီ ထိပ်ထားအဖေ ဧည့်ခန်းသို့ရောက်လာ၏။

"သမီးပြောတဲ့ ဧည့်သည်တွေဆိုတာလား"

"ဟုတ်တယ် အဖေ"

ထိပ်ထားဘေးက ထိုင်ခုံတွင်ဝင်ထိုင်ရင်း မေးလိုက်သည်။

"ဒါ ညီမအဖေ ဦးစိုးလင်းပါ"

"ကျွန်တော် ဖုန်းထက်ပါ ... သူက အောင်သစ် ပုဂံ၊ ပုပ္ပါးဘုရားဖူးလာရင်း ထိပ်ထားနဲ့တွေ့လို့ ရင်းနှီးသွားရာက ဒီကိုလာခဲ့တာပါ"

ဖုန်းထက်ရှင်းပြတာကို ထိပ်ထားအဖေက မှုန်ကုပ်ကုပ်နဲ့စိုက်ကြည့်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ငါ့သမီးနဲ့ ရင်းရင်းနှီးနှီးဆက်ဆံတာ မင်းတို့မှာအကြောင်းတစ်ခု ခုရှိတယ်မလား"

"ဗျာ"

ဖုန်းထက် အံ့သြတာတင်မဟုတ် အောင်သစ်ပါ မျက်လုံးပြူး သွားလေရာ ထိပ်ထားအဖေ ဦးစိုးလင်းက ...

"ငါ့သမီးလေးက မျက်မမြင်လေးပါ၊ ဆင်းရဲနွမ်းပါးတဲ့ပန်းသည် မလေး မင်းတို့ရုပ်ရည်နဲ့ ပုံသဏ္ဌာန်က ချမ်းသာတဲ့ပုံမျိုး ...

အခုလို တကူးတကန္တာကိုလိုက်လာတာ အကြောင်းမဲ့သက်သက် မဖြစ်နိုင်ဘူးလို့ဆိုလိုတာ"

"ကျွန်တော်တို့က ထိပ်ထားကို ... "

"နေဦး ... ငါဆက်ပြောမယ်"

ဖုန်းထက်စကားကို ဟန့်လိုက်ပြီး ...

"ငါ့သမီးမှာ အမြင်အာရုံမရှိပေမယ့်၊ သူ့စိတ်အာရုံဟာ တစ်ခုခုနဲ့ ဆက်နွယ်နေသလိုပဲ"

"ဟိုလေ ... ထိပ်ထားကိုမွေးတာ တစ်ယောက်တည်းမွေးတာ လား ဒါမှမဟုတ်"

မရဲတရဲနှင့် ဖုန်းထက်မေးလိုက်ရာ ဦးစိုးလင်းမျက်နှာတစ်ချက် ပျက်သွားပြီး ...

"တစ်ယောက်တည်းမွေးတာ၊ ဒါပေမဲ့ ထိပ်ထားဟာမျက်စိမမြင် ပေမယ့် သူ့စိတ်အာရုံမှာ တခြားသူတစ်ယောက်ရဲ့ပုံရိပ်တွေကို အမြဲမြင် နေတယ်"

"ထူးဆန်းလှချည်လား"

အောင်သစ်က စိတ်ဝင်စားပုံဖြစ်စွာပြောလိုက်ရာ ...

ဦးစိုးလင်းက ...





"သမီးထိပ်ထား သမီးငယ်စဉ်တည်းက အခုထိ သမီးအာရုံက အဖြစ်အပျက်တချို့ကို ပြောပြလိုက်ပါ"

"ဟုတ်ကဲ့ ... အဖေ"

ထိပ်ထားက ဦးစိုးလင်းကိုခေါင်းညိတ်ပြလိုက်ပြီး ...

"ညီမ မျက်စိမမြင်ပေမယ့် ညီမရဲ့အာရုံထဲမှာ ငယ်ငယ်ကတည်း ကအရမ်းရင်းနှီးခဲ့တဲ့ယောက်ျားတစ်ယောက်ရှိခဲ့တယ် ...

တိုက်အိမ်ကြီးတွေ ကားတွေကိုလည်းတွေ့နေရတယ်၊ ပြီးတော့ ညီမထက်ငယ်တဲ့ကောင်မလေးတစ်ယောက်ကိုလည်း အာရုံထဲမှာတွေ့နေ တယ်"

"ထူးဆန်းတာပဲ အမြဲတွေ့နေတာလား"

အောင်သစ်ပြောတာကို ဦးစိုးလင်းကမလိုလားဟန်ဖြင့်ကြည့် လိုက်၍ ဆက်မပြောတော့ဘဲ ငြိမ်လိုက်ရ၏။

"မဟုတ်ဘူးအစ်ကို တစ်ခါတစ်ခါမှပေါ်လာတာ အမြင်အာရုံ မရှိသူက အရာဝတ္ထုတွေအကြောင်း စိတ်အာရုံမှာပေါ်လာတာ စဉ်းစားမရ အောင်ဘဲ ...

ပြီးတော့ လွန်ခဲ့တဲ့တစ်လကျော်ကျော်လောက် ညနေပိုင်းမှာ ညီမ ခေါင်းကိုတစ်စုံတစ်ခုနဲ့တိုက်မိသလိုဖြစ်ပြီး သတိလစ်သွားတယ်"

"ဘာနဲ့တိုက်မိသွားလို့လဲ"

"ဘာနဲ့မှမတိုက်ဘဲ အလိုလိုကိုခေါင်းကဆောင့်မိတဲ့ ဝေဒနာခံစား ရတာ အဲဒီနောက်မှာ ညီမကို ဝတ်ရုံတွေဝတ်ထားတဲ့လူကြီးတွေက မျက် လုံးကိုဖောက်ထုတ်ကြတယ် ...

ခန္ဓာကိုယ်တစ်ခုလုံးမှာလည်း သွေးတွေရဲနေတယ် နောက်တော့ ပက်လက်လှည်းပေါ်တင်ပြီးအတွန်းမှာ ညီမအာရုံမှာပေါ်နေတဲ့လူရဲ့အသံ ကိုကြားရပေမယ့် မတွေ့ရတော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

ဖုန်းထက်အံ့ဩလွန်း၍ ရုတ်တရက်ဆွံ့အသွားသည်။ ထိပ်ထား အာရုံမှာပေါ်နေတာတွေဟာ သက်ထားရဲ့မြင်တွေ့မှုတွေဖြစ်နေတာပဲဟု ယုံကြည်လိုက်သည်။

"ညီမ သတိလစ်ပြီး ပြန်သတိရလာတော့ ညီမအာရုံမှာ ဘာမှ မမြင်တွေ့တော့ဘူး။ အမြင်မရှိလို့ အာရုံသက်သက်ခံစားရတဲ့ဘဝပါ သေဆုံးသွားခဲ့တယ် ...

အဲဒီအတွက် ထိပ်ထားဟာ ဘဝတစ်ခုအဆုံးသတ်သွားတဲ့အနေနဲ့ အဖေ့ကို အုတ်ဂူလုပ်ခိုင်းခဲ့တာပါ"

"ဒါကြောင့်ကိုး"

"ညီမအာရုံထဲမှာ မြင်ရတဲ့ရုပ်ကိုမသိနိုင်ပေမယ့် ကြားရတဲ့အသံက ဘယ်သူ့အသံလို့ အစ်ကိုတို့ထင်လဲ"

"ဘယ်သူ့အသံလဲ ညီမ"

ဖုန်းထက်က မသိဟန်ဆောင်ကာမေးလိုက်ရာ ထိပ်ထားက သူ့ရဲ့ လှပတဲ့နှုတ်ခမ်းလေးကို အသာအယာပြုံးလိုက်ပြီး ...

"အစ်ကိုဖုန်းထက်ရဲ့အသံပါ"

၉•၉



တွဲ့ရတဲ့သချိုင်းစောင့်

အခန်း (၁၉)

"ဒီက ဦးခွင့်ပြုမယ်ဆိုရင် ကျွန်တော်တို့ထိပ်ထားကို ရန်ကုန်ခေါ်သွားပြီး မျက်လုံးကို ဆေးကုပေးချင်တယ်"

ဖုန်းထက်က ထိပ်ထားအဖေ ဦးစိုးလင်းကို ခွင့်တောင်းလိုက်ရာ

"ငါက ထိပ်ထားအဖေပါ ငါ့သမီးမျက်လုံးပြန်မြင်မယ်ဆိုရင် ခွင့်ပြုချင်ပေမယ့် ... "

အခုမှတွေ့တဲ့ သူတို့ကိုယုံကြည်ရန်ပြောဖို့ခက်နေရာ ဖုန်းထက်က ...

"ဦးပါလိုက်ခဲ့ပါ ... ကျွန်တော်ထိပ်ထားမျက်လုံးကို ကောင်းအောင်ငွေဘယ်လောက်ကုန်ကုန် ကုပေးပါ့မယ်"

"မင်းဘာလို့ ဒီလောက်စေတနာကောင်းနေတာလဲ"

ဦးစိုးလင်းရဲ့ ပွင့်ပွင့်လင်းလင်းအမေးကြောင့် ဖုန်းထက်ဖြေရကျပ်သွားသည်။ ထိပ်ထားကတော့ အားနာဟန်ဖြင့် ...

"အဖေကလည်း အစ်ကိုတို့က စေတနာနဲ့ပြောတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"အဖေနားလည်တယ် ရှင်းအောင်မေးနေတာ"

ထိုအခါ ဖုန်းထက်က ...

"အပွင့်လင်းဆုံးပြောရရင် ထိပ်ထားအာရုံထဲမှာပေါ်နေတဲ့သူဟာ ကျွန်တော့်ချစ်သူဖြစ်နေတယ်၊ ပြီးတော့ ထိပ်ထားဟာ ကျွန်တော့်ချစ်သူ သက်ထားနဲ့ ရုပ်ရည်ကတစ်ပုံစံတည်း"

"ဟင်"

ဦးစိုးလင်း ခေါင်းမိုက်ကာ ငိုင်ကျသွား၏။ စကားလည်းချက်ချင်း ပြန်မပြောတော့ဘဲ တွေးတောစဉ်းစားနေသည်။

"ကျွန်တော်တို့က လူကောင်းတွေပါ ကျွန်တော့်ချစ်သူသက်ထား ဆုံးသွားလို့ ထိပ်ထားကိုအစားရသလို အသုံးချဖို့လည်း မဟုတ်ပါဘူး"

"ဟင် ... သက်ထားဆုံးသွားပြီ ဟုတ်လား"

ဦးစိုးလင်းရဲ့မျက်ဝန်းတွေက သိချင်သည့်အရောင်တောက်လာသည်။

"ဦး ... သက်ထားကိုသိလို့လား"

"မသိပါဘူး၊ ငါ့သမီးနဲ့တူတယ်ဆိုလို့ မေးကြည့်တာ"

အကြောင်းတစ်ခုခုကို ချက်ချင်းဖုံးကွယ်လိုက်သည့်ပုံပေမယ့် ဦးစိုးလင်းမျက်နှာပေါ်က အမူအရာက ပျက်နေ၏။

"သက်ထားဆုံးသွားပါပြီ"

"ညီမနဲ့တူတဲ့သူကို တွေ့ချင်လိုက်တာ၊ ညီမအာရုံမှာ သူ့ လှုပ်ရှားမှုတွေတွေ့နေတဲ့ သူနဲ့တူလားလို့ ... ဒါကလည်း မျက်စိမြင်မှပါ"

"ဟင်း"

ဦးစိုးလင်းရဲ့သက်ပြင်းသံက ကျယ်လောင်စွာထွက်လာပြီး ...

"သမီးမျက်လုံးပြန်မြင်ဖို့ကို ဘယ်အဖေက ဘာမှခွင့်မပြုနိုင်စရာ အကြောင်းမရှိပါဘူး ... ဒါပေမဲ့ ငါဟာသုဘရာဇာတစ်ယောက်ပါ၊ ငါမရှိ





လို့ဒီရွာမှာမဖြစ်ဘူး ... ဒီတော့ မမယ်ဇာကို အဖော်အဖြစ်ခေါ်သွားလိုက်"

"တကယ်နော် အဖေ"

ဝမ်းသာသွားတဲ့ထိပ်ထား မျက်နှာလေးပြုံးရွှင်စွာနှင့် သူ့အဖေ ဦးစိုးလင်းလက်ကိုစမ်းကာ ခပ်တင်းတင်းဆုပ်ထားလိုက်၏။

"ငါမင်းတို့ကို တောင်းဆိုပါရစေ"

"ပြောပါ ဦး"

"ငါ့သမီးလေးဟာ ငါ့ဘဝပါ ... မင်းတို့ပုံစံကလည်း ရိုးသားပုံရှိတာမို့ သူ့အဒေါ် ဒေါ်မယ်ဇာနဲ့အတူထည့်လိုက်မယ် ... ကောင်းကောင်းမွန်မွန်စောင့်ရှောက်ပါ"

"စိတ်ချပါ ... ဦး"

အောင်သစ်ကပါ ကတိပေးလိုက်သည်။

"ငွေလည်း ထည့်ပေးလိုက်မယ်"

"ရတယ်ဦး ... အဲဒီအတွက် ကျွန်တော်တာဝန်ယူမှာပါ"

"ငါတို့ဟာ မျိုးရိုးအရ သုဘရာဇာလုပ်နေတာ ငွေကြေးပြည့်စုံပါတယ် ... ဘာလို့ ငါ့သမီးမျက်လုံးကို ဆေးမကုတာလဲ သိလား"

ဦးစိုးလင်းရဲ့အမေးဟာ ရင်ထဲကခံစားချက်ကို ဖွင့်ဟချင်တဲ့ သဘောဆောင်နေသည်။

"ပြောပါ ဦး"

"သူ့အမေကို မြင်မှာစိုးလို့"

"ဗျာ ... "

ဖုန်းထက် ဦးစိုးလင်းစကားကို နားမလည်ပေမယ့် ဆက်မမေး သင့်မှန်းသိသည်။ အံကိုကြိတ်ထားတဲ့ ဦးစိုးလင်းမျက်နှာမှာ နာကြည်းမှု အရိပ်အယောင်တွေ ပြည့်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ခုတော့ ... အကြောင်းတရားအားလုံးတိုက်ဆိုင်လာပြီ ... ငါ့သမီးလည်း အရွယ်ရောက်လာပြီမို့ ခွင့်ပြုလိုက်တာပါ"

"ဟုတ်ကဲ့"

"မင်းတို့ ဘယ်တော့ပြန်မလဲ"

"ပုဂံမှာနောက်နှစ်ရက်လောက်နေပြီး ပြန်မယ်"

"ကောင်းပြီလေ ... ပြန်မယ့်နေ့ လာခေါ်ပေါ့၊ ထပ်မှာလိုက်ဦးမယ်၊ ငါ့သမီးကိုစိတ်ချပါရစေ ... သူ့မျက်လုံးကိစ္စပြီးရင် ရွာကိုသေချာပြန်ပို့ပေးပါ"

"ဟုတ်ကဲ့ပါဦး ... ကျွန်တော် ကတိပေးပါတယ်"

ဦးစိုးလင်းက စကားဝိုင်းထဲမှထကာ ခြံထဲသို့ဆင်းသွားသည်။

ဖုန်းထက်က ...

"အစ်ကိုတို့လည်း ပြန်တော့မယ်"

"ညီမ ခြံဝထိလိုက်ပို့မယ်"

"ကောင်းပြီလေ"

အိမ်ထဲမှထွက်လာကြပြီး ခြံဝသို့လျှောက်လာရာ ဖုန်းထက်နှင့် ထိပ်ထား အတူတွဲလျှောက်လာကြ၍ အောင်သစ်က ရှေ့မှလျှောက်သည်။

"အစ်ကို ညီမကိုသေချာလာခေါ်မှာလား"

"လာခေါ်မှာပေါ့ ညီမစောင့်နေပါ"

"ကျေးဇူးပါပဲ အစ်ကိုရယ် ... ညီမဘဝရဲ့မျှော်လင့်ချက်တွေ ပြည့်ခွင့်ရတော့မယ်"

"ညီမ အဖေက တစ်မျိုးပဲနော်"

"အဖေက သူ့ဘဝမှာ ခံစားချက်ပြင်းပြင်းတွေရှိခဲ့ဖူးတယ်၊ ဘယ်သူနဲ့မှလည်း စကားကိုလိုတာထက်ပိုမပြောဘူး ... သုဘရာဇာ





ပေမယ့် အဖေက ဘွဲ့ရပညာတတ်တစ်ယောက်ပါ"

"ဟင်"

ဘွဲ့ရပညာတတ်တစ်ယောက်က ဘာလို့သုဘရာဇာအလုပ်ကို လုပ်နေတာလဲ ဖုန်းထက် စဉ်းစားရခက်နေပြန်သည်။

"ဒေါ်မယ်ဇာဆိုတာ ညီမတို့နဲ့ ဘယ်လိုပတ်သက်လဲ"

"အဖေ့ညီမ အပျိုကြီးပါ ... ညီမကို ငယ်ငယ်ကတည်းက မွေးခဲ့သူပေါ့"

"ရွာထဲမှာနေတာလား"

"ညီမတို့နဲ့အတူနေတာ ယာထဲသွားနေလို့ အစ်ကိုတို့မတွေ့တာ"

"သြော်"

အိမ်ကြီးအိမ်ကောင်းနှင့်နေပြီး ခြံတွေယာတွေပိုင်ပေမယ့် ဘွဲ့ရပညာတတ်သုဘရာဇာရဲ့ဘဝကို အစဉ်အဆက်လက်ခံသူကို ဖုန်းထက် အံ့သြရပြန်သည်။

ခြံဝရောက်တော့ ဖုန်းထက်က ...

"ညီမနေခဲ့တော့ ... အစ်ကိုတို့သွားတော့မယ် သဘက်ခါမနက် လာခေါ်မယ် အဆင်သင့်စောင့်နေ"

"ညီမစောင့်နေပါ့မယ် ... အစ်ကိုလာခေါ်ဖြစ်အောင် လာခေါ်ပါနော်"

"စိတ်ချပါ"

ပြောကာ ရွာထိပ်သို့ထွက်လာခဲ့သည်။ ရိုးသားဖြူစင်လွန်းသည့် ထိပ်ထားမျက်နှာလေးက သနားစဖွယ်အမူအရာဖြင့် ဖုန်းထက်မျက်လုံးထဲမှာစွဲထင်လို့သာမြင်နေသည်။

ဘယ်လိုအကြောင်းတရားတွေ တိုက်ဆိုင်တာလို့ပဲပြောပြော



www.burmeseclassic.com

www.burmeseclassic.com



နေ့လယ်ခင်းအချိန်တောင် အလုံပိတ်အခန်းထဲက မထွက်ဘဲ ညမှောင်နေတုန်းပဲလို့ လောကကို ဖွတ်ငြင်းချင်နေမိသေးတာ သူမများပါဘူးလို့ ကိုယ့်ကိုယ်ကိုယ်ပြောမိလိုက်တယ်လေ —

ဏ•ဏ



အပြန်ခရီး

## အခန်း (၁၆)

ပုဂံကပြန်တော့ ထိပ်ထားနှင့်သူအဒေါ် ဒေါ်မယ်ဇာတို့ကို ဝင်ခေါ်ပြီး ရန်ကုန်သို့ကားကို မောင်းလာသည်။

ခရီးဝေးကားစီးဖူးသည့် အတွေ့အကြုံထိပ်ထားတို့ ကျွဝရိုးနှစ်ယောက်မှာမရှိတာမို့ မူးဝေသည့်ဝေဒနာကို ခံစားနေရရှာ၏။ ဖုန်းထက်နှင့်အောင်သစ်က တစ်ယောက်တစ်လှည့်ကားမောင်းလာကြရင်း ပြည်ရောက်တော့ ထမင်းဝင်စားကြသည်။

"အစ်ကိုတို့ပဲစားကြ၊ ညီမတို့တော့ ခေါင်းမူးလွန်းလို့ မစားနိုင်တော့ဘူး"

"ဘယ်ဟုတ်မလဲ အစာဝင်အောင်တော့စားပေါ့"

"မစားချင်ဘူး ငါ့တူ — ရန်ကုန်ရောက်ဖို့လိုသေးလား၊ လမ်းလျှောက်သွားလို့ရရင်လည်း လျှောက်သွားချင်တယ် ... ကားစီးရတာ သေတောင်သေချင်တယ်"

ဒေါ်မယ်ဇာ၏ညည်းညည်းညူညူစကားကြောင့် ဖုန်းထက်နှင့်



www.burmeseclassic.com

www.burmeseclassic.com



အောင်သစ်တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ ဘာဆက်လုပ်လျှင်ကောင်းမလဲဟု အသံတိတ်ဆွေးနွေးလိုက်သည်။

အောင်သစ်က ...

"အဒေါ်တို့ နားချင်လား"

"လှဲအိပ်လို့ရတဲ့နေရာသာပြော ခဏဖြစ်ဖြစ်လှဲအိပ်လိုက်ချင်တယ်"

အမှန်တကယ်ပင် ထိပ်ထားနှင့်ဒေါ်မယ်ဇာတို့မှာ နွမ်းခွေနေကြ၏။

"ဖုန်းထက်ရေ ... ညနေလည်းစောင်းနေပြီ၊ ဒီမြို့မှာ တစ်ညတည်းကြတာပေါ့"

"ကောင်းပြီလေ"

သူတို့နှစ်ယောက် ထမင်းကိုသွက်လက်စွာစားလိုက်ပြီး ဆိုင်ထဲမှထွက်လာကာ ရွှေဆံတော်ဘုရားအနီးမှ ဟိုတယ်တွင်တစ်ညတည်းလိုက်သည်။

သူနှင့်အောင်သစ်ကတစ်ခန်း၊ ထိပ်ထားနှင့်ဒေါ်မယ်ဇာက တစ်ခန်းယူလိုက်သည်။

"ဖုန်းထက် ထိပ်ထားအဖေ စကားအသွားအလာအရ ထိပ်ထားနဲ့ သက်ထားတို့မိသားစု ဆက်နွယ်မှုများရှိနေမလား"

"ရှိမယ်လို့တော့ထင်တယ်၊ ထိပ်ထားနဲ့သက်ထားကလည်း ခွဲမရအောင်တူနေတယ်"

"အေးကွာ ... ဘာတွေဖြစ်လာဦးမလဲမသိဘူး"

အောင်သစ်က ခုတင်ပေါ်ပက်လက်လှန်ရင်း သုံးသပ်ပြောဆိုမှုကို ဖုန်းထက်က ရေချိုးဖို့အဝတ်အစားလဲနေရင်းက ...

"ဘယ်လိုပဲဖြစ်ဖြစ် ထိပ်ထားမျက်လုံးပြန်မြင်အောင် ငါကူမေးမယ်"





"ထိပ်ထားကို မင်းအိမ်မှာပဲထားမှာလား"

"ငါ့အိမ်မှာပဲထားမှာပေါ့ ... မေမေကခွင့်ပြုမှာပါ"

"အန်တီက မင်းကိုလည်းသိပ်ချစ်သလို ဘာသာရေးသမားလည်းဖြစ်တော့ ဒုက္ခရောက်သူကို ကယ်တင်တာလက်ခံမှာပါ"

"ငါရေချိုးလိုက်ဦးမယ် ... ပြီးရင်မင်းချိုး"

"အေး"

စကားကိုဖြတ်ကာ ဖုန်းထက် ရေချိုးခန်းဝင်ကာ ရေကိုအားရပါးရချိုးလေတော့သည်။

ကားမောင်းလို့ ညောင်းညာနေသည့်အပူများကုန်အောင်ရေချိုးလိုက်ပြီး အဝတ်အစားလဲကာ ဟိုတယ်ညေ့ခန်းသို့ ထွက်လာခဲ့သည်။

အချိန်အတော်ကြာမှ အောင်သစ်က ဧည့်ခန်းသို့ရောက်လာပြီး

"ရွှေဆံတော်ဘုရားသွားဖူးရအောင် ဖုန်းထက်"

"ထိပ်ထားတို့ နိုးအောင်စောင့်လိုက်ပါကွာ ... တော်ကြာတစ်ခုခုဆို ငါတို့မရှိရင် ဒုက္ခရောက်နေပါ့မယ်"

"အေး ... ဟုတ်တယ်"

ဧည့်ခန်းထဲမှာပဲထိုင်လိုက်ကြပြီး စကားတပြောပြောနေလိုက်ကြရာ မိုးချုပ်စအချိန်တွင် ထိပ်ထားတို့တူဝရီးနှစ်ယောက် အိပ်ရာနိုးလာသည်။

"အိပ်ပြီးမှပဲ မူးတာသက်သာတော့တယ် မောင်ဖုန်းထက်ရေ"

"ထိပ်ထားရော မူးသေးလား"

"သက်သာသွားပြီအစ်ကို ... ရေလည်းချိုးပြီးသွားတော့ လူလည်းလန်းသွားတယ်လေ"

ထိပ်ထားနှင့်ဒေါ်မယ်ဇာတို့မှာ လန်းဆန်းနေသည့်ပုံဖြစ်သွားသဖြင့် ...



www.burmeseclassic.com

www.burmeseclassic.com



"ထမင်းစားတော့မလား ညီမ"

"ဗိုက်တော့မဆာဘူး အစ်ကို"

"အစာမစားလို့ ဘယ်ဖြစ်မလဲ၊ စားလိုက်ပါ မနက်ကျမှ ရန်ကုန် ဆင်းမယ်လေ"

"ဟုတ်ကဲ့"

ထိပ်ထားတို့တူဝရီးနှစ်ယောက်အားခေါ်ကာ မြန်မာထမင်းဆိုင်သို့သွား၍ ထမင်းကျွေးလိုက်သည်။

ထို့နောက် ...

ရွှေဆံတော်ဘုရားအား ညဘက်ဖူးစေပြီး ဟိုတယ်သို့ပြန်လာခဲ့သည်။ နံနက်စောစော ရန်ကုန်ပြန်မှာမို့ အိပ်ရာစောစောဝင်ကြသည်။

၁၁•၁၁

မနက်လင်းစအချိန်တည်းက ကားမောင်းလာသဖြင့် မွန်းတည့်ချိန်လောက်ရောက်တော့ ရန်ကုန်သို့ရောက်လာသည်။ မေမေက ထိပ်ထားကိုကြည့်ပြီး အံ့ဩလို့မဆုံးဖြစ်နေ၏။

အိမ်ခြေရင်းဘက်ကားထားသည့် သီးသန့်တိုက်တွင် ထိပ်ထားတို့ကိုနေရာပေးပြီး လွတ်လပ်စွာနေစေသည်။ ဖုန်းထက်က သူ့မေမေကိုကြိုတင်အသိပေးဖုန်းဆက်ထားတာမို့ မေမေက အထွေအထူး ဘာမှမပြော။

မေမေကိုယ်တိုင်လည်း သက်ထားကို သူ့သမီးလေးအရင်းလိုချစ်ခဲ့တာမို့ ထိပ်ထားကိုလည်း ကြည့်ဖြူလက်ခံသည်။ နဒီတို့မိသားစုက ပုသိမ်ဘက်က သူတို့အမျိုးတွေဆီသွားနေတာမို့ ထိပ်ထားတို့ရောက်လာတာ မသိသေးပေ။





ထိပ်ထားအဒေါ် ဒေါ်မယ်ဇာကလည်း အိမ်အလုပ်များကို မေမေနှင့်အတူလုပ်ပေးသလို ထိပ်ထားကလည်း မျက်စိမမြင်ပေမယ့် သူလုပ်နိုင်သည့်အလုပ်တို့ကို ဝိုင်းလုပ်ပေးသည်။

တစ်ည ...

"သား ... ထိပ်ထားမျက်လုံးကိစ္စ ဒေါက်တာအာကာနှင့်ပြောပြီးပြီလား"

"ပြောပြီးပြီ ... မေမေ ကိုအာကာက လိုအပ်တာညွှန်ကြားထားပါတယ်"

"ဘယ်တော့လောက် ခွဲရမလဲသား"

"ကိုအာကာ ပြောလိမ့်မယ်"

"ဒေါက်တာအာကာက နိုင်ငံခြားထိတောင် ပညာသွားသင်လာတော့ ထိပ်ထားအတွက် အဆင်ပြေမှာပါ နဒီကလည်း ဒေါက်တာအာကာပြန်လာတာမသိဘူးနဲ့တူတယ်"

"သူတို့တွေလည်း ပုသိမ်သွားတာကြာလိုက်တာ"

"သား ... နဒီကို သတိရလို့လား"

မေမေ့ရဲ့သွေးတိုးစမ်းတဲ့အမေးကို ဖုန်းထက်ခေါင်းယမ်းပြီး–

"နဒီကို သားတွေ့ချင်တာ သူ့မျက်လုံးကိုပါ"

"သားရယ် ... "

မေမေက စိတ်မကောင်းသည့်ပုံဖြင့် ဖုန်းထက်ကိုကြည့်၍ပြောလိုက်သည်။

"ထိပ်ထားဟာ ဘယ်တော့မှ သက်ထားဖြစ်လာမှာမဟုတ်ပါဘူး မေမေ ... သားချစ်တာ သက်ထားကိုပါ၊ ထိပ်ထားကို ကရုဏာတစ်ခုနဲ့ကူညီချင်တဲ့စိတ်ပဲရှိတယ်၊ အဲဒါလည်း သက်ထားရဲ့အရိပ်တစ်ခုကြောင့်ပါပဲ မေမေရယ်"



www.burmeseclassic.com

www.burmeseclassic.com



"မေမေ နားလည်တယ် သား _ လောကမှာ ရုပ်ဝတ္ထုတွေကို ခံစားတာမဟုတ်ဘူး အပြန်အလှန်မေတ္တာတရားကို ခံစားတာမလား"

"မေမေ့ပြောတာ မှန်ပါတယ်"

မေမေပြောတဲ့စကားတွေကို နားထောင်ပြီး ညည့်နက်လာတော့ အခန်းထဲသို့ဝင်ကာ အိပ်လိုက်တော့သည်။

၁၆•၁၆



တစ္ဆေအငြိုး

အခန်း (၁၇)

ညအမှောင်က ညည့်နက်လာတာနှင့် မည်းမှောင်နေပေမယ့် ကောင်းကင်မှ လရောင်က ထိပ်ထားအိပ်သည့်အခန်းပေါ်ကျနေသော ကြောင့် အခန်းတစ်ခုလုံး မီးအလင်းရောင်ဖျော့ဖျော့လို အလင်းရနေ၏။

တကယ်တော့ ထိပ်ထားအတွက် သဘာဝအလှအပတွေဟာ ဘာမှမသက်ဆိုင်ပါ ...

အထိအတွေ့အာရုံခံစားမှုနဲ့ အသံတချို့ကသာ သူ့ရင်ကို ဝမ်းနည်းဝမ်းသာခံစားရတာလေ _ မနက်ဖန်ဆို မျက်စိခွဲရတော့မည်။

အစ်ကိုဖုန်းထက်၏ ကျေးဇူးတရားတွေက သူ့အပေါ်မှာမနည်းလှ။ အမြင်အာရုံပြန်ရလျှင် သူသိပ်တွေ့ချင်တဲ့အာရုံထဲက လူ့ရဲ့မျက်နှာနဲ့အစ်ကိုဖုန်းထက်ရဲ့မျက်နှာတစ်ထေရာတည်း ဖြစ်ပါစေလို့သာ ဆုတောင်းနေမိသည်။

ရင်ခုန်စွာ စိတ်လှုပ်ရှားရင်း အိပ်ရာထက်မှ လူးလွန့်နေရာမှ

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



သူ့စိတ်အာရုံထဲတွင် ပေါ်လာသောမြင်ကွင်းတစ်ခု ဝတ်ရုံဖြူဖြူ လျားလျားတွင် ဆံပင်ရှည်တို့ကို မျက်နှာရှေ့သို့ချထားသော မိန်းမပျိုတစ်ဦး ...

တဖြည်းဖြည်း မြင်ကွင်းက ပီပြင်လာ၏။

"ဘာ ... ဘာလုပ်မလို့လဲဟင်"

ထိတ်လန့်ကြောက်ရွံ့စွာနှင့် တုန်ရီစွာထိပ်ထားမေးလိုက်သည်။

အကြိမ်ကြိမ် အခုတစ်ကြိမ်တော့ စိတ်ထဲကြောက်ရွံ့လွန်းလှသည်။ ထိုမိန်းမပျိုက ရုတ်တရက် သူ့ကိုလက်ညှိုးထိုးပြီး ဒေါသသံဖြင့် တစ်စုံတစ်ခုကိုပြောဖို့ ကြိုးစားသည်။ အသံတော့ လုံးဝမထွက် ... ထိပ်ထားကြောက်လွန်း၍ အသားများ တဆတ်ဆတ်တုန်ရီလာပြီး ...

"ကျွန်မ ... ဘာလုပ်မိလို့လဲ ဟင်"

အသံတုန်တုန်ဖြင့်မေးလိုက်သော်လည်း ထိုအမျိုးသမီးက ခေါင်းကိုပြင်းစွာ ယမ်းလိုက်သည်။ ထို့နောက် ...

ခေါင်းကို အောက်သို့ငုံ့ကာ မျက်နှာပေါ်ကျလာသောဆံပင်တို့ကို အပေါ်သို့ ပင့်တင်လိုက်၏။

"ဟာ ... "

ထိုအမျိုးသမီးတွင် မျက်စိလုံးဝမရှိ။ မျက်တွင်းချိုင့်ဝင်နေပြီး အပေါက်မည်းကြီးနှစ်ပေါက်ကို ခြောက်ခြားဖွယ်ရာတွေ့ရသည်။ လက်နှစ်ဖက်ကို ရှေ့သို့တန်းကာ တဖြည်းဖြည်း သူ့အနီးသို့ တိုးကပ်လာသည်။

"မလာနဲ့ ... သွား ... သွား ... "

ကြောက်လွန်း၍ အသံကုန်ဟစ်အော်သော်လည်း လုံးဝရပ်တန့်ခြင်းမရှိ။ ရှေ့သို့သာ တိုးလာဖို့ ကြိုးစားနေ၏။

သူ ... လှည့်ပြေးဖို့ကြိုးစားသော်လည်း တစ်စုံတစ်ရာက ခန္ဓာကိုယ်ကိုဆွဲထားသလိုဖြစ်နေ၍ လှုပ်ရှားလို့မရပါ။





"ကျွန်မကို သနားပါ ... "

ထိုအမျိုးသမီးက နာနာကြည်းကြည်းပြုံးပြီး ခေါင်းတရမ်းရမ်းနှင့် ရှေ့သို့တိုးလာကာ ... သူ့လက်သည်းရှည်ရှည်နှင့် မျက်လုံးကိုထိုးဖောက်ဖို့ကြိုးစားရာ ...

"အား"

အသံကုန်ဟစ်အော်သံက သွေးပျက်စွာထွက်ပေါ်လာပြီး အရာအားလုံး လုံးဝမှောင်ကျသွားလေတော့သည်။

"တူမကြီး ... ဘာဖြစ်တာလဲ"

တူမဖြစ်သူ ထိပ်ထားရဲ့ငယ်သံပါအောင် အော်ဟစ်သံကြောင့် ဒေါ်မယ်ဇာလန့်နိုးလာပြီး ထိပ်ထားကိုစိုးရိမ်စွာနှင့် ကြည့်နေသည်။

ထိပ်ထားမျက်လုံးပွင့်လာပြီး နှုတ်ခမ်းများ တဆတ်ဆတ်တုန်ရီနေသောကြောင့် ဒေါ်မယ်ဇာလွန်စွာ စိုးရိမ်သွား၏။

"တူမကြီး ... ဘာဖြစ်တာလဲ အဒေါ်ကိုပြောလေ"

"အဒေါ် ... ဟီး"

ဒေါ်မယ်ဇာကိုယ်ကိုစမ်းပြီး တင်းကြပ်စွာဖက်ထားလိုက်သည်။

"အရမ်းကြောက်ဖို့ကောင်းတယ် အဒေါ်ရယ် ... သူလေ သူ"

"ဘယ်သူလဲ တူမကြီး ... အဒေါ့်ကိုပြော"

"ဟင့်အင်း ... ဟင့်အင်း"

ဘာမှမပြောဘဲ ခေါင်းကိုရမ်း၍သာနေသည်။

"အိပ်ပျော်အောင်သာ ပြန်အိပ်ပါ တူမကြီးရယ် ဘာမှမတွေးနဲ့ တစ်ခုခုဆို အဒေါ်ကိုနှိုးလိုက်"

ဒေါ်မယ်ဇာက အတင်းချော့မော့ကာ သိပ်လိုက်မှအိပ်ရာပေါ် ပြန်လှဲသည်။

ငယ်စဉ်အခါတည်းမှ မိတဆိုးလေး သူ့ကိုယ်တိုင်နွားနို့၊ ဆိတ်



www.burmeseclassic.com

www.burmeseclassic.com



နို့တိုက်ကာ သမီးရင်းနှင့်မခြားမွေးမြူခဲ့တာမို့ သံယောဇဉ်ကလွန်စွာကြီးလှသည်။

သုဘာရာဇာသမီး ဒုက္ခိတလေးမို့ သနားကရုဏာပိုတာလည်းပါသည်။ အရွယ်လေးရောက်လာတော့ ဘဝရပ်တည်တာကို အားမငယ်စေဖို့ ကုသိုလ်ဖြစ် ပန်းရောင်းခိုင်းခဲ့သည်။ ရောင်းရငွေကိုလည်း ဘုရားကိုသာလှူတဲ့ အင်မတန်စိတ်သဲဘောထားကောင်းတဲ့တူမလေးမျက်နှာကိုငေးကြည့်နေရင်း အိပ်ပျော်သွားမှဘေး၌ ဒေါ်မယ်ဇာဝင်လှဲလိုက်သည်။

မျက်မမြင်ဒုက္ခိတမလေးလည်း မကြာခင် မျက်စိနှစ်ဖက်အလင်းရပါစေလို့လည်း ဆုတောင်းနေမိတော့သည်။

ဩ•ဩ



အစားထိုးမယ့်ဇီညာဉ်

## အခန်း (၁၉)

"ကိုထက်ရေ ... ကိုထက်"

အိမ်ရှေ့ကခေါ်သံကြောင့် ဖုန်းထက် အခန်းထဲကနေထွက်လာတော့ နဒီက ဧည့်ခန်းတွင်းက ဆိုဖာခုံမှာဝင်ထိုင်ကာ သူ့ကိုစောင့်နေသည်။

"ဘယ်တုန်းကပြန်ရောက်တာလဲ နဒီ"

"ညကပြန်ရောက်တာ ညဉ့်နက်နေလို့ နဒီမလာတာ၊ ရော့ဒါပုသိမ်ဟာလဝါ ကိုထက် ကြိုက်တယ်လေ"

"ကျေးဇူးပဲ"

ဖုန်းထက် နဒီမျက်လုံးကိုသေချာစိုက်ကြည့်တော့ နဒီကမျက်လွှာချသွားသည်။

"ကိုအာကာ ပြန်ရောက်နေပြီ နဒီ"

"ဟင်"

"သူ ... နဒီကို သိပ်တွေ့ချင်နေတယ်"

"နဒီ သူ့ကို စိတ်မဝင်စားတော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



စိတ်ရှုပ်စွာနဲ့ နဒီပြောလိုက်ရာ ဖုန်းထက်က ...

"စိတ်ဆိုးနေကြလို့လား၊ ကိုအာကာကအလုပ်သိပ်များလို့ပါ၊ ကိုထက်တောင် ကိုအာကာကို လူနာတစ်ယောက်အပ်ထားသေးတယ်"

"ဘယ်သူလဲ"

နားမလည်သောပုံဖြင့် နဒီမေးလိုက်ရာ ဖုန်းထက်က လက်အသာကာပြရင်း အိမ်နောက်ဖေးဘက်သို့ လှမ်းခေါ်လိုက်သည်။

"ထိပ်ထားရေ ... ခဏ"

"ဘယ်ကထိပ်ထားလဲ၊ ကိုထက်ဘာတွေလုပ်နေတာလဲ"

နဒီက စိတ်မရှည်စွာ သိချင်ဇောဖြင့်မေးနေစဉ် အိမ်အနောက်ဘက်ကနေ စမ်းတဝါးဝါးနှင့်ထွက်လာသော ထိပ်ထားကိုမြင်သောအခါ

"ကိုထက် ... သူကဘယ်သူလဲ ... မမနဲ့အရမ်းတူတာပဲ"

"သူက ပုပ္ပါးက ထိပ်ထားပါ၊ ထိုင် ... ထိပ်ထား"

ထိပ်ထားက ဖုန်းထက်ဘေးက ထိုင်ခုံမှာဝင်ထိုင်လိုက်သည်။

"ထိပ်ထားက မျက်စိမမြင်ဘူး နဒီ ... ရန်ကုန်မှာ သူ့မျက်လုံးကုပေးဖို့ ကိုထက်ခေါ်လာတာ"

"ဘာ ... ဘာလို့ မမသက်ထားနဲ့တူနေတာလဲ"

နဒီအသံက အနည်းငယ်တုန်ခါနေရာ ဖုန်းထက်က ...

"နဒီလည်း မမအစားရတာပေါ့"

"ဟင့်အင်း ... နဒီ မမသက်ထားနေရာမှာ ဘယ်သူ့ကိုမှ အစားမထိုးဘူး"

ပြောကာ အိမ်ထဲမှ ပြေးထွက်သွားတော့သည်။

"နဒီဆိုတာ အစ်ကိုပြောပြနေတဲ့သက်ထားရဲ့ညီမလေးလား အစ်ကို"

"ဟုတ်တယ် ညီမ၊ နဒီက ကလေးတအားဆန်တယ် အရင်





ကဆို ကိုနဲ့စကားပြောတာတောင် အဆင်မပြေဘူး"

"အရင်ကဆိုတော့ နဒီဘာဖြစ်သေးလို့လဲ"

"သက်ထားနဲ့နဒီ ကားအက်ဆီးဒင့်ဖြစ်တော့ သက်ထားကသွဲ့ချင်းပြီးဆုံးပြီး၊ နဒီကမျက်လုံးထိသွားလို့ သက်ထားမျက်လုံးနဲ့ နဒီကိုအစားထိုးထားရတယ်လေ"

"ဟင် ..."

"ဘာလို့လဲ ထိပ်ထား"

ထိပ်ထားရဲ့ အမူအရာကြောင့် ဖုန်းထက်မေးလိုက်သည်။

"ညီမအာရုံမှာ အမြဲတွေ့နေတဲ့သူရဲ့မျက်နှာမှာ မျက်လုံးမရှိတော့ဘူးအစ်ကို ... ပြီးတော့"

"ဘာဖြစ်သလဲ ညီမ ..."

"ညီမကို ရန်လိုနေတဲ့ပုံနဲ့ ကြောက်စရာကြီးအစ်ကိုရယ်"

ပြောရင်း ထိတ်လန့်တဲ့အမူအရာကြောင့် ဖုန်းထက် ထိပ်ထား၏ ပခုံးလေးကိုကိုင်ကာ ...

"စိတ်ထဲဘာမှမထားပါနဲ့ညီမရယ် ... မကြာခင် ညီမလည်း မျက်စိမြင်တော့မှာပဲ အဲဒီကျရင် အာရုံမှာပေါ်နေတာတွေ ပျောက်သွားမှာပါ"

"ညီမလည်းပျောက်သွားပါစေလို့ ဆုတောင်းနေပါတယ်"

အားငယ်တဲ့လေသံလေးကြောင့် ဖုန်းထက်ရင်ထဲက သနားစိတ်ဟာ ပိုလို့ပင်တိုးလာသည်။

"ကဲ ညီမ ... ရေသွားချိုး အဆင်သင့်လုပ် ဒေါက်တာအာကာကို နေ့လယ်လာမယ်လို့ပြောထားတယ်"

"ဟုတ်ကဲ့ ... အစ်ကို"

ထိပ်ထား အိမ်အနောက်ဘက်ဝင်သွားသောအခါ အောင်အစ်ကို

www.burmeseclassic.com



နေ့လည်ပိုင်းဆေးရုံလာဖို့ လှမ်းပြောလိုက်သည်။ ထိပ်ထားဆေးရုံသွားဖို့ လိုအပ်သည့်ပစ္စည်းတို့ကို ကားပေါ်တင်၍ မေမေနှင့် ဒေါ်မယ်ဇာတို့ပါလိုက်ပါလာသည်။ အောင်သစ်က ဆေးရုံအဝကစောင့်နေပြီး ... သူတို့လာတာကိုမြင်သောအခါ ...

"ငါစောင့်နေတာကြာပြီ"

"အေး ... ပစ္စည်းတွေပိုင်းသယ်"

အောင်သစ်ကလည်း အလိုက်တသိနှင့်ပစ္စည်းများပိုင်းသယ်ကာ ဆေးရုံတွင်းသို့ ဝင်လာကြသည်။ ပုဂ္ဂလိက ပြင်ပအထူးကုဆေးခန်းမှ သီးသန့်ခန်းတွင် ထိပ်ထားကိုထားသည်။

သိပ်မကြာခင် ဒေါက်တာအာကာရောက်လာပြီး လိုအပ်တာများကိုညွှန်ကြားစစ်ဆေး၏။

"အခြေအနေကောင်းနိုင်လား ကိုအာကာ"

"ငါးဆယ် ငါးဆယ်ပဲ ကိုဖုန်းထက် ... ကျန်းမာရေးလည်းကောင်းတဲ့လူဆိုတော့ ပိုမျှော်လင့်လို့ရတာပေါ့"

"အော်ပရေးရှင်း ဘယ်တော့လောက်လုပ်မလဲ ကိုအာကာ"

"နောက်သုံးရက်နေ့ရင်လုပ်မယ်"

ဒေါက်တာအာကာနှင့် ဖုန်းထက်တို့က ယခင်ကတည်းကရင်းနှီးခဲ့တာမို့ ပွင့်ပွင့်လင်းလင်းပြောဆို ဆွေးနွေးကြသည်။ ဒေါက်တာအာကာ အခန်းထဲမှထွက်သွားပြီးနောက် ဖုန်းထက်က ...

"ဆေးရုံမှာ လိုအပ်တဲ့ကျန်းမာရေးစစ်ဆေးဖို့ သုံးရက်လောက်အချိန်ယူပြီးမှ မျက်လုံးခွဲရမယ် ထိပ်ထား"

"အခုခွဲရမှာ မဟုတ်ဘူးလား"

"မဟုတ်ဘူး ခွဲပြီးရင်လည်း မျက်လုံးကိုပတ်တီးစည်းပြီး နေရဦးမယ်"





"ကြော် ... "

ကလေးငယ်တစ်ဦးပမာ နားထောင်နေရှာတဲ့ ထိပ်ထားကို စိတ်ခွန်အားပေးဖို့အားပေးရင်း ...

"အစ်ကိုတို့ပြန်ဦးမယ်"

"ဟုတ်ကဲ့"

"မေမေကြီးလည်းပြန်ဦးမယ်၊ ဘာမှအားမငယ်နဲ့နော်သမီး မေမေကြီးတို့အားလုံး ကူညီမယ်"

"ကျေးဇူးပါပဲ မေမေကြီးရယ်"

ဖုန်းထက်နှင့်သူ့မေမေဒေါ်နွဲ့နွဲ့တို့က ပြန်ရန်ပြင်လိုက်စဉ် အောင်သစ်က ...

"ငါ ... အလုပ်ပါးနေတယ် မပြန်သေးဘူး"

"အေး"

ထိပ်ထားအဒေါ် ဒေါ်မယ်ဇာနှင့်အတူ အောင်သစ်ဆေးရုံမှာ ကျန်ခဲ့လေသည်။ ဖုန်းထက်တို့ သားအမိနှစ်ယောက်အိမ်သို့ပြန်ရောက်ပြီး မကြာခင် နဒီနှင့်သူ့မာမီ ဒေါ်ဖြူကြည်တို့ အိမ်ရောက်လာသည်။

"အန်တီ နဒီပြောလို့ ထိပ်ထားဆိုတဲ့ မိန်းကလေးအကြောင်း သိပြီးပြီ ဘယ်မှာလဲဟင်"

"ဆေးရုံတင်ထားတယ် အန်တီ"

"ဘာဖြစ်လို့လဲ"

ဒေါ်ဖြူကြည်မျက်နှာက စိုးရိမ်စိတ်တို့ဖြတ်သွားပြီး ပျာပျာသလဲ မေးလိုက်၏။ နဒီကတော့ ဘာမှဝင်မပြော ...

"ထိပ်ထား မျက်စိကို ပြန်မြင်အောင်ပါ"

"ကြော်"

"အန်တီ ... ထိပ်ထားကိုမြင်ရင် အရမ်းအံ့ဩသွားလိမ့်မယ်



www.burmeseclassic.com

www.burmeseclassic.com



ထိပ်ထားက သက်ထားနဲ့တစ်ပုံစံတည်း"

အန်တီဒေါ်ဖြူကြည်မျက်နှာချက်ချင်းအိုသွားပြီး ...

"မောင်ဖုန်းထက် ထိပ်ထားကိုခေါ်လာတဲ့ရွာက ပုပ္ပါးနားက မလား"

"ဟုတ်တယ် အန်တီ"

"ထိပ်ထားဟာ သက်ထားရဲ့အမြွှာအစ်မလေ"

"ဗျာ"

ဖုန်းထက် မျှော်လင့်ထားတာထက် ပိုမိုအံ့သြမိသည်။

"အန်တီမရှက်ပါဘူး ... ရှင်းပြပါ့မယ် အန်တီတို့မိဘတွေက မန္တလေးမှာနေတာ အန်တီကျောင်းတက်တော့ မန္တလေးတက္ကသိုလ်တက်ရင်း ကိုစိုးလင်းနဲ့ချစ်ကြိုက်ခဲ့ကြတယ် ...

လူငယ်တို့သဘာဝ ကျောင်းပြီးတော့ ခိုးပြေးကြရင်း မော်ဇာရွာကလေးမှာပဲ ထိပ်ထားတို့အမြွှာညီအစ်မကိုမွေးခဲ့တာပါ ... ပညာတတ်ငွေကြေးချမ်းသာပေမယ့် သုဘရာဇာမျိုးရိုးမို့ အန်တီတို့မိဘတွေက သဘောမတူခဲ့ဘူး။ အန်တီ ... မော်ဇာရွာမှာနေတယ်ဆိုတာသိတဲ့တစ်နေ့မှာ လိုက်လာပြီး အတင်းခေါ်တယ် ... "

"ကလေးနှစ်ယောက်ကရော"

"တစ်ယောက်ပဲ ခေါ်ခွင့်ရခဲ့တယ်၊ ကိုစိုးလင်းက တစ်ယောက်ခေါ်ထားတယ် ... ရက်သားလေးတွေပဲရှိသေးတယ်လေ ... မန္တလေးကို မလိုက်နိုင်ဘူး ... သုဘရာဇာမျိုးရိုးဟာ သုဘရာဇာပဲလုပ်ရမယ်ဆိုပြီး နေခဲ့တယ်"

ခမှ ဇာတ်ရည်လည်သွားသည်။ အန်တီဒေါ်ဖြူကြည်မျက်နှာမှာ မျက်ရည်တို့ကကျနေ၏။

"ခုတွေ့ပြီပဲ အန်တီရယ် ... စိတ်မကောင်းဖြစ်မနေနဲ့တော့"





"အန်တီ မိခင်တစ်ယောက်အနေနဲ့ မပြုစုမစောင့်ရှောက်ခဲ့ရဘူး"

"နဒီလည်း မမအစားရတာပေါ့"

ဖုန်းထက်က စကားလမ်းလွှဲသည့်အနေဖြင့် နဒီကိုလှမ်းပြောလိုက်သည်။

"နဒီက အစားရတာဘာမှမလိုချင်ဘူး ကိုထက်ကသာ မမသက်ထားနေရာ အစားရတာမလား"

ရန်တွေ့သည့်လေသံဖြင့် ခပ်မာမာပြန်ပြောတာကြောင့် ဖုန်းထက်နဒီကို ဘာဆက်ပြောရမှန်းမသိတော့ ... အန်တီဒေါ်ဖြူကြည်က ...

"အန်တီ ဆေးရုံလိုက်သွားလိုက်မယ်"

"အော်ပရေးရှင်းပြီးမှ ထိပ်ထားနဲ့တွေ့ပါလားအန်တီ၊ ဒီရက်ပိုင်းဝမ်းနည်းဝမ်းသာ ထိပ်ထားကိုမဖြစ်စေချင်လို့ပါ"

"ဟုတ်ပါတယ်လေ ... သမီးထိပ်ထားကို ဘယ်ဆရာဝန်နဲ့အပ်ထားလဲ"

"ဒေါက်တာအာကာနဲ့ပေါ့"

"အိုး ... ကောင်းတာပေါ့ကွယ် စိတ်ချရတာပေါ့"

အန်တီဒေါ်ဖြူကြည်မျက်နှာ ဝင်းပသွားပေမယ့် နဒီမျက်နှာမှာ အပြုံးတစ်ခုကို ထိတ်လန့်စွာနှင့် ဖုန်းထက်တွေ့လိုက်ရလေသည်။

ဍ•ဍ



www.burmeseclassic.com

www.burmeseclassic.com

## တစ္ဆေမျိုးရဲ့ ဒေါသ

### အခန်း (၁၉)

ထိပ်ထားမျက်လုံးခွဲစိတ်ခြင်းကိစ္စအောင်မြင်စွာ ပြီးဆုံးသွားတော့ အားလုံးကဝမ်းသာနေကြသည်။ အန်တီဒေါ်မြကြည်ကိုလည်း ထိပ်ထားက သူ့အမေမှန်းသိသွားသလို သေဆုံးသွားတဲ့သက်ထားဟာလည်း သူ့အမြွှာညီမမှန်းသိသွား၏။

ဒေါက်တာအာကာ၏ အထူးဂရုစိုက် ကြပ်မတ်ကုသမှုကြောင့် သိပ်မကြာခင် ထိပ်ထားမျက်လုံးတွင် စည်းထားသောပတ်တီးကို ဖြည်ရတော့မည်ဖြစ်သည်။

ထိပ်ထားလည်းပျော်လို့မဆုံး ရင်ခုန်စွာနှင့် လူ့ဘဝကိုရောက်တည်းက တစ်ခါမှမမြင်ရသည့်မြင်ကွင်းအားလုံးကို အားရပါးရကြည့်ပစ်လိုက်မည်ဟု တွေးထား၏။

"တူမကြီး အဒေါ်ဆေးရုံရှေ့ကဆိုင်ခန်းမှာ သဘက်တစ်ထည်သွားဝယ်ဦးမယ်"

"မြန်မြန်ပြန်လာနော်"





"အေးပါ"

အညာသူပီပီ ခေါင်းမှာသဘက်ပေါင်းသည့် အလေ့အထရှိတာမို့ အပိုဝယ်လေ့ရှိသည်။

ဒေါ်မယ်ဇာထွက်သွားပြီး မကြာမီ ...

"ကျွီ ... "

"ရှပ် ... ရှပ် ... ရှပ် ... "

အခန်းတံခါးတွန်းဖွင့်သံနှင့်အတူ ခပ်ဖွဖွနင်းလာသောခြေသံကို ထိပ်ထားကြားလိုက်ရ၏။

"ဘယ်သူလဲ"

" ... ... "

လှမ်းမေးလိုက်သော်လည်း ဖြေသံကိုလုံးဝမကြားရ။ ခြေသံက တဖြည်းဖြည်း သူ့အနားကပ်လာသည်။ ထိပ်ထား ဘာလုပ်ရမှန်းမသိ မျက်မမြင်တစ်ယောက်၏ မိမိကိုယ်မိမိ ကာကွယ်ဖို့လည်း လုံးဝမဖြစ်နိုင်ပါ။

လူတစ်ယောက်က သူ့ခေါင်းကို ခပ်ကြမ်းကြမ်းကိုင်လိုက်တဲ့အထိအတွေ့ကြောင့် ...

"ဘာလုပ်မလို့လဲ ... မလုပ်ပါနဲ့"

အေးစက်စက်လက်ကြီးက ခေါင်းမှပတ်တီးကိုဖြည်ဖို့ ကြိုးစားနေသည်။

အားရှိသလောက် လက်နှင့်အတင်းဟွန်းဖယ်သော်လည်း မရ။

"မလုပ်ပါနဲ့ အချိန်မတန်ဘဲ ပတ်တီးဖြည်လိုက်ရင် မျက်လုံးထဲအလင်းဝင်ပြီး ကျွန်မ တစ်သက်လုံးမျက်မမြင်ဘဝ ရောက်သွားမှာမို့ပါ"

တောင်းပန်တိုးလျှိုးသော်လည်းမရ ပတ်တီးကိုထိပ်ထားရှန်းနေ



www.burmeseclassic.com

www.burmeseclassic.com



သည့်ကြားက အတင်းဖြည်နေသည်။

ထိုအချိန်တွင် ...

"ဟိတ် _ ဒါဘာလုပ်တာလဲ"

ဒေါက်တာ အာကာအသံကိုကြားလိုက်ရသဖြင့် ထိပ်ထားအား တက်ပြီး အတင်းရုန်းတော့သည်။

"မင်း ဘာလုပ်တာလဲ"

"ရှင်မလာနဲ့နော် _ ဒီမှာဘာလဲတွေ့လား"

အရှည်ကိုးလက်မခန့်ရှိသော ဓားမြှောင်တစ်ချောင်း ...

"မင်း _ ဘာလုပ်တာလဲကွာ"

"သူ့ကိုမျက်စိမမြင်စေချင်တာ အကန်းဘဝနဲ့နေမှ ကိုထက်က စိတ်မဝင်စားမှာ"

"မင်း ... ရူးနေလား နဒီ"

"ရူးနေတယ် _ ကားတိုက်ပြီးတည်းကရူးနေတာ"

အတင်းကြုံးအော်ပြီး လက်ထဲကဓားမြှောင်ကိုလည်း ဒေါက်တာ အာကာအနားမကပ်နိုင်အောင် ချိန်ထားသည်။

ထိပ်ထားက ခုတင်အောက်မှာကပ်လျှက် အသားများတုန်ရီနေ သည်။

BURMESE CLASSIC .com

ထိုစဉ် ...

ဖုန်းထက်နှင့်အန်တီဒေါ်ဖြူကြည်တို့ရောက်လာကြသည်။

"သမီး ... နဒီ ဘာဖြစ်နေတာလဲ"

"မာမီလည်း အနားမကပ်နဲ့ _ သူ့ မျက်လုံးမမြင်မှအေးမှာ"

"မလုပ်ပါနဲ့ နဒီရယ် _ ကိုထက်တောင်းပန်ပါတယ်"

လက်ထဲမှာလည်း ဓားနဲ့မို့ ဖုန်းထက်လည်းအနားသို့မကပ်ရဲ နဒီ ပုံက မျက်လုံးပြူးကာ စိတ်ဖောက်သွားသည့်ပုံဖြစ်နေ၍ အနီးရှိထိပ်ထား





ကို အန္တရာယ်ပြုမှာ စိုးရိမ်နေရသည်။

"ငါ့အစ်မ သက်ထားက နင့်ကိုသတ်ဖို့ ငါ့ကိုညတိုင်းလာပြော တယ် _ နင်က သူ့ချစ်သူကိုလုမှာတဲ့"

"နဒီ စိတ်ငြိမ်ငြိမ်ထားပါကွာ"

"စိတ်ငြိမ်ငြိမ် ဟုတ်လား ... ဟား ... ဟား ... ဟား ရှင် လည်း သစ္စာမရှိဘူး _ ကျွန်မမျက်လုံးတွေက ရှင့်ကိုအမြဲမြင်ချင်နေတာ မမမှာတော့ မျက်လုံးမရှိတော့ဘူး ... ဟီး"

ရယ်လိုက်ငိုလိုက်နှင့် နဒီမှာလုံးဝစိတ်ဖောက်ပြန်နေသည်။ ဖုန်းထက် သွေးတိုးစမ်းသည့်အနေဖြင့် နဒီအနားသို့ တဖြည်းဖြည်း ကပ်လာရာ ...

"ရှင် _ ဘာလုပ်မလို့လဲ ကျွန်မ သူ့ကိုသတ်လိုက်မှာနော်"

ဓားကိုထိပ်ထားဘက်လှည့်ထားသဖြင့် ဖုန်းထက် ဆက်မတိုးဝံ့ ဘဲရပ်နေလိုက်သည်။

ဒေါက်တာအာကာက ...

"နဒီ ကိုယ်တို့ကချစ်သူတွေလေ ပေါက်ကရတွေ လျှောက် မလုပ်ပါနဲ့ _ နဒီဒုက္ခရောက်နေဦးမယ်"

"ဘာချစ်သူလဲ ... ကျွန်မချစ်သူက ဒီမှာ ... ဟား ဟား ဟား"

ဖုန်းထက်ကို လက်ညှိုးထိုးကာ ရယ်မောနေပြန်သည်။

"ကျွန်မမျက်လုံးထဲမှာ ဒေါက်တာအာကာဆိုတာ လုံးဝမရှိတော့ ဘူး ဖုန်းထက်ဆိုတဲ့ မောင်ပဲရှိတယ်"

"နဒီ မှားနေတယ် ... "

"နဒီလို့မခေါ်နဲ့ ကျွန်မ နဒီမဟုတ်ဘူး _ သက်ထား သေသွား တာနဒီ မျက်လုံးဖောက်ထားလို့ အားလုံးကမသိကြတာ"



www.burmeseclassic.com

www.burmeseclassic.com



နဒီစကားကြောင့် ရှပ်ကုန်သည်။ တကယ်တော့ နဒီဟာ ကား အက်ဆီးဒင့်ဖြစ်ပြီးတည်းက အာရုံကြောတချို့ ချို့ယွင်းသွားတာကို အား လုံးသတိမထားမိခဲ့။

ခုတော့ ...

ထိပ်ထားအပေါ် အမုန်းပွားရာကနေ အခြေအနေမှာ လွန်စွာ ဆိုးရွားသွားသည်။

"ဝုန်း"

နဒီ၏လဲပြိုသံနှင့်အတူ ဒေါ်မယ်ဇာကိုယ်က နဒီကိုယ်ပေါ်ပိနေ တာကိုမြင်လိုက်ရသဖြင့် ဖုန်းထက်နှင့်ဒေါက်တာအာကာ အတင်းသွားဆွဲ ကာ နဒီကို ချုပ်ထားလိုက်သည်။

အပြင်ကပြန်လာသော ဒေါ်မယ်ဇာက နဒီကိုအုပ်ငိုက်ဖမ်းပြီး အတင်းဝင်လုံးလိုက်ခြင်းဖြစ်၏။

ဒေါ်မယ်ဇာ လက်မောင်းမှာ နဒီ၏ဓားကြောင့် သွေးတချို့စွန်း ပေနေသည်။

"လွှတ်စမ်း ... ထိပ်ထားကို ငါသတ်မယ်"

အတင်းရုန်းကန်နေရာ အခန်းအပြင်သို့ခေါ်ထုတ်ပြီး ဝန်ထမ်း တချို့အကူအညီနှင့် စိတ်ငြိမ်ဆေးတစ်လုံးကို ထိုးပေးလိုက်သဖြင့် ခုတင် လွှတ်တစ်လုံးပေါ်တွင် အိပ်ပျော်သွားတော့သည်။

ထိပ်ထားက ကြောက်လွန်း၍ ဒေါ်မယ်ဇာကို ဖက်တွယ်ထား သည်။

"ဘာမှမဖြစ်တော့ပါဘူး ထိပ်ထားရယ်"

"သမီး ... မာမီ ... နဒီ စိတ်ဖောက်နေတာ ... မသိလို့ပါ ကွယ်"

"သမီး အရမ်းကြောက်သွားတာပဲ မာမီရယ်"





ဒေါ်မြူကြည်ကတော့ ထိပ်ထားကိုနှစ်သိမ့်လိုက်၊ နဒီဆီပြေးလိုက် နှင့်အပူသောကတို့ဖြင့် ယောက်ယက်ခပ်နေလေသည်။ ဒေါက်တာအာကာ ကတော့ နဒီအိပ်မောကျနေတဲ့ ခုတင်ဘေးမှာ ခေါင်းစိုက်ကာ ထိုင်နေ လေတော့သည်။



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## နိဂုံး

"ကို ... ညီမလေး နဒီဆီသွားရအောင်နော်"

"ကိုယ်မသွားချင်ဘူး ထိပ်ထားရယ် ... နဒီရဲ့အကြည့်တွေကို ကိုယ်မခံနိုင်ဘူး"

"ဘာလို့လဲ ကိုရယ် ... ညီမလေးနဒီက ကိုကိုတအားချစ်ရှာပါတယ်"

ထိပ်ထားကို ဘယ်လိုရှင်းပြရမလဲ စိတ်ကျန်းမာရေးဆေးရုံမှာ ကုသမှုခံနေတဲ့ နဒီကို သူဆေးရုံသွားကြည့်တိုင်း ကြည့်တဲ့မျက်လုံးတွေရဲ့ ဒဏ်နဲ့ နဒီရဲ့မျက်လုံးတွေကို သူဘယ်လိုမှ မခံစားနိုင်တော့ ...

ချစ်သူရဲ့အမှတ်တရ ခန္ဓာအစိတ်အပိုင်းတစ်ခုက သူ့ဘဝတစ်လျှောက်လုံးကို လှောင်ရယ်နေမှာပဲလေ ...

ချစ်သူကို ချစ်သူနဲ့ထပ်တူ အစားရခဲ့ပေမယ့် ... တစ်ခါက ချစ်သူကတော့ ... နာကြည်းနေမှာပဲလေ ...

မတတ်နိုင်ပါ ... လောကမှာ ကံကောင်းတတ်တဲ့သူတွေကို အများက အားကျပေမယ့်၊ သူတို့ရင်က အမှန်တကယ်ဆန္ဒကိုတော့ နားလည်နိုင်မှာ မဟုတ်ပါဘူးလေ ...

---

ရိုရင့်အောင်စာပေ

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"ကို ဘာတွေစဉ်းစားနေတာလဲ … အိမ်ရောက်ပြီ"

ထိပ်ထားရဲ့သတိပေးစကားကြားမှ ခြံထဲသို့ကားကိုကွေ့ဝင်လာခဲ့သည်။

လက်ထပ်ထားတာ သိပ်မကြာသေးတဲ့ ချစ်ဇနီးလေးထိပ်ထားက သူ့ကိုပြုံးပြုံးလေး စိုက်ကြည့်ပြီး …

"ထိပ်ထားရဲ့မျက်နှာထဲမှာ ကိုအချစ်ဆုံးက ဘာလဲဟင်"

"မျက်လုံး … မျက်လုံးပဲလို့ … "

သူ့အဖြေမပေးတော့ဘဲ …

"ထိပ်ထားရဲ့အပြုံးကို အချစ်ဆုံးပဲ"

"ကိုလူလည် ထိပ်ထား စိတ်ကောက်လို့မရအောင်ပြောတယ်"

"ဟား … ဟား … ဟား"

ရယ်သံတချို့က သူတို့နှစ်ယောက်ရဲ့ကြားကနေ မိုးကောင်းကင်ထိ လွင့်ထွက်သွားလေတော့သည်။

ပြီးပါပြီ။

ကန်လေးမိုးက ဖွားလောက်ကြီး



BURMESE CLASSIC .com

www.burmeseclassic.com